

မိတ်ဆွေစာပေ
သရဲအတိုက် ဘီလူးအတိုက်
မှ
ဗထဲဝါ
ကေနှပင်း

## ပုံနှိပ်မှတ်တမ်း


ပထမအကြိမ် - ၂၀၁၉ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၇၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - လောကသစ္စာ
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးဇာင်ဌေးအောင် (၀၁၃၃၄)
သုံးလောကစာပေ၊ အမှတ် (၂၁)အေ၊
မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊
အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး (မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ် (၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။



ကောန်မင်း ၃၉၈.၂
သရဲအတိုက် ဘီလူးအတိုက်နဲ့ မဖဲဝါ
ရန်ကုန်၊
သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၁၉။
၂၀၀ - စာ၊ ၁၂ × ၁၈ စင်တီ


မိတ်ဆွေစာပေ




# သရဲအတိုက် ဘီလူးအတိုက်နဲ့ မဖဲဝါ

❖ ကောန်မင်း ❖

မိတ်ဆွေစာပေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တမ္ဘွေခေါ်သံ | ၅ |
| ၂။ | သရဲမြင်သူများ | ၄၄ |
| ၃။ | သရဲအတိုက် ဘီလူးအတိုက်နဲ့ မဖဲဝါ | ၇၃ |
| ၄။ | ဆေးလိပ်ကြိုက်တဲ့သရဲ | ၁၀၁ |
| ၅။ | ဝါးနက်ချောင်းက တစ္ဆေသားအမိ | ၁၂၀ |
| ၆။ | ရေစက်ကိုယ်တိုင်ချသည့် ဝိညာဉ် | ၁၄၈ |
| ၇။ | အလောင်းအစားဝါသနာ | ၁၇၇ |




# တစ္ဆေခေါ်သံ

တောင်ဥက္ကလာ ဆယ့်တစ်ရပ်ကွက်တွင် မသဇင်နှင့်ကိုဝေဦးတို့ နှစ်ထပ်တိုက်ကြီးက ပေရှစ်ဆယ် ပေတစ်ရာအတွင်း သစ်ပင်ကြီးများကြားမှာအထီး တည်ရှိနေသည်။ ဥက္ကလာ စတည်းကတည်းက ထောင့်ကျကျခြံကိုဝယ်ထားသည့်အတွက် ခြံကျယ်ကြီးဖြစ်နေသည်။

ခြံအတွင်းမှာ သရက်၊ ပိန္နဲ၊ ပိတောက်၊ ကုက္ကိုစသည့်အပင်ကြီးများ များပြားစွာ စိုက်ထားသဖြင့် ခြံအလယ်မှ အိမ်ကြီးကိုပင် အပြင်က ရှင်းရှင်းလင်းလင်း မမြင်ရ။

ထိုအိမ်နှင့်ခြံကို ကိုဝေဦးက လွန်ခဲ့သည့်ဆယ်နှစ်က ပြန်ဝယ်ခဲ့ပြီး အိမ်ဟောင်းကိုဖြိုချကာ တိုက်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခင်အိမ်ကသစ်သားအိမ်ကြီး ဖြစ်သည်၊ အိမ်က လူနေလို့မရ

အောင် ဖြိုးပျက်နေပြီဖြစ်၍ ခြံကိုသာအဓိက ဝယ်လိုက်ခြင်းဖြစ်သည်။

လူပျိုဘဝကတည်းက အလုပ်ထွက်လုပ်နေခြင်းဖြစ်ကာ အလုပ်လုပ်၍ ငါးနှစ်အရောက် ငယ်ချစ်ဦးမသဇင်နှင့် လက်ထပ်ခဲ့သည်။

သူစုဆောင်းထားသောငွေနှင့် အိမ်ဟောင်းကြီးကိုဝယ်ပြီး အိမ်သစ်ဆောက်ပေးခဲ့သည်။

မသဇင်လည်း ဘွဲ့ရပြီးပြီမို့ ခင်းပွန်းသည်ရှိရာ လိုက်ပြီးအလုပ်လုပ်ခဲ့သည်။

ဂျပန်မှာ အလုပ်လုပ်ရင်း သမီးတစ်ယောက် သားတစ်ယောက် ထွန်းကားခဲ့သည်။

သူ့အလုပ်က ဂျပန်တက္ကသိုလ်မှာ မြန်မာစာဌာနမှူးအဖြစ် လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာစာဌာနမှူးအဖြစ် လေးနှစ်လုပ်ကိုင်ခဲ့ပြီး အငယ်ဆုံးသမီးလေး တစ်နှစ်အရောက်မှာ အလုပ်မှအပြီးတိုင်ထွက်၍ ရန်ကုန်သို့ ပြန်လာခဲ့တော့သည်။

ကိုဝေဦးကတော့ အလုပ်အကိုင်လည်းကောင်းသလို အရာရှိအနေနှင့် လုပ်ကိုင်ရသည့်အတွက် လုပ်နိုင်သမျှလုပ်ဦးမည်ဆိုကာ ရန်ကုန်သို့ ပြန်မလိုက်ပဲ ဂျပန်မှာဆက်နေထိုင်ခဲ့သည်။

မသဇင်လည်း ရန်ကုန်ပြန်ရောက်ပြီး ပညာရေးသုတေသနဌာန





မှာ အလုပ်ဝင်လုပ်ခဲ့သည်။

သားကြီးကို ကျောင်းကောင်းကောင်းမှာ ထားပေးခဲ့သည်။

သားကြီးဒုတိယတန်းအရောက် သမီးငယ်ကိုကျောင်းစအပ်ဖြစ်သည်။

မသဇင်အလုပ်ကအပြန်သားနှင့် သမီးကိုကားနှင့် တစ်လှည့်စီဝင်ကြိုသည်။

အသွားကို ကျောင်းဖယ်ရီကားနှင့်ပို့သည်။ အပြန်မှာ အချိန်ပိုင်း ကျူရှင်ပို့ပေးရသဖြင့် ဖယ်ရီနှင့်မပြန်ဖြစ်တော့ မသဇင်အလုပ်ကပြန်ချိန် နှင့် သားကြီးသမီးငယ် သင်တန်းပြီးချိန် သိပ်မကွာသည့်အတွက် ညနေပိုင်း သားနှင့်သမီးကို လှည့်ပတ်ခေါ်ရသည်။

အိမ်ကိုပုံမှန်ညခြောက်နာရီကျော်မှသာ ပြန်ရောက်တော့သည်။

မိုးတွင်းသို့ ရောက်လာခဲ့သည်။

သားကြီးက မိုးချုန်းသံဆို အိပ်မပျော်ဘဲ ထထလန့်သည်။ မိုးရွာပြီဆို သားကြီးအနီးအဖော်သွားပြုပေးရသည်။ သားကြီးကုတင်ဘေးမှာ ကုလားထိုင်ဆွဲပြီးထိုင်ကာ ပုံပြင်တစ်ပုဒ်ဆုံးအောင် ဖတ်ပြရသည်။

တစ်ခါတစ်ရံ တစ်ပုဒ်ဆုံးသည့်တိုင် အိပ်မပျော်သေးသည့်အတွက် နောက်တစ်ပုဒ်ကိုဆက်ပြီး ဖတ်ပြရသည်။ တစ်ခါတစ်ရံတော့ တစ်ပုဒ် မဆုံးသေး အိပ်ပျော်သွားတတ်သည်။

သားကြီးအိပ်ပျော်သွားမှ စာအုပ်ကိုပိုရှိအတွင်းထည့်ပြီး မီးမှိန်မှိန် လေးဖွင့်ပေးထားကာ အပြင်သို့ထွက်ခဲ့သည်။ သမီးငယ်က မိခင်ဖြစ်သူနှင့် အတူအိပ်သည်။

သမီးကအမြဲတမ်းစောစော အိပ်ပျော်သွားလေ့ရှိသဖြင့် အစ်ကိုဖြစ်သူအား ပုံပြင်ဖတ်ပြသည်ကိုပင်မသိ။

အကယ်၍သိခဲ့လျှင် သူ့ကိုပါဖတ်ပြခိုင်းမည်ထင်သည်၊ သားကြီးကတော့ လျှပ်စီးလက်ခြင်း မိုးချုန်းခြင်းတို့ကို အမြဲကြောက်လန့်နေတတ်သူဖြစ်သည်။

မိုးကာလရောက်တိုင်း သူ့ကိုအမြဲ ဂရုစိုက်ခဲ့ရသည်။ မိုးကာလဖြစ်ပေမယ့် ရာသီဥတုက သာသာယာယာရှိခဲ့သည်။ ကျောင်းပိတ်ရက်မှာ သမီးငယ်က တိရစ္ဆာန်ရုံပို့ရန် ပူဆာသလိုသားကြီးက ရုပ်ရှင်လိုက်ပြရန် ပူဆာခဲ့သည်။

“ကဲ … မနက်စောစော စားသောက်ပြီးတာနဲ့ အမေကိစ္စတစ်ခုနဲ့အပြင်သွားဦးမယ်၊ နေ့လယ်စာစားပြီးရင် မေမေသားနဲ့သမီးကို တိရစ္ဆာန်ရုံလိုက်ပြမယ်”

“ညနေရောက်မှ ရုံထဲကပြန်ထွက်ကြမယ်၊ ပြီးရင် သားကြည့်ချင်တဲ့ ရုပ်ရှင်ဝင်ကြည့်ကြမယ်”

“ရုပ်ရှင်ရုံထဲက ပြန်ထွက်ပြီးရင် မြို့ထဲမှာ ညစာဝင်စားကြမယ်၊





ကဲ … အားလုံးသဘောတူလား”

“တူတယ်”

“တူတယ်”

“မေမေက ဘယ်တော့သွားပြီး ဘယ်အချိန်ပြန်လာမှာလဲ”

“မေမေ ဝါဆိုသင်္ကန်းကပ်တဲ့အလှူကို မသွားမဖြစ်သွားရဦးမယ် အဲဒီကပြန်ရောက်တာနဲ့ သားနဲ့သမီးကို နေ့လည်စာကျွေးပြီး တိရစ္ဆာန်ရုံသွားကြမယ်”

“မေမေ စောစောပြန်ခဲ့နော်”

“သူတို့က မနက်ဆွမ်းကပ်တာဆိုတော့ မေမေရောက်ပြီးတာနဲ့ မကြာခင်ပြန်လာမှာပေါ့”

“ကဲ … သားနဲ့သမီး မျက်နှာသစ်ပြီးပြီဆိုတော့ မုန့်စားရအောင် ထမင်းစားခန်းထဲ သွားကြမယ်”

မသဇင်လည်း ကလေးနှစ်ယောက်ကို အိမ်နေလက်ထဲအပ်ပြီး မိတ်ဆွေတစ်ယောက် ဖိတ်ထားသော ဝါဆိုသင်္ကန်းအလှူသို့ ထွက်လာခဲ့သည်။

အလှူမှာ ကြက်ဆီထမင်းကျွေးသည့်အတွက် ရောက်ရောက်ခြင်း မစားသေးဘဲ ပြန်ကာနီးမှပင် ဝင်စားခဲ့သည်။

အိမ်ကိုမသဇင်ပြန်ရောက်တော့ ဆယ်နာရီခွဲပြီ။ ကလေးများက

နေ့လည်စာကို အိမ်မှာမစားပဲ တိရစ္ဆာန်ရုံထဲမှာစားမည်ဟု အရေးဆိုနေသဖြင့် ကလေးနှစ်ယောက်အတွက် စားစရာများယူသွားရန် စီစဉ်ရတော့သည်။

အမိနာကလည်း လိုလေသေးမရှိအောင် ခြင်းထဲမှာ ထည့်ပေးသည်။ ကားပေါ်ကိုသယ်တင်ပေးသည်။ ခင်းထိုင်ရန်အတွက်လည်း ပါသည်။

"ကဲ ... အမိနာ အစ်မတို့သွားမယ် အိမ်ကိုသော့တွေ သေချာပိတ်နော်"

"ဟုတ်ကဲ့ ... မမ"

အမိနာကလည်း အသက်သုံးဆယ်ကျော်ရုံ သာရှိသေးသည်။ မသဇင်အောက် ငါးနှစ်ငယ်သည်။ ကလေးမရှိ အိမ်ထောင်ပျက်ထားသူဖြစ်၍ နောက်ကြောင်းရှင်းသည်။

မသဇင်တို့ကား တိရစ္ဆာန်ရုံသို့ရောက်လာသည်။ ကလေးတွေသွားချင်သည့် နေရာစုံလိုက်ပို့လိုက်သည်။

နေ့တစ်နာရီကျော်မှ နေ့လည်စာစားကြသည်။ ညနေလေးနာရီခွဲမှ တိရစ္ဆာန်ရုံထဲမှ ပြန်ထွက်လာခဲ့ကြသည်။ အအေးဆိုင်မှာ ခဏထိုင်ကြည့်ပြီး သမ္မတရုံမှာ ရုပ်ရှင်ဝင်ကြည့်ကြသည်။

ရုပ်ရှင်ရုံကထွက်တော့ မှောင်နေပြီ၊ မိုးကလည်း သည်းသည်း





မည်းမည်းရွာချနေသည်။

ညစာစားပြီးမှ ပြန်လာမည်ဟုမှာထားခဲ့သဖြင့် မြို့ထဲသို့ ကားကို ဦးတည်ပြီးမောင်းထွက်လာခဲ့သည်။

သားကြီးစားချင်သည်ဆိုသော ပန်းသေးခေါက်ဆွဲဆိုင်သို့ ဝင်ခဲ့ကြသည်။

ပန်းသေးခေါက်ဆွဲစားပြီး ပြန်တော့ ညခုနစ်နာရီထိုးပြီး ကားကို သမ္မတရုံဆက်မောင်းလာခဲ့သည်။ ရွှေဂုံတိုင်ဘက်က မသွားတော့ပဲ ဒိုလ်ချုပ်ကြေးရုပ်ဘက်က ဖြတ်ထွက်ပြီးဗိုးစိန်လမ်းထဲဝင်ကာ ကျိုက္ကဆံလမ်းမှပြန်ရန် ဆုံးဖြတ်လိုက်သည်။

ထိုလမ်းကြောက ကားရှင်းသည်။ ကျောက်ကုန်းအထိတစ်ဖြောင့်တည်း ဖြစ်သည်။ မိုးက မရပ်သေးရွာကောင်းတုန်း ရှိသေးသည်။

ကန်တော်ကြီးနတ်မောက် စက်မှုကျောင်းအလွန် ဗိုးစိန်လမ်းထိပ်မှာ ကားတစ်စီးပျက်ပြီး အဝင်လမ်းပိတ်နေသဖြင့် ရှေ့သို့ဆက်မောင်းလာခဲ့သည်။

"ခုန်း"

နောက်မှ အရှိန်နှင့် ကျော်တက်လိုက်သော ကားကမလွတ်ပဲ မသဇင်ကားကို သူ၏ကားဘော်ဒီနှင့် ဝင်ရိုက်မိသွားသည်။

မသဇင်ကားလည်း အနိမ့်ဖြစ်နေသော လမ်းဘေးကလက်

ဖောင်းကိုကျော်ပြီး ကန်တော်ကြီးစောင်းမှာ တစ်ပတ်လည်ကာ မှောက်သွားတော့သည်။

ရေထဲကို ကားပက်လက်အနေထားနှင့် မြုပ်ဆင်းသွားသည်။

တိုက်သွားသောကားက ရပ်မပေးပဲ မောင်းသွားသည်၊ နောက်မှ ကားတစ်စီးမှပါမလာ။

မသဇင်လည်း ခါးပတ်ကို အတင်းဖြုတ်ရသည်။ လူကဇောက်ထိုးဖြစ်နေသည်။

သမီးငယ်ကရေထဲ ယက်ကန်ယက်ကန်ဖြစ်ကာ ရေမွန်းနေပြီး အကြီးကောင်ကျော်ကျော်က ခါးပတ်ကိုဇောက်ထိုးဖြစ်နေသဖြင့် ဆွဲမဖြုတ်တတ်။

မသဇင်ခါးပတ်ဖြုတ်သွားပြီးနို့ တေးကတံခါးကို အတင်းဖွင့်လိုက်သည်။ ရေဖိအားနည်းသည့်အတွက် အားအနည်းငယ်စိုက်ရုံနှင့် ပွင့်သွားတော့သည်။

သမီးငယ်ကို အရင်ဆွဲထုတ်ပြီး ကန်ဘောင်ပေါ်တင်လိုက်သည်။

"ကို ... ကိုကြီးကို မေမေသွားခေါ်ဦးမယ်၊ မကြောက်နဲ့ဟုတ်လား"

သမီးငယ်ကအတင်းဖက်တွယ်ထားသည့်အတွက် လက်များကို ဖယ်ချကာ ရေထဲပြန်ဆင်းခဲ့သည်။ ရေထဲမှာ သားငယ်ကိုတွေ့လိုက်





သည်။ ခါးပတ်ကြိုးက လူဝိတ်ဖိထားသည့်အတွက် တင်းကြပ်နေသည်။ မသဇင်လည်း ရေထဲမှာကြာနေပြီဖြစ်သော သားကျော်ကျော် အတွက်စိုးရိမ်ကာ ကြောက်ကြောက်လန့်လန့်နှင့် ဆွဲဖြုတ်နေသဖြင့် ချက်က မဖြုတ်နိုင်ပဲ တင်းခံနေသည်။

ထိုစဉ်ကမ်းပေါ်မှ လူတစ်ယောက်ဆင်းလာပြီး သားကြီးကို အတင်းဆွဲခေါ်တော့သည်။ ခါးပတ်ကြိုးမဖြုတ်ပဲ ထိုလူနောက်သားကြီး သွားသဖြင့် ကားထဲမှအပြင်သို့ ပြန်ထွက်လိုက်သည်။

ကန်ဘောင်ပေါ်မှာ ကားနှစ်စီးရပ်ထားပြီး လူခြောက်ယောက်ခန့် ရှိနေသည်။

"ကားကိုနောက်က ကျော်တက်ပြီး တိုက်ချသွားတာ သားကြီး ဘယ်လိုနေသေးလဲ"

ကျော်ကျော်ကိုဆယ်ထားသောလူက ပခုံးပေါ်ကမချသေးပဲ ရေများအန်ထွက်အောင် လုပ်နေသည်။

ပါးစပ်ထဲက ရေအနည်းငယ်သာပြန်ထွက်လာသည်။ ပလက် ဖောင်းပေါ် ပက်လက်ချပြီး နှလုံးအလုပ်လုပ်ရန် ပြုစုနေသည်။

"ကျွန်မသားလေးကို ကယ်ပေးကြပါ"

"သား ... သားမသေရဘူး"

"အစ်မ ... အတင်းဆွဲမနေနဲ့ ကလေးနှလုံးရပ်နေတယ်

ပြုစုတာခဏစောင့်ပေး”

ထိုလူကပြောလည်းပြော သားကြီးကျော်ကျော်ကို နည်းမျိုးစုံနှင့် နှလုံးခုန်အောင် လုပ်ပေးပေမယ့် ထူးခြားမလာ၊ ဆယ့်ငါးမိနစ်ခန့်ကြာတော့ လက်လျှော့စကားပြောလာသည်။

“မရတော့ဘူးအစ်မ အစ်မကလေး ရေမွန်းပြီး ဆုံးသွားပြီ”

မသဇင် အရုပ်ကြိုးပြတ်လဲကျသွားရသည်။ ရဲများလည်း ရောက်နေပြီ။

မသဇင်သတိရတော့ ဆေးရုံပေါ်ရောက်နေသည်။ သမီးငယ်ကို ဆရာဝန်အမျိုးသမီးတစ်ယောက်က ခေါ်ထားပေးသည်။

“ကျွန်မဘယ်လောက်ကြာအောင် မေ့နေတာလဲ ဆရာမ”

“ဆေးရုံပေါ်မှာ တစ်နာရီခွဲလောက်ပဲ ကြာပါတယ်”

“ကျွန်မဘာမှမဖြစ်တော့ဘူးဆိုရင် ဆေးရုံကဆင်းချင်ပါတယ် သမီးလေးရော”

“အစ်မသမီး ဆရာမတွေအခန်းထဲမှာ ရှိပါတယ်”

“ကျွန်မသားလေးကို ဘယ်ကိုသယ်သွားပြီလဲ”

“ဒီဆေးရုံက အအေးတိုက်မှာ ပို့ထားလိုက်ပြီး မနက်မှလုပ်စရာရှိတာလုပ်ပေါ့”

အချိန်က ဆယ့်နှစ်နာရီထိုးတော့မည်။





“ကျွန်မတက္ကစီငှားပြီး အိမ်ပြန်တော့မယ် ဆင်းခွင့်ပြုပေးကြပါရှင်”

ထိုစဉ် တာဝန်ကျဆရာဝန် ရောက်လာသည်။

“ဒီအချိန်ပြန်လွှတ်လို့မဖြစ်ဘူး ညီမ မနက်စောစောပြန်လို့ရအောင်လုပ်ပေးမယ်”

“ကျွန်မသမီးလေး ဒီအချိန်အိပ်ချင်နေလောက်ပြီ၊ သူ့ကိုခေါ်ပေးပါဆရာမရယ်”

“သမီးလေးက ဒေါက်တာတို့နားနေခန်းထဲမှာ အိပ်ပျော်နေပြီ၊ သူလေးလည်း အတော်ကြောက်သွားတဲ့ပုံပဲ။ စကားတောင်သိပ်မပြောနိုင်ဘူး၊ ဆေးတစ်လုံးသောက်ပြီး အိပ်ပျော်သွားတာပဲ”

“ဒီမှာပဲစိတ်ချလက်ချအိပ်လိုက်၊ ဒီအထူးသီးသန့်ခန်း ဘယ်သူအနှောက်အယှက်မပေးဘူး၊ ကိစ္စရှိရင် ဒီလေးကိုနှိပ်လိုက် သူနာပြုဆရာမဝင်လာလိမ့်မယ်”

ဒေါက်တာက စမ်းသပ်စစ်ဆေးပြီး အပြင်ပြန်ထွက်သွားသဖြင့် သမီးအတွက် စိတ်အေးကာ သားအတွက်ယူကြုံးမရစွာ ငိုးစားရင်း ရှိုက်နေမိသည်။

“မေမေသားကို မကယ်နိုင်လိုက်တာ ခွင့်လွှတ်ပါသားရယ် မေမေ့ကို ခွင့်လွှတ်ပေးပါ”

မသဇင်လည်း ပြောလိုက်ပိုလိုက်နှင့် အချိန်တို့က တဖြည်းဖြည်း ကုန်ဆုံးသွားသည်။ နှစ်နာရီကျော်မှ မေးကနဲအိပ်ပျော်သွားသည်။

မနက်ခုနစ်နာရီခန့် သမီးလေးမိုးမိုးနှင့် သူနာပြုဆရာမလေး အခန်းထဲဝင်လာသည်။

"မေမေ မေမေ ထတော့"

"အော် ... သမီးလေး နိုးပြီလား မေမေနိုးပြီ"

"မမ နေလို့ကောင်းပြီလား"

"ဟုတ်ကဲ့ ဆရာမ ဘာမှမဖြစ်တော့ပါဘူး ဆေးရုံကဆင်းလို့ ရအောင် စီစဉ်ပေးပါ"

"ဆရာမကြီး ခွင့်ပြုချက်ယူပြီး လာအကြောင်းကြားပါ့မယ်"

သူနာပြုဆရာမလေးအပြင်ထွက်သွားသည်။

ဆရာမကြီးခွင့်ပြုချက်ရသည်နှင့် ကျသင့်ငွေရှင်းကာ ဆေးရုံမှ သားအမိနှစ်ယောက် ပြန်လာခဲ့သည်။

သားကြီးကိစ္စနှင့် ကားကိစ္စကို သမီးငယ်အား အိမ်မှာပြန်ထားပြီး တစ်ခေါက်ပြန်လာရဦးမည်၊ ကိုဝေဦးထံကို အိမ်ရောက်မှ ဖုန်းဆက် အကြောင်းကြားရမည်။

ညက သားကိစ္စထူပူနေသည့်အတွက် ဖုန်းလည်းကားထဲမှာ ကျန်ခဲ့သည်။ ရေထဲနာရီပေါင်းများစွာ နှစ်မြုပ်နေသည့်အတွက်





ပျက်ပြီထင်သည်။

အိမ်ကိုပြန်ရောက်တော့ အမိနာနှင့် ဘကြီးသိန်းဖေတို့က စိတ်ပူစကားဆိုလာသည်၊ မသဇင်ရှင်းပြလိုက်သည်။

"အိမ်ကဖုန်းနဲ့ အမိနာရော ဘကြီးရော မကြာမကြာဆက်တာ ခေါ်မရဘူးဖြစ်နေတယ်၊ ကျော်ကျော်လေးအတွက် စိတ်မကောင်း လိုက်တာ"

မသဇင်လည်း စကားပြန်မဆိုတော့ပဲ အိမ်ထဲတန်းဝင်လာခဲ့သည်။ အမိနာလည်း အငှားကားဘေးမှာ သယ်စရာရှိသည်ထင်ပြီး အနား သွားပေမဲ့ သားအမိနှစ်ယောက်အပြင် မည်သည့်ပစ္စည်းမှအပိုပါမလာ သည်ကို သိလိုက်ရသည့်အတွက် တံခါးပိတ်ပြီးခြံထဲ ဝင်လာခဲ့သည်။

အိမ်ဖုန်းက ပြည်တွင်းပြည်ပဆက်၍ ရသည့်အတွက် ကိုဝေဦး ထံ အကျိုးအကြောင်းရှင်းပြပြီး ခွင့်ယူ၍မြန်မြန်ပြန်လာရန် ပြောလိုက် သည်။

ကိုဝေဦးက သူတို့ကုမ္ပဏီလက်ခွဲမှာ ကနေဒါနိုင်ငံ၌ရှိသည့် အတွက် ကနေဒါနိုင်ငံကိုသွားရန် စီစဉ်ပြီးဖြစ်၍ ကနေဒါနိုင်ငံရောက်မှ ခွင့်တင်ပြီး ပြန်လာမည့်အကြောင်း ပြန်ကြားလာသည်။

မသဇင်လည်း သား၏ကိစ္စကို ဖခင်၏အကူအညီရရှိရန် မလွယ် ကြောင်း သဘောပေါက်သွားသည်။ ကနေဒါမှ ခွင့်ပြုချက်ကျမှပြန်လာ

လျှင် အနည်းဆုံးတစ်လနီးပါးတော့ကြာဦးမည်။ သားလေးတစ်လပြည့်မီပါစေတဲ့သာ ဆုတောင်းပြီး အပြင်ပြန်ထွက်ရန် စိစဉ်ရတော့သည်။

သမီးငယ်ကို အမိနာနှင့်အပ်ပြီး သားကိုစွအဝဝ စီစဉ်ရန် အပြင်ပြန်ထွက်ခဲ့သည်။ သတင်းစာတိုက်သို့လည်း သွားရသည်။ မသဇင် မိတဝွေက မန္တလေးမှဖြစ်သလို ကိုဝေဦးမိတဆွေမျိုးများက ရွှေဘိုမှဖြစ်သည်။

အားလုံး ညဘက်မှရောက်လာကြမည်ဖြစ်သည်။

အိမ်ထောင်မကျခင်က မသဇင် ရန်ကုန်တက္ကသိုလ်မှာ ကထိက အလုပ်လုပ်နေချိန်ဖြစ်သည်။ သို့ကြောင့် ရန်ကုန်မှာ အခြေချရန် အိမ်ထောင်ပြုပြီးသည်နှင့် အိမ်ဝယ်ခြင်းဖြစ်သည်။

သားကြီးကျော်ကျော်၏ ရက်လည်ဆွမ်းသွပ်အပြီး နယ်မှရောက်လာကြသော ဆွေမျိုးများလည်း ပြန်ကြပြီ။

အိမ်မှာမူလအတိုင်း မသဇင်နှင့် သမီးလေးမိုးမိုး အမိနာခြံစောင့်ကြီး ဘကြီးသိန်းဖေသာလျှင် ကျန်ခဲ့သည်။

မသဇင် ခွင့်တစ်လယူထားသည်။ ထိုခွင့်ပြည့်လျှင် အလုပ်ထွက်စာတင်ရန်လည်း ဆုံးဖြတ်ထားသည်။

သားကြီးအတွက် ကြေကြေကွဲကွဲ ငိုလိုက်ချင်သော်လည်း





ဆွေမျိုးများ ဧည့်သည်များရှိနေခြင်းကြောင့် ထိန်းထိန်းသိမ်းသိမ်းနေခဲ့ရသည်။

ဧည့်သည်များလည်း ပြန်ကုန်ကြပြီး အထီးကျန်မှုကို သိသိသာသာကြီး ခံစားလာရသည်။

သမီးလစ်သည်နှင့် သားကြီးအခန်းထဲရောက်နေတာ သားကုတင်နားထိုင်ပြီး ပါးစပ်က တတွတ်တွတ် ပြောဆိုနေတတ်သည်။

"သားကြီးကျော်ကျော် မေမေသားကို မချစ်လို့မဟုတ်ဘူးနော် ညီမလေးကို အရင်ကယ်မိလို့ သားအသက်ဆုံးရတာ မေမေ့ကိုစိတ်မဆိုးနဲ့နော်"

"မေမေ သားကိုချစ်ပါတယ် မေမေ့ကိုခွင့်လွှတ်နော်"

"ဝုန်း" "ဂျိန်း"

အပြင်မှာ မိုးတွေသည်းလာပြီ မိုးချုန်းသံများပင် ဆက်တိုက်ပေါ်လာသည်။

"အခုလို မိုးတွေရွာ လျှက်စီးလက်လို့ မိုးချုန်းရင် သားကြီးရောက်တဲ့နေရာက ကြောက်နေမှာပဲနော် မေမေအဖော်လုပ်ပေးချင်ပေမယ့် မေမေလုပ်ခွင့်မရတော့ဘူး သားရယ် ... ဟီး ... ဟီး"

"မမ ... မမ ... အပြင်မှာ မိုးမိုးလေး အမေ့ရှာနေတယ် ဝိတ်ဖြေပါတော့ မမရယ်"

သမီးပေယ်ရှာနေသည်ဆိုသဖြင့် မျက်ရည်သုတ်ပြီး သားကြီးအခန်းမှ ထွက်လာခဲ့သည်။

"သမီးဘယ်မှာလဲဟင်"

"တီဗွီကြည့်နေတယ်၊ အမိနာလိုက်ရှာပေးမယ်ဆိုပြီး ထားခဲ့တယ်"

မသဇင်လည်း သမီးလေးမိုးမိုးရှိရာသို့ ထွက်လာခဲ့သည်။ အရုရုပ်ကို သမီးလေးမသိအောင် ဟန်ဆောင်ထိန်းရင်း သမီးနှင့်အတူ တီဗွီကြည့်နေလိုက်သည်။

ညရှစ်နာရီခန့် မိုးမိုးလေးကို အိပ်ယာထဲဝင်သိပ်ပြီး အိပ်ပျော်သွားသည်နှင့် အပြင်ပြန်ထွက်ခဲ့သည်။

အပြင်မှာ အမိနာ တီဗွီဇာတ်လမ်းတွဲ ကြည့်နေသည်။ ကိုရီးယားဇာတ်လမ်းတွဲကို အမိနာမလွှတ်တမ်း ကြည့်သည်။ ယခင်က မသဇင်လည်း ကိုရီးယားကားကြည့်သည်။ ယခုဘားစိတ်နှင့် ကိုရီးယားဇာတ်လမ်းတွဲကို မသဇင် စိတ်မဝင်စားနိုင်တော့။

အပြင်မှာ မိုးတွေရွာကောင်းတုန်း တစ်ချက်တစ်ချက် မိုးချုန်းသံလည်း ထွက်လာတတ်သည်။

ကိုရီးယားဇာတ်လမ်းတွဲပြီးသွားပြီမို့ အမိနာတီဗွီကို ပိတ်ပြီး သူ့အတွက်ပေးထားသော အခန်းဆီထွက်လာခဲ့သည်။





ကျော်ကျော်လေး အခန်းရှေ့မှဖြတ်လျှောက်စဉ် အခန်းထဲမှ သဗဒိုရိုက်နေသောအသံ စကားပြောဆိုသောအသံကို ကြားလိုက်သဖြင့် တံခါးဝမှလှည့်ကြည့်လိုက်မိသည်။

မသဇင်ကုတင်ပေါ်လက်တင်၍ ခေါင်းငုံ့ကာ ကြမ်းပြင်ပေါ်မှာ ထိုင်နေသည်ကို တွေ့ရသည်။ ပါးစပ်ကလည်း ယူကြုံးမရစွာ ပြောနေပြန်သည်။

အမိနာကြည့်ပြီး စိတ်မချမ်းသာနိုင်တော့ ...

"မမ ... မမ အိပ်လိုက်ပါလား အခန်းပြန်ပြီး အိပ်လိုက်ပါလား သေတဲ့လူလည်းသေပြီပဲ မမရယ် စိတ်ဖြေပါတော့"

"ငါဘယ်လိုမှ ဖြေလို့မရဘူး အမိနာ ငါ့ရဲ့ပေါ့ဆမှုကြောင့် သားကြီးသေဆုံးခဲ့ရတာ ငါ့ကိုခွင့်လွှတ်တယ်ဆိုတဲ့ သားကြီးပါးစပ်က ပြောသံမကြားမချင်း ငါ့ကိုယ်ငါ ခွင့်လွှတ်နိုင်မှာမဟုတ်ဘူး"

"ကျော်ကျော်လေးရဲ့ ဝိညာဉ်က သေပြီးကတည်းက ဘယ်ရောက်နေမှန်းမှမသိဘဲ မမပြောတာတွေ ကြားနိုင်မယ်မထင်ဘူး"

"ငါပြောတဲ့စကား ကြားနိုင်အောင် ငါကြိုးစားမယ်၊ ငါသေသူနဲ့ ဆက်သွယ်ပေးနိုင်တဲ့ သူရှိတဲ့နေရာ ငါစုံစမ်းပြီးသွားမယ်၊ ဟိုသေသူနဲ့ ဆက်သွယ်ပေးနိုင်တဲ့ နတ်လေချွန်ဆိုတာရှိတယ်တဲ့ ငါ အဲဒီကိုသွားမယ်"

“မမ တကယ် ကျော်ကျော်လေးနဲ့ စကားပြောချင်တာလား”

“အေး ... သားနဲ့စကားပြောခွင့်ရမယ်ဆို ဘာပဲလုပ်ရလုပ်ရ လုပ်မယ်”

“ဒါဆို ကျွန်မလမ်းညွှန်ပေးနိုင်ပါတယ်”

“ကျွန်မတို့ ဟိန္ဒူတွေဝိညာဉ်ခေါ်တဲ့နေရာကို လမ်းညွှန်ပေးနိုင်ပါတယ်၊ သစ္စာရှိမှဖြစ်မယ် မမ”

“ပြောပါ သားနဲ့တွေ့ခွင့်ရမယ်ဆို ဖြစ်ဖြစ်အောင် သွားမယ် လမ်းသာညွှန်လိုက်”

“မုံ့ပွလင်ဘူတာအထိရထားစီးပြီးသွား၊ ဘူတာမှာဆင်းပြီး ဟိန္ဒူရွာ အထိ ကားစီးသွားရမယ်၊ လိုင်းကားတော့မရှိဘူး၊ ကုန်တင်ကားတွေ ထော်လာဂျီကားတွေနဲ့ ကြုံသလိုသွားရမှာ အဲဒီရွာရောက်ရင် ဘုရားကျောင်းတစ်ကျောင်းတွေ့လိမ့်မယ်”

“အဲဒီကျောင်းဘေးလမ်းအတိုင်း နောက်ဖက်ကိုလျှောက်သွား ဆယ့်ငါးမိနစ် မိနစ်နှစ်ဆယ်လောက်ဆို ဝိညာဉ်ခေါ်တဲ့ ကျောင်းပျက်ကြီးဆီရောက်ပြီ”

“မမ ဖယောင်းတိုင်ငါးတိုင်လောက်ဆောင်သွား သွားကတည်းက ရွာထဲမှာ ညအိပ်လို့ရမယ့် အိမ်နဲ့နာမည်ကို ပြောလိုက်မယ်၊ အချိန်စောနေသေးရင် အဲဒီအိမ်ဝင်ပြီး အချိန်ဖြုန်းနေလိုက် ကျောင်းထဲ





ကိုမှောင်စပျိုးမှ ဝင်ရမှာ၊ ကျောင်းထဲမှာ ဖယောင်းတိုင်သုံးတိုင် ထွန်းထားရမယ်၊ ရန်ကုန်ကသွားရင် ဝိညာဉ်ခေါ်လို့ရအောင် မမရဲ့ သား ဘောင်းဘီနဲ့အင်္ကျီယူသွား၊ အမြဲတမ်းဝတ်တဲ့အဝတ်အစား ဖြစ်ပါစေ၊ သေသူရဲ့အရိုးပြာဆိုပိုကောင်းတယ်”

ကျောင်းထဲမဝင်ခင်လှေကားခုံပေါ်မှာ ယူသွားတဲ့ အင်္ကျီနဲ့ဘောင်း ဘီကို ချထားခဲ့ပါ၊ ကျောင်းထဲဝင်တာနဲ့ တံခါးကိုပိတ်လိုက်ရမယ်။

“ကိစ္စမပြီးမချင်းတံခါးမဖွင့်ရဘူး၊ ဖယောင်းတိုင်မီးထွန်းပြီးတာနဲ့ အထဲမှာဆုတောင်းရမယ်။ ဝိညာဉ်ခေါ်ပေးနိုင်တဲ့ အရှင်နတ်မင်း ကျွန်မရဲ့သားဝိညာဉ်နဲ့ ဆက်သွယ်ချင်လို့ ခေါ်ပေးပါလို့ပြော”

“သားရဲ့အသံမကြားမချင်းပြော အပြင်တံခါးနားကို သားရောက် လာပြီဆိုမှ ဆုတောင်းကိုရပ်လိုက် အပြင်မှာ မမရဲ့သားနဲ့ မမစကား ပြောလို့ရပြီ၊ သူတို့ခွင့်ပေးတဲ့ အချိန်လောက်ပဲ ပြောလို့ရမယ်”

“သားကိုမြင်ချင်ဇောနဲ့ တံခါးကိုလုံးဝမဖွင့်မိစေနဲ့နော်”

“မဖွင့်နဲ့ဆို ငါမဖွင့်ပါဘူး သားနဲ့စကားပြောခွင့်ရရင် ကျေနပ်ပါ ပြီ”

“မမ ကျွန်မပြောတဲ့အတိုင်းလုပ်နော်”

“အမီနာပြောတဲ့ ဟိန္ဒူရွာနာမည်နဲ့ အစ်မဝင်တွေ့ရမယ့်အိမ်ရှင်၊ သူ့နာမည်တွေ စာနဲ့ရေးပေးလိုက် ဟုတ်ပလား”

"ဟုတ်ကဲ့ မမ ညစုနစ်နာရီလောက်မှ ကျောင်းထဲဝင်ရမှာနော် အစောကြီးဝင်ရင် မမဒေါ်တဲ့ ဝိညာဉ်ကရောက်လာမှာ မဟုတ်ဘူး"

"အဲဒီကျောင်းကို အစ်မသွားရင် ရွာဘဲကလူတွေ လိုက်ကြည့်ကြမှာလား"

"အဲဒါတော့ စိတ်ချ ဝိညာဉ်နဲ့တွေ့ဖို့သွားမယ်ဆိုကတည်းက ဘယ်သူမှမလိုက်ဘူး၊ လိုက်လို့မရဘူးဆိုတာလည်း သူတို့အားလုံး သိကြတယ်"

"ဒါဆို မနက်ဖြန်ပဲ အစ်မသွားမယ်၊ မိုးမိုးကို အမိနာနဲ့ ထားခဲ့မယ်၊ ညအိပ်ရင် မေမေ အလုပ်ကနောက်ကျမယ် အရင်အိပ် နှင့်ဆိုပြီး သိပ်လိုက်၊ သမီးငယ်က အိပ်ပြီဆို မိုးလင်းမှနိုးတယ်"

"သူနိုးလို့ အစ်မကိုမေးရင် အလုပ်ကလှမ်းခေါ်လို့ အခုပဲထွက် သွားတယ်၊ နေ့ခင်းကျရင်ပြန်လာမယ်လို့ ပြောထားလိုက် ဒါဆို အစ်မခရီးထွက်သွားတာ မသိတော့ဘူး"

"စိတ်ချ မမ၊ အမိနာ မိုးမိုးလေးကို ကျောင်းအပို့အကြိုကအစ တာဝန်ယူကြည့်ရှုပေးထားပါ့မယ်"

မသဇင်လည်း အမိနာကြောင့် စိတ်လက်ပေါ့ပါးသွားကာ အိပ်ယာထဲ ဝင်သွားတော့သည်။

ပင်နွယ်ရွာကိုရောက်တော့ ညနေလေးနာရီခန့်ရှိပြီဖြစ်သည်။ အချိန်





လည်းစောသေးသည့်အတွက် လိပ်စာပေးလိုက်သည့် အိမ်သို့မသွား သေးဘဲ ရွာအဝင်က ထမင်းဆိုင်မှာဝင်ထိုင်ပြီး ညစာအတွက် ဝမ်းကိုဖြည့်ထားလိုက်သည်။ ထမင်းစားပြီး လက်ဖက်ရည်တစ်ခွက် မှာပြီး ညနေငါးနာရီခွဲခန့်အထိ အချိန်ဖြုန်းထိုင်နေလိုက်သည်။

ငါးနာရီခွဲခန့်ရောက်မှ အမိနာရေးပေးလိုက်သော အိမ်သို့ ထွက်လာခဲ့သည်။ အိမ်ရှင်နှင့်တွေ့ဆုံပြီး အမိနာလွှတ်လိုက်သည့် အကြောင်းပြောပြသည်။

အမိနာရေးပေးလိုက်သော စာကိုဖတ်ကြည့်ပြီး နေရာထိုင်ခင်း စီစဉ်ပေးသည်။

အိမ်ကသွပ်မိုးပျဉ်ကာဖြစ်သည်။ မိသားစုနည်းသည့်အတွက် မသဇင်အတွက် တစ်ညတာတည်းခိုရန် အဆင်ပြေလှသည်။ ထိုမိသားစုက ယခုမှတွေ့ပေမယ့် ရင်းရင်းနှီးနှီးရှိသည်။ ညစာအတွက် စီစဉ်ပေးမည်ဟုဆိုလာသည်။

"ကျွန်မ ရွာထိပ်က ဆိုင်မှာအခုပဲ ဝင်စားခဲ့ပြီးပါပြီ၊ အိပ်ခွင့်ပေးတာ ပဲ ကျေးဇူးတင်ပါတယ်"

"ဘယ်လိုလုပ်ရမယ်ဆိုတာ အမိနာပြောပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့ ပြည့်ပြည့်စုံစုံရှင်းပြလိုက်ပါတယ်"

"ကြောက်တတ်ရင်တော့ မသွားတာကောင်းတယ်၊ အမိက

ဆိုတော့ ဗိုညာဉ်နဲ့စကားပြောရင် တံခါးမဖွင့်ဖို့ပဲ သတိထားပေါ့ ကွယ်"

"တုတ်တဲ့ သူလည်းအသေအချာမှာလိုက်ပါတယ်"

သို့ဖြင့် အမှောင်သန်းလာသည် ခြောက်နာရီခွဲခန့်ရောက်တော့ မသဇင် မီးခြစ်၊ ဖယောင်းတိုင်များယူပြီး ဗိုညာဉ်ခေါ်သည့် ကျောင်း ဖျက်ကြီးသို့ ထွက်လာခဲ့သည်။

နေကဝင်သွားပြီ အမှောင်ရိပ်သန်းနေပြီဖြစ်သည်။ သစ်ပင်ကြီး များ မရှိသဖြင့် အမှောင်ရိပ်ကြီးမားစွာ မဖြစ်ပေါ်သေး၊ ရွာပြင်သို့ငါး မိနစ်ခန့်လျှောက်တော့ ဘုရားကျောင်းကို တွေ့လိုက်သည်။

ဘုရားကျောင်းဘေးလမ်းအတိုင်း နောက်ဘက်သို့ ဆက် လျှောက်ခဲ့သည်။ တစ်လမ်းလုံးလူတစ်ယောက်မှမရှိ၊ ဘုရားကျောင်း မှာပင် လူစောင့်မရှိ။

ဘုရားကျောင်းမှ ဆယ်ငါးမိနစ်နီးပါး လျှောက်လာခဲ့စဉ် အမှောင် ရိပ်အောက်မှာ ရေညှိများတက်နေသော အုတ်ကျောင်းကြီးကို တွေ့လိုက်သည်။

အင်္ဂတေများကွာကျနေသည်မှလွဲပြီး အမိုးအဲကာနှင့် တံခါးချပ် များ လုံလုံခြုံခြုံရှိနေသေးသည်။

တံခါးဝလျှောက်ရောက်သည်နှင့် ပါလာသောအကျီနှင့် သောင်းဆီကို





ချထားလိုက်သည်။ တံခါးဖွင့်ပြီးအတဲဝင်လိုက်သည်။

တံခါးဖွင့်စဉ်အထဲကို အလင်းအချို့ရောက်ရှိသွားသဖြင့် အခန်းဖွဲ့ စည်းပုံကို မြင်လိုက်သည်။

တံခါးဝမှင့် မျက်နှာချင်းဆိုင်အတွင်း နံရံနှင့်ကပ်၍ ကြောက်စရာ ကောင်းသောသရဲလိုလို ရုပ်တုကြီးကိုတွေ့လိုက်သည်။ ထိုရုပ်တုကြီး ၏ လက်နှစ်ဖက်က လူတစ်ယောက်ကို ပွေ့ပိုက်ထားသည်။ ထိုပွေ့ပိုက်ခံထားရသူကလည်း ရိုးရိုးလူပုံမဟုတ် လူသေတမ်ကောင် ပုံစံမျိုးဖြစ်သည်။

မသဇင်အတွင်းအခြေအနေကြည့်ပြီး တံခါးပြန်ပိတ်လိုက်သည်။ တံခါးနှင့်ငါးပေခန့်အကွာ အခန်းအလယ်မရှိတရှိမှာ ဖယောင်းတိုင် မီးထွန်းရန် ကျောက်တုံးတစ်တုံးကို တွေ့လိုက်သည်။

ရှေးကသူကဲ့သို့ပင် လာမေးမြန်းသူများ ထွန်းထားခဲ့သော ဖယောင်းတိုင်များ အရည်ပျော်အတုံးအခဲများကို မြင်ရသည်။ သူ လည်း ဖယောင်းတိုင်သုံးတိုင်ကိုထွန်းပြီး ကျောက်တုံးမှာ စိုက်လိုက် သည်။ ဖယောင်းတိုင်မီးထွန်းပြီးသည်နှင့်

"ဗိုညာဉ်ခေါ်နိုင်တဲ့ အရှင်နတ်မင်း ကျွန်မရဲ့သား ဗိုညာဉ်နဲ့ ဆက်သွယ်ချင်လို့ ခေါ်ပေးပါ"

"ဗိုညာဉ်ခေါ်နိုင်တဲ့ အရှင်နတ်မင်း ကျွန်မရဲ့သား ဗိုညာဉ်နဲ့

ဆက်သွယ်ချင်လို့ ခေါ်ပေးပါ"

"ဝိညာဉ်ခေါ်နိုင်တဲ့ အရှင်နတ်မင်း ကျွန်မရဲ့သား ဝိညာဉ်နဲ့ ဆက်သွယ်ချင်လို့ ခေါ်ပေးပါ"

တစ်ကြိမ်ပြီး တစ်ကြိမ် ဆုတောင်းနေသည်။

"မေမေ ... မေမေ"

"ဟင် ... သားကျော်ကျော်လား"

"ဟုတ်ပါတယ် မေမေ"

သားကျော်ကျော်အသံက အနည်းငယ်တုန်ရီနေသည်မှလွဲ၍ သားအသံပင်ဖြစ်ကြောင်း မသဇင်သိလိုက်သည်။ တံခါးအပြင်ဖြစ်ကြောင်း မသဇင်သိလိုက်သည်။

"သား မေမေ့ကို စိတ်ဆိုးနေလား"

"သား စိတ်မဆိုးပါဘူး သားညီမလေးကို အရင်ကမ်းပေါ်ရောက်အောင် လုပ်ပေးလို့ သားရေနှစ်ပြီးသေရတာပါ မေမေ ညီမလေးကို အရင်ကယ်တာ မှန်ပါတယ်"

"သား မေမေ့ကို ခွင့်မလွှတ်ဘူးလို့ ထင်နေတာ"

"သား ခွင့်လွှတ်ပါတယ် သားမေမေတို့နဲ့လည်းလာနေချင်ပါတယ် ဒါပေမဲ့ သားလာခွင့်မရှိဘူး"

"သားလာချင်ရင် မေမေခွင့်ပြုမှာပေါ့ မေမေ့အိမ်ပဲ"





"မေမေသားကို လာခေါ်နေပြီ သားသွားရတော့မယ်"

"သား မေမေစကားပြောလို့မဝသေးဘူး သားမသွားနဲ့ဦးလေ မေမေနဲ့ စကားပြောပါဦး"

"မရတော့ဘူး မေမေ လာခေါ်နေကြပြီ"

"သားနေဦး မေမေနဲ့စကားပြောဦး"

မသဇင်လည်း သားပြန်ထွက်သွားရင် စကားမပြောလိုက်ရမှာစိုးပြီး အမိန့်တို့အတင်းတားသည့်ကြားက တံခါးကိုပြေး၍ ဆွဲဖွင့်လိုက်တော့သည်။

အပြင်မှာ ... ဘာမှမရှိ

"သား ... သား ... ကျော်ကျော်ဘယ်မှာလဲ အမေနဲ့စကား ပြောဦးလေ"

လှေကားအုတ်ခုံထက်မှာ ကျော်ကျော်လေး၏ ဘောင်းဘီနှင့် အင်္ကျီသာရှိသည်။

တံခါးကသူ့အလိုလိုပြန်ပိတ်သွားသဖြင့် မသဇင်လည်း ကျောင်းပျက်ကြီးမှ ထွက်လာခဲ့သည်။

အပြင်မှာရှိမည်ထင်သော သားကိုလည်းမတွေ့တော့ စကားပင် ကောင်းကောင်း မပြောလိုက်ရဘဲ ပြန်ခေါ်သွားကြသည်။

ရှစ်နာရီဝန်းကျင်ခန့် တည်းခိုမည့်အိမ်သို့ ပြန်ရောက်လာခဲ့သည်။

ညည်သူမှ သူ့အား စကားမပြောကြသလို သူကလည်း မပြောဖြစ် ဖြစ်ပေးထားသော အိပ်ယာပေါ်တုံးလုံးလှဲလိုက်သည်။

မနက်စောစောထပြီ လိုရှာမှ ပြန်ခဲ့သည်။ ရန်ကုန်ကို နေ့လယ် နှစ်နာရီလောက် ပြန်ရောက်လာသည်။

"မေမေ ... မေမေ ... ပြန်လာပြီ"

"မေမေ သိလား သမီး မနက်နိုးတော့ ကိုကို့ကို တွေ့လိုက်တယ်၊ ကိုကိုအိမ်ကို ရောက်နေတယ်"

"ဟင် ... သမီးကိုကို အိမ်ကိုရောက်နေတယ် ဟုတ်လား အခုဘယ်မှာလဲ"

"သူ့အခန်းထဲမှာ"

ထိုစဉ် အမိနာ မသဇင်နားရောက်လာသည်။

"မမ ကျွန်မမှာတဲ့အတိုင်း မလုပ်ဘူးမို့လား"

မသဇင်လည်း သူနိုးလူမိသွားသလို ဘာမှပြန်မပြောမိ။

"သူဝိညာဉ်ထိမ်းချုပ်ထားတဲ့ နေရာကလွတ်သွားပြီး ဒီကိုရောက်လာပြီး သူလာရင်း သူနဲ့အတူဝိညာဉ်တွေပါ ပါလာလိမ့်မယ်"

"ဒီအိမ်က လူတွေအတွက် မလုံခြုံတော့ဘူး"

"အို ဘာဆိုင်လို့လဲ. သားက သူ့အိမ်သူပြန်လာတာလေ"

မသဇင်လည်း အမိနာကို ထိုကဲ့သို့ပြောပြီး သားကျော်ကျော်





အခန်းရှိရာသို့ ထွက်လာခဲ့သည်။

အခန်းတံခါးကို တွန်းဝင်လိုက်သည်။

"သမီးကိုကို အခန်းထဲမှာရှိတယ်ဆို"

"ဟုတ်တယ်လေ အခုကုတင်ပေါ်မှာထိုင်ပြီး သမီးတို့ကို ကြည့်နေတယ် ကိုကို မေမေ့ကို နှုတ်ဆက်လိုက်လေ"

"လာပါသမီးရယ် မေမေစိတ်ဆိုးအောင် မဟုတ်တာတွေ မပြောနဲ့ကြားလား"

မသဇင်က သမီးငယ်လက်ကိုဆွဲပြီး သားကြီးအခန်းမှအပြင် ထွက်ရန် လှည့်လိုက်စဉ်

"ဘုန်း"

"ဟင်း"

ဗီရိုထဲမှ ပုံပြင်စာအုပ်က ဗီရိုတံခါးပွင့်ပြီး အောက်ပြုတ်ကျလာသည်။ ဗီရိုတံခါးက စရွေးကိုက်ဖြစ်သည်။ လူမဖွင့်ပဲ ပွင့်စရာ အကြောင်းမရှိ၊ သားက သူရှိကြောင်း ပြတာဖြစ်မည်။

ကလေးများက ဝိညာဉ်သရဲတစ္ဆေတို့ကို မြင်ကြတယ်ဟုမသဇင် ကြားဖူးထားသည်။ သူမတွေ့ပေမယ့် သမီးငယ်ကသူ့အစ်ကိုကို တွေ့ပေလိမ့်မည်။

မသဇင်လည်း ဘာမှတ်ချက်မှမပေးဘဲ အပြင်ပြန်ထွက်ခဲ့သည်။

ညနေပိုင်းလုပ်စရာရှိသည်တို့ကို လုပ်ကိုင်နေသည်။

သမီးငယ်လည်း နေ့လယ်စာစားပြီးကတည်းက အိပ်ပျော်သွားပြီဖြစ်သည်။ သားရောက်နေပြီဆိုသော်လည်း မသဇင်အတွက် ထူးခြားမှုမရှိ။

မိုးက ညနေပိုင်း တစိမ့်စိမ့်ရွာရာမှ အနည်းငယ်သည်းလာသည်။

ညရှစ်နာရီခန့် မိုးကြီးကြီးမားမားရွာချပြီး တစ်ချက်တစ်ချက် မိုးကြိုးထစ်သံပင် ထွက်လာသည်။

တစ်နေ့လုံးနေပူထားသဖြင့် ညဘက်မိုးရွာတော့ လျက်စီးလျက်ပြီး မိုးချုန်းခြင်းဖြစ်သည်။

မသဇင်လည်း သားအခန်းထဲပြေးဝင်ခဲ့သည်။

အပေါ်တင်ထားသော ခြင်ထောင်က လေးဘက်လေးတန်လုံး ကျနေသည်။ မသဇင်လည်း အခြေအနေကြည့်ပြီး ရပ်နေသည်။

"ဒုန်း"

နံရံနားကပ်ထားသော ထိုင်ခုံက၊ မသဇင်နားရွှေ့လာသလို မဟုတ်ဘဲ လူ မ ချလိုက်သလို ကျလာသည်။ ဗီရိုတံခါးပွင့်သွားပြီး ပုံပြင်စာအုပ်ထွက်ကျလာသည်။

မသဇင်သဘောပေါက်သွားသည်။ မှိန်မှိန်လေးဖွင့်ထားသော အခန်းမီးအစား မီးလုံးကြီးကို ဖွင့်လိုက်သည်။





အနီးရောက်လာသော ထိုင်ခုံပေါ်ထိုင်ပြီး ပုံပြင်စာအုပ်ကိုဖွင့်ကာ ပုံပြင်တစ်ပုဒ်ဆုံးအောင် ဖတ်ပြနေလိုက်သည်။

စာအုပ်ကိုပိတ်ပြီး ဗီရိုထဲပြန်သွင်းလိုက်သည်။ ခုံကို အခန်းနံရံနား ကပ်လိုက်ပြီး၊ အပြင်ပြန်ထွက်လာခဲ့သည်။

သားအခန်းထဲမှာရှိသည်ကို မသဇင်လုံးဝယုံကြည်သွားတော့သည်။ သူ့ကိုပုံပြင်ဖတ်ပြရန် ခုံချပေးသည်။ စာအုပ်ထုတ်ပေးသည်။ ပုံပြင်ဖတ်ပြလိုက်တော့ ကျေနပ်သွားပုံရသည်။ မီးလုံးကြီးပိတ်ခဲ့ပြီး မီးလုံးအသေးလေး ဖွင့်ထားပေးခဲ့သည်။

မသဇင်သားရောက်လာပြီဆိုတော့ ဒါတိုင်းလို ငိုငိုရီရီမရှိတော့ဘဲ ငြိမ်ရှေ့လာထိုင်ပြီး ကိုရီးယားကြည့်ဖြစ်သည်။

အမိနာက ဒါတိုင်းလို စကားသိပ်မပြောတော့ ကိုရီးယားကားပင် ညဘက်ထွက်မကြည့်။

အမိနာအပြုအမူကို ဂရုစိုက်မိသော်လည်း သားအိမ်မှာရှိနေသည့်အတွက် အကြောင်းမဟုတ်။

နောက်ရက်များမှာ သမီးဖြစ်သူက ကိုကိုကြီးနှင့် သူကစား၍ ပျော်ကြောင်း မိခင်ဖြစ်သူအား ပြောပြသည်။

ဒါပေမယ့် ညဘက်ရောက်တော့ ထူးထူးဆန်းဆန်းများ ကြုံလာရသည်။ လွတ်နေသောအခန်းများထဲသို့ ရိုပ်ကနဲ ရိုပ်ကနဲ ဝင်ထွက်

နေသည်ကို မကြာခဏဖြစ်လာရသည်။

လူကဲ့သို့လည်း ဝိဝိပြင်ပြင်မဟုတ်၊ မိႈခိုးသာသာအရိပ်များလို ဖြစ်သည်။

တစ်ရက်မနက်ပိုင်းသမီးလေးက မသဇင်အား မျက်နှာသေလေး နှင့် လာပြောသည်။

"မေမေ"

"ဟင် ... ဘာလဲသမီး"

"ကိုကိုကြီးက သမီးကိုမချစ်တော့ဘူး"

"ဘာဖြစ်လို့လဲ သမီးရယ်"

"ဒီလူကသမီးရဲ့သွေးကို သောက်ချင်တယ်ဆိုပြီး သမီးကို ကိုက် တယ် သမီးအော်လို့လဲမရဘူး၊ ရုန်းလို့လည်းမရဘူး"

"ဒီမှာကြည့် ကိုကိုကြီး ကိုက်ထားတာ"

"သမီးငယ်မိုးမိုးက ပခုံးမှအင်္ကျီကိုလှန်ပြသည်"

"ဟင်"

"လည်ပင်းနှင့်ပခုံးစပ်ကြားမှာ အစွယ်ရာလိုလိုသွားရာလိုလို အပေါက်များကို တွေ့လိုက်သည်။

ထိုအခါမှ သမီးကိုသေသေချာချာကြည့်မိသည်။ သမီးလေးမိုးမိုး ၏ မျက်နှာနှင့် ခန္ဓာကိုယ်မှာ သွေးဆုတ်သလို ဖြူလျော်နေသည်ကို





သတိထားလိုက်သည်။

ထိုအခါ မသဇင်သမီးကိုထားပြီး ကျော်ကျော်အခန်းရှိရာသို့ ထသွားလိုက်သည်။

ခြင်ထောင်အနားစများ အပေါ်တင်ထားသည်။

"သားကျော်ကျော် သားဘာဖြစ်လို့ ညီမလေးကို ကိုက်ရတာလဲ နောက်မလုပ်နဲ့နော် ပျော်ပျော်ပါးပါးကစားကြပေါ့"

"ခုန်း"

"ဘုတ်"

မသဇင်စကားအဆုံးမှာ ထိုင်ခုံအနားရောက်လာပြီး ဗီရိုထဲမှ ပုံပြင်စာအုပ်အောက်ကျလာသည်။

"ဒီအချိန် ပုံပြင်ဖတ်ရတဲ့အချိန်မဟုတ်ဘူးလေ ညရောက်မှဖတ် ပြမယ်"

မသဇင်ထိုင်ခုံက ထမည်ပြုစဉ်တယ်လိုမှထမရ အင်အားတစ်ခုက ဖိနှိပ်ထားသလို ခံစားလိုက်ရသည်။

"ကဲ အမေ့ကို အနိုင်မကျင့်နဲ့နော် ပုံပြင်တစ်ပုဒ်ပဲ ဖတ်ပြမယ်"

မသဇင်လည်းပုံပြင် တိုတိုတစ်ပုဒ်ကိုလှန်ပြီး ဖတ်ပြလိုက်သည်။

ပုံပြင်ဆုံးသည်နှင့် ခုံနှင့်စာအုပ်ကို ပြန်ထားပြီး ထွက်ခဲ့သည်။

မသဇင် အခန်းအပြင်ရောက်ခဲ့ပြီ၊ သူသားဖြစ်သူကို သွားတွေ့မိ

ဘာမှားပြီလားဟု စဉ်းစားမိသည်။ အခန်းတွေထဲမှာ သားအပြင် တစ္ဆေဝိညာဉ်တွေ ရောက်နေသလို ခံစားမိသည်။

ယခု သမီးငယ်ကိုပါ အန္တရာယ်ပြုလာပြီဖြစ်သည်။ သားငယ်က တော့ မောင်နှမဖြစ်သည့်အတွက် စောစောကညီမလေးကို မလုပ်ဖို့ ပြောခဲ့သည်ကို လိုက်နာမည်ထင်သည်။

အပြင်ရောက်တော့ သမီးငယ်ကို မတွေ့၍ လိုက်ရှာစဉ် အခန်း တစ်ခုထဲမှာ ရီရီမောမောပြောဆိုသံ ကြားလိုက်သည်။

"သမီးငယ် ဘာလုပ်နေလဲ"

"ကိုကိုကြီးနဲ့ ကစားနေတော မေမေ"

"ကိုကိုကြီးက ညီမလေးကို ကြင်ကြင်နာနာဆက်ဆံနော် ဟုတ်လား၊ မေမေ အပြင်မှာရှိတယ်နော်"

အသံပြုပြီး ဧည့်ခန်းသို့ထွက်ကာ ဆက်တီပေါ်ထိုင်နေလိုက် သည်။

အချိန်က တဖြည်းဖြည်းကုန်သွားသည်။ ညဘက်သို့ရောက်လာ သည်။ အိမ်ထဲမှာ ဘာမှန်းမသိသော မည်းမည်းအရိပ်များကိုလည်း မကြာခဏမြင်နေရသည်။

"ဝုန်း ... ဒုန်း"

"အမိနာ ... အမိနာ"





"ရှင် ... မမ"

"အိုးခွက်တွေကျသံကြားရတယ် ဘာဖြစ်တာလဲ"

"ဟင် ခြံထဲက ခွေးဟောင်သံပါလား အိမ်မှာ ခွေးလည်း မရှိပါဘူး"

အိမ်အပြင်ကို မှန်ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။ အချိန်က ညရှစ်နာရီကျော်ပြီ၊ ခြံထဲက မီးရောင်အောက်မှာ ရှိနိုးခွေး ထက် တစ်ဆကျော်ခန့်ရှိသော ခွေးနက်ကြီးကို မြင်လိုက်ရသည်။

ထိုစဉ် အမိနာ အပြင်ထွက်လာသည်။

"မီးဖိုထဲမှာ ဘာအိုးခွက်မှမကျဘူး မမ"

"အေး ... ထားလိုက်တော့ ဒီနားခဏလာစမ်း၊ အပြင်မှာ ခွေးကြီးတွေ့လား ဟာ ... နောက်မှာ သ ... သရဲလားပဲ"

"မြင်လား အမိနာ"

"ဟုတ်ကဲ့ မြင်တယ် မမ၊ ခွေးကြီးကိုလည်း မြင်တယ်"

မသဇင်လည်း ခွေးကြီးနောက်မှ သရဲလိုလိုအရာကို သေသေ ချာချာကြည့်မှ ဝိညာဉ်ဓါးသည့်ကျောင်းပျက်ကြီး အတွင်းမှာမြင်ခဲ့ရ သော ကြောက်စရာရုပ်တုကြီးဖြစ်သည်။

ထိုစဉ်က ကျောင်းပျက်ကြီးထဲမှာ ရုပ်တုကြီးအဖြစ်ရှိနေသည်။ ယခု ထိုရုပ်ထုကြီးက အသက်ဝင်ပြီး ခြံထဲရောက်နေသည့် နာနာ

ဘာသာအဆောင်ကြီး ဖြစ်နေသည်။

"တီး ... တီ ... တီ"

"ဝူး ... ဝူး ... ဝူး"

ဆွဲဆွဲငင်အသံကြီးက ထိုအရာကြီးဆီမှ ထွက်လာသည်ကို ချောက်ချားဖွယ် မသဇင်ကြားလိုက်သည်။

"ဝေါင် ... ဝေါင်"

"ဂီး ... ဂီး ... ဂီး"

ခွေးနက်ကြီးကလည်း ကြောက်စရာအသံကြီးနှင့် ဟန်ဖိကာ ဟောင်နေပြန်သည်။

"မမ အဲဒီ လွတ်သွားတဲ့ ဝိညာဉ်တွေကို ပြန်လာခေါ်တဲ့ တစ္ဆေခေါ်သံပဲ၊ သူတို့လာခေါ်တဲ့အချိန် မမကထည့်ပေးလိုက်မှ ဖြစ်မယ်၊ မထည့်ပေးရင် ရအောင်ခေါ်မှာပဲ၊ သူတို့ခေါ်လို့မရရင် ဒီကလူတွေကိုလည်း အန္တရာယ်ပေးပြီးမှ ထွက်သွားလိမ့်မယ်"

"အို ... ဘာဖြစ်လို့လဲ သားလေးကဒီမှာနေချင်လို့ လိုက်လာတာ သူတို့ခေါ်ချင်တိုင်းခေါ်လို့ရမှာလား"

"ပြန်ထည့်ပေးလိုက်ပါ မမရယ် အန္တရာယ်များတယ်"

ထိုစဉ် သမီးငယ်အနီးရောက်လာသည်။

"မေမေ ကိုကိုကသိပ်ဆိုးတာပဲ အတူတူကစားနေရင်းက





သမီးကို စိတ်ဆိုးပြီး ထကိုက်လိုက်တယ်"

"အမိနာ သမီးကိုကြည့်ထား အကြီးကောင်ကို မမသွားဆူဦးမယ်"

"ဟင်း ... ငါစလိုက်တဲ့မီး ငါပြန်မငြိမ်းနိုင်တော့ဘူး"

အမိနာလည်း ခေါင်းခါခါ လည်ခါခါနှင့် ပါးစပ်တစ်ပြောရင်း အငယ်မလေးကိုဆွဲကာ အိမ်အနောက်ဘက်ထွက်လာခဲ့သည်။

"သားကြီး မေမေပြောထားရက်နဲ့ ညီမလေးကို ကိုက်လိုက်ပြန်ပြီ အခုသားကိုလာခေါ်နေကြပြီ အိမ်မှာ မေမေတို့နဲ့ အေးအေးချမ်းချမ်းနေမယ်ဆိုရင် ပြန်မထည့်လိုက်ဘူး ဟုတ်လား၊ ညီမလေးကို ဘာမှမလုပ်နဲ့ မေမေသားနဲ့မခွဲနိုင်ဘူး သူတို့နောက်ကို မထည့်ဘူး"

"ခုန်း"

မသဇင်စကားဆုံးသည်နှင့် ထုံးစံအတိုင်းထိုင်ခုံက မသဇင်အနားရောက်လာသည်။ တအုပ်လည်းအနီးမှာ ကျလာသည်။ မသဇင်လည်း သားကျေနပ်စေရန် ပုံပြင်ဆုံးအောင် ဖတ်ပြလိုက်ရပြန်သည်။

ပုံပြင်ဆုံးသည်နှင့် အခန်းအပြင်ပြန်ထွက်လာခဲ့သည်။

အပြင်ပြန်ရောက်တော့ ခွေးကြီးအိမ်ထဲ ဝင်မရ၍ လှည့်ပတ်ဟောင်နေခြင်း ဖြစ်ပုံရသည်။

"လာခဲ့"

ထိုစဉ်မှာပဲ ခြံအပြင်က ကြောက်စရာအသံကြီးကို မသဇင်ကြား လိုက်သည်။

"မမရဲ့ ပါးစပ်က ခေါ်သွားပါ၊ လိုက်သွားပါလို့ ပြောလိုက်လေ"

"မေမေ သားကိုမထည့်ပါနဲ့ သားလိမ္မာပါ့မယ်"

"ဖျောက် ... ဖျောက် ... ဖျောက်"

အိမ်ထဲက မီးလုံးများ အားလုံးနီးပါး မှိတ်ကုန်သည်။ လူမမြင် ရဘဲ ကျော်ကျော်လေး၏ အသံကို မသဇင်အတိုင်းသား ကြားလိုက် သည်။

"မေမေ သားလိုက်မသွားချင်ဘူး သားမေမေတို့နဲ့ နေမယ်"

"ဟော့ ... ငါ့သားကို လာခေါ်မနေနဲ့ ငါမထည့်ဘူး"

"လာခဲ့ ... လာခဲ့"

"ငါပြန်မထည့်နိုင်ဘူး အားလုံးပြန်ကြ"

ထိုစဉ်အခန်းထဲမှ ကြောက်စရာမည်းမည်းအကောင်ကြီးများ ထွက်လာသည်။

ခြံအပြင်ကလည်း သရဲတွေ ဝင်လာကုန်ပြီ။

"မမ ... မမ ... မမရဲ့သားနဲ့ အတူပါတဲ့သရဲတွေ ထွက် လာကုန်ပြီ"

"မေမေ သရဲကြီးတွေကြောက်တယ်"





သမီးငယ်လည်း အော်ဟစ်ရင်း မျက်နှာကြီးရှင့်ထော်လာရင်း သရဲပုံပြောင်းသွားသည်။

ထို့ပြင် အမိနာ၏ ခန္ဓာကိုယ်မှာလည်း သရဲတစ်ကောင်ဝင်ရောက် ပူးကပ်သွားပြန်သည်။

ထိုစဉ် သားကျော်ကျော်၏ ဝိညာဉ်က မသဇင်ခန္ဓာကိုယ်မှာ ဝင်ရောက်ပူးကပ်သွားပြန်သည်။

အိမ်ကြီးထဲမှာ ကျော်ကျော်နှင့်အတူ ထွက်ပြေးလွတ်မြောက်လာ သော သရဲဝိညာဉ်များက တစ်ဖက်လိုက်လံခေါ်ဆောင်သော သရဲ တစ္ဆေများကတစ်ဖက်

ရန်ရင်းဆန့်ခတ် ဖြစ်နေကြသည်။

"ဘီး ... ဟီး ... ဟီး"

"မလိုက်ဘူး ... မလိုက်ဘူး ... ဒီမှာပဲနေမယ်"

အပြင်ကရောက်လာသော အုပ်စုက အင်အားသာနေသည်။ ဝိညာဉ်တို့၏ အရှင်သခင်ကြီးကလည်း မရရသည့်နည်းနှင့် ခေါ်မယ့် ပုံဖြစ်သည်။

"ဂီး ... ဂီး"

မရဏခွေးကြီးက အတင်းဝင်ကိုက်သည်။ ခွေးကြီး၏ပါးစပ်မှာ အမိနာကို ပူးကပ်ခိုဝင်နေသော သရဲလည်းမရှိမဆန့် ခံနေရသည်။

နီနီလေးခန္ဓာကိုယ်မှာ ခိုဝင်နေသောသရဲလည်း မရှိမဆန့်ခံရပြီး ခွေးကြီးပါးစပ်ထဲ ပါသွားရတော့သည်။

ဝိညာဉ်အရှင်သခင်ကြီးက ရှေ့ကိုတိုးလာပြီး မသဇင်ခန္ဓာကိုယ်မှာ ဝင်ရောက်ပူးကပ်နေသော ကျော်ကျော်၏ ဝိညာဉ်အား အပြင်သို့ ခေါ်ထုတ်သည်။

မသဇင်၏ ပြန်မလွှတ်ဘူးဆိုသော မိခင်စိတ်အင်အားကြောင့် ဝိညာဉ်သခင်ကြီး၏ တပည့်လက်သား အစေအပါးများ အလွယ်ခေါ်၍ မရနိုင်ခြင်းဖြစ်သည်။

ယခု ဝိညာဉ်အရှင်သခင်ကြီးကိုယ်တိုင် ရှေ့သို့ထွက်ပြီး ခေါ်ထုတ်သည်။ ကျော်ကျော်၏ဝိညာဉ်က ထွက်မလာ။

ဝိညာဉ်အရှင်သခင် စိတ်ဆိုးသွားသည်။ သို့ကြောင့် သူ၏ အရိုးစုခန္ဓာကိုယ်လက်ကြီးကို အပေါ်သို့မြှင့်လိုက်ပြီး မသဇင်၏ခေါင်းပေါ်မှ ရိုက်ချလိုက်သည်။

"ဝုန်း"

မသဇင်ခန္ဓာကိုယ်ထဲမှ ကျော်ကျော်လေးဝိညာဉ် ထွက်သွားသည်။ ခွေးကြီးက ကျော်ကျော်လေးဝိညာဉ်ကို ပြေးကိုက်လိုက်ပြီး ခြံထဲမှအပြင်ကို ခုန်ထွက်သွားသည်။

အိမ်ကြီးပေါ်မှာ အသက်ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော အမျိုးသမီး





သုံးယောက်၏ အလောင်းများသာ ကျန်ရစ်ခဲ့သည်။

အမိနာလည်း သူ့မိုက်ပြစ်နှင့်သူ့ဇာတ်သိမ်းသွားရသည်။ သမီးလေးမိုးမိုးလည်း သူ့အစ်ကိုဝိညာဉ်သရဲ၏ သွေးနှစ်ကြိမ်စုပ်ယူခြင်း ခံလိုက်ရသည့်အတွက် သွေးဆုတ်ပြီး သေရခြင်းဖြစ်သည်။

မိခင်ဖြစ်သူ မသဇင်က သားဇောနှင့်ဝိညာဉ်တွေကို လွှတ်မြောက်အောင်လုပ်လိုက်သကဲ့သို့ ဖြစ်သည့်အတွက် စိတ်ဆိုးပြီးလိုက်လာသော ဝိညာဉ်အရှင်သခင်က သူမ၏ဝိညာဉ်ကို နုတ်ယူသွားခြင်းဖြစ်သည်။

လွှတ်မြောက်ပြီးအိမ်ကို လိုက်လာသောဝိညာဉ်များကို လာခေါ်စဉ် အသာတကြည် ပြန်ထည့်ပေးလိုက်ပါကလည်း ယခုကဲ့သို့ အသက်ဆုံးရှုံးရအောင် ဖြစ်မည်မဟုတ်။

ဒါပေမယ့် သေသွား၍ ဝိညာဉ်ဖြစ်နေသော သားကိုပင် အသက်သေချင်သေပါစေ၊ အသက်ပေးပြီး ကာကွယ်မည်ဆိုသော သတ္တိက တုန့်ပြန်မှုမရှိသော မိဘတို့၏ မေတ္တာစွမ်းအင်ပင်မဟုတ်ပါလား။

×××××

# သရဲမြင်သူများ

ကိုစိန်ရိုးပိုင်ထန်းတောအတွင်း ထန်းရည်တဲမှာ အောင်မြင်နှင့် ကံလှတို့ ထန်းရည်သောက်နေကြသည်။

သည်နေ့ကြက်ပိုင်းမှာရှိသမျှ ပုံအောပြီး လောင်းကြသည်။ သူတို့လောင်းသည့်ကြက်က တစ်ဖက်ကြက်ရဲ့ခွပ်ချက်အောက်မှာ လည်ပင်းပေါက်ပြီး သေဆုံးသွားသည်။

သို့ကြောင့် လောင်းကြေးများအားလုံး ပါသွားခဲ့ရသည်။ နှစ်ယောက်သားလက်ထဲမှာ ပိုက်ဆံအစွန်းထွက်လေးသာ ကျန်ခဲ့သည်။

စိတ်ညစ်ညစ်နှင့် ကိုစိန်ရိုးထန်းရည်ဆိုင်သို့ ရောက်လာခြင်းဖြစ်သည်။

အချိန်ကညနေလေးနာရီခန့်သာရှိသေးသည်။ ထန်းတဲမှာဒါတိုင်း လူလေးငါးဆယ်လောက်ခန့် ရှိနေတတ်ပေမယ့် ဒီနေ့အောင်မြင်နှင့်

မိတ်ဆွေစာပေ



ကံလှတို့နှစ်ယောက်သာရှိသည်။

ထန်းရည်ဆိုင်ရောက်မည့်သူများမှာ ရွာထိပ်ကကြက်ပိုင်းမှာ ရောက်နေကြသည်။

ကံလှတို့ ထွက်လာပြီးနောက်ပိုင်း တိုက်မည့်ကြက်များ ကျန်သေးသည်။

"တောက် ... ငါတို့ဒီအပတ်ထဲမှာ ကြက်ပိုင်းလောင်းလို့ ရှုံးတာပေါ်တော်များနေပြီ ရပေါက်ရလမ်းလည်း မမြင်ဘူး"

"မင်းအကြွေးတင်သလို ငါလည်းအကြွေးနှစ်သိန်းလောက် ပေးစရာရှိသေးတယ်၊ မိသန်းအေးကလည်း ငါ့ကိုမပေါင်းတော့ဘူးပဲ ပြောနေပြီ"

"မင်းသိန်းမက မပေါင်းဘူးပဲပြောတာ ငါ့သိန်းမက ငါ့ကိုအိမ်ပေါ်က ဆင်းခိုင်းနေတာကြာပြီ"

နို့နှစ်ယောက်ကလည်း လက်ထဲပိုက်ဆံရောက်တာနဲ့ ဖဲဝိုင်းရှိရင်ရှိ၊ မရှိရင် ကြက်ပိုင်းလိုက်ရှာနေတာ မဟုတ်လား။

"ငါလည်းလူမှန်းသိကတည်းက လယ်ယာအလုပ်ကို လုံးဝစိတ်မဝင်စားဘူး။ ငါ့လိုလူမျိုးကိုယူတဲ့ မိသန်းအေးကို တကယ်သနားမိတယ်"

"နောက်ရက်တွေ ကြက်ပိုင်းသွားနိုင်အောင် အကြံထုတ်ပါဦး

မိတ်ဆွေစာပေ

ကွာ"

"အခုတော့ ထန်းရည်လေး အေးအေးဆေးဆေး သောက်လိုက်ဦးမယ် ညကျမှ ရပေါက်ရလမ်းစဉ်းစားတော့မယ်"

ထိုစဉ် သူတို့ထန်းရည်ဝိုင်းအနီး ရွာထဲကသာစိန် ရောက်လာသည်။ သာစိန်ကအောင်မြင့်တို့ ကျောင်းနေဘက်သူငယ်ချင်းဖြစ်ပေမယ့် လောင်းကစားကိုဝါသနာမပါ။

အိမ်ထောင်မကျသေးဘဲ မိခင်မုဆိုးမကြီးနှင့်နေကာ ဝါးခုတ်ရောင်းခြင်း၊ ဝါးထရံယက်ရောင်းခြင်း၊ ဝါးယင်းမြှူးစသည်တို့ကို မျိုးစုံလုပ်ရောင်းနေသူဖြစ်သည်။

သူတို့ရွာနှင့်အနောက်ရိုးမက ငါးမိုင်ခန့်သာဝေးသည်။ တောင်ပေါ်မှာ ဝါးသွားခုတ်ပြီး ရွာနှင့်မနီးမဝေးမှာရှိသော ချောင်းကို အဖော်ပြုကာ တောင်ပေါ်မှဝါးများကို ဝါးဖောင်လုပ်ပြီးမျှောချလာသည်။ မိုးတွင်းခုတ်ပြီး စုဆောင်းထားသောဝါးများကို ရွာမှာအသုံးလိုသည့် ထရံ၊ ယင်းလိပ်၊ မြှူးတို့ကို ပြုလုပ်ရောင်းချပြီး သားအမိနှစ်ယောက် ဝမ်းရေးဖြေရှင်းနေခြင်းဖြစ်သည်။

"လာကွာ သာစိန် ထန်းရည်သောက်သွားဦး"

"ဘယ်လိုလဲ ရွာထိပ်မှာ ကြက်ဝိုင်းတွေ့ခဲ့တယ်၊ မင်းတို့မသွားဘူးလား"





"လောင်းကြေးရှုံးလို့ စောစောကပဲ ထွက်လာခဲ့တာ"

"အဲဒီ မင်းတို့သောက်ထားတာ ငါပေးပါ့မယ် ငါ့အတွက် တစ်မြူမှာခဲ့တယ်"

"မင်းအခြေအနေကောင်းနေလား"

"ဘယ်ကောင်းမလဲကွ လုပ်လုပ်စားစားပေါ့"

"မိုးတွင်းကခုတ်ထားတဲ့ ဝါးတွေကို ဒီနွေမှာ တဖြည်းဖြည်းချင်း ဖြန့်နေရတာ"

"တရံမှာတဲ့လူတွေရှိမှ တရံရက်ပေးတာ ဝါးလှော်မလို့ ဝါးယင်းမှာရင် လုပ်ပေးရတယ်၊ မိုးကျကာနီးရင် မြှူးလုပ်ပြီးရောင်းတယ်၊ ရလိုက်စားလိုက် ကုန်တာပါပဲ"

"အဲ့ဒါနဲ့ မင်းအဘိုးဆီက အကူအညီမရဘူးလား"

"အဘိုးမှာလယ်တွေ အများကြီးရှိပေမယ့် အမေ့ကို အဘိုးက အဖေနဲ့သဘောမတူလို့ နှင်ချထားတာလေ"

"အခု အဘိုးဆုံးတာ တစ်နှစ်ပြည့်ပြီ၊ အဘိုးဆီက ဘာမှမရလိုက်ဘူး"

"မင်းတို့အမေရဲ့ မောင်နှမသားချင်း ဘယ်နှစ်ယောက်ရှိလဲ"

"အမေပါနဲ့ မောင်နှမရှစ်ယောက်ရှိတယ်၊ အားလုံးရှိသေးတယ်၊ အဘိုးကျန်ခဲ့တဲ့ အမွေတွေ ဦးလေးတွေ အဒေါ်တွေပဲခွဲယူလိုက်ပြီ

ထင်ပါတယ်"

"မင်းအမေဆုံးတာပဲကြာပြီ၊ မင်းတို့သားအမိ မင်းတို့အဘိုးကျန်တဲ့ အဘိုးဆီပြန်သင့်တယ်"

"အမေကစိတ်ကြီးတယ် အဘိုးကမခေါ်မချင်း မပြန်ဘူးတဲ့"

ထိုအချိန် ကိုစိန်ရိုးကထန်းရည်လာချပေးသဖြင့် သာစိန်၊ အောင်မြင့်တို့ သောက်ရန်ထပ်မှာပေးလိုက်သည်။

"သာစိန်တို့ အခြေနေကောင်းလာတယ် ထင်တယ်"

"ဟာ ... ဘယ်ကသာ ဒေါ်နှင်းမြမှာထားတဲ့ ထရံနှစ်ချပ်ဖိုးရှင်းခဲ့လို့ ထန်းရည်ဝင်သောက်ရင်း အောင်မြင့်တို့ကိုပါတိုက်တာပါ ကိုစိန်ရိုးရ"

"သိပ်ါဘူးကွာ ကြက်ဝိုင်းကနိုင်ပြီး ရောက်လာတယ်မှတ်တာ"

အောင်မြင့်တို့လည်း သာစိန်အကြောင်းသိသည့်အတွက် ငွေချေးရန်စိတ်မကူးမိ၊ သူတိုက်သောထန်းရည်ကိုသာ သောက်ကြသည်။

ငွေနာရှိခဲ့တော့မည်၊ ထန်းရည်တဲသို့ ရွာထိပ်ကမည်သူမှရောက်မလာ ဝိုင်းကောင်းတုန်း ဖြစ်မည်ဟု အောင်မြင့်တို့တွက်မိကြသည်။

"တောက် ဒီနေ့မှကြက်ဝိုင်းက ပွဲစည်နေတယ်၊ လက်ထဲပိုက်ဆံမရှိတာနာတယ်ကွာ"

ထိုစဉ် ချောင်းစုရွာဘက်မှလာသော လူတစ်ယောက်က ကိုစိန်ရိုး





န်းတဲသို့ဝင်လာသည်။

"ဟေ့ ... သာစိန်"

"ဗျာ ... ဦးသန်း ဘယ်ကလာတာလဲ"

"မင်းတို့အဘိုးရွာကပြန်လာတာ မင်းဘကြီးဦးလှကျော်က ...တို့သားအမိကို တစ်ပတ်အတွင်းရွာကိုလာခဲ့ဦးလို့ မှာလိုက်တယ်၊ ...တို့လယ်တွေရောင်းပြီး အမွေခွဲတယ် ကြားတာပဲ"

"ငါထင်တာတော့ မင်းတို့အမေကိုလည်း နည်းနည်းခွဲပေးချင် ... မှာလိုက်တာဖြစ်မယ် အားတဲ့နေ့သွားလိုက်ပေါ့ကွာ"

"အမေကသွားမယ်မထင်ဘူး ဦးသန်း အဘိုးနဲ့ရွာကိုအတော် ...းစိတ်နာနေတာ"

"မင်းအဘိုးလည်း ရှိမှမရှိတော့ဘဲ သွေးရင်းသားရင်းဆိုတာ ...တ်လို့မရဘူးကွ၊ မင်းတို့သွားရင် အရှုံးမရှိနိုင်ပါဘူး"

"ဦးသန်း ထန်းရည်သောက်သွားဦးလေ"

"မသောက်တော့ဘူး ငါမင်းကိုမြင်လိုက်လို့ ဝင်ပြောဟာ သွားပြီ ..."

"ဦးသန်း ဆိုသူထွက်သွားတော့ အောင်မြင့်က စကားစလာ ...ည်။

"ငါ့သဘောပြောရရင် မင်းတို့သားအမိ ...ားသင့်တယ်"

"အမေသဘောပါ အမေသွားမယ်ဆိုလည်း ငါလိုက်ပို့ပေးရျ မယ်"

"ဘာပဲဖြစ်နေဖြစ်နေ မိတ်အမွေဆိုတာ သားသမီးတိုင်း ခံစာ ထိုက်တာပေါ့"

စကားပြောရင်းထန်းရည်သောက်ရင်းနှင့် အချိန်တို့ကုန်သွာ သည်။ ကိုစိန်ရှိုးထန်းရည်ဆိုင်မှာလည်း ကြက်ပိုင်းသိမ်းပြီမို့ လူစည် နေသည်။

နိုင်သူတို့က ပျော်လို့သောက်ကြသည်။

ရှုံးသူများက ညစ်ညစ်နှင့် သောက်ကြသည်။

ဆူသည့်ဝိုင်းကဆူ ငြိမ်သည့်ဝိုင်းက ငြိမ်နေသည်။

သာစိန်တို့သုံးယောက်ကတော့ ဝိုင်းကိုလက်စသတ်သည်။ ထန်း ရည်ဘိုးကို သာစိန်ကရှင်းလိုက်သည်။

"ကဲ ... ငါသွားမယ်၊ မင်းတို့ ဘယ်ဝိုင်းသွားထိုင်ဦးမလို့လဲ"

"တော်ပါပြီ ဗိုက်တွေလည်းတင်းနေပြီ သွားတော့မယ်"

အောင်မြင့်နှင့် ကံလှက သူတို့အိမ်ရှိသည့် လမ်းဘက်ကိုချိုးသွား သဖြင့် သာစိန်တစ်ယောက်တည်း ဆက်လျှောက်လာခဲ့သည်။

"သားပဲသွားလိုက် ဟိုရောက်ရင် သားဘကြီးတို့ သားဦးလေး အဒေါ်တို့ကို ကြည့်ကောင်းအောင်ပြောလိုက် အမေနည်းနည်း





နေမကောင်းချင်သလိုဖြစ်လို့ လိုက်မလာဘူး၊ နွေး..ဥက်မှ အမေ လာခဲ့မယ်လို့ပြော ဟုတ်လား"

"ငါ့သားလည်း အမေ့ကြောင့် ဆွေမျိုးတွေနဲ့ အနေစိမ်းနေပြီ နောက်ပြီးမကြာမကြာသွားပေါ့၊ အမေ မရှိတော့ရင် ဒီဆွေမျိုးတွေပဲ သားအားကိုးလို့ရမှာ"

"အမေအမေ သားရဲ့အဘိုးကြောင့် အနေစိမ်းသွားပေမယ့် သားရဲ့အကြီးတွေ အဒေါ်ဦးလေးတွေအားလုံးက သားကိုချစ်ကြပါ ဘယ်၊ ဟိုရောက်ရင် အိမ်စေ့လည်ပြီးမှ ပြန်ခဲ့ဟုတ်လား"

"အင်း ... ကျွန်တော်က အမေကိုပါလိုက်စေချင်တာ အခု တော့ မျက်နှာစေ့သူငယ် နားသူငယ်နဲ့ သွားရဦးတော့မယ်"

"ဟိုရောက်ရင် မျက်စေ့သူငယ်ချိန်တောင် ရောက်မှာမဟုတ်ဘူး၊ ကဲ ... မနက်စောစော ထသွားလိုက် ဟိုမှာ တစ်ညနှစ်ည အိပ်ပြီးမှပြန်ခဲ့"

"ပိုက်ဆံပေးရင်လည်း သိုသိုဝှက်ဝှက်ပြပြီးပြန်ခဲ့ ဟုတ်လား"

ဒီလောက်တော့ သားသိပါသေးတယ် အမေရာ၊ အမေ စိတ်ချ လက်ချ အိပ်တော့၊ မနက်ရှာက ငါးနာရီလောက်ထသွားရင် ချောင်းစု ရွာကို ရှစ်နာရီမထိုးခင်ရောက်သွားမှာပဲ"

"သားရဲ့ ဘကြီးကျော်လှတို့အိမ်ကို အရင်ဝင်နော် သူကအမေ့

အစ်ကိုအကြီးဆုံး"

"သားသိပါတယ် အမေရာ၊ စိတ်ချလက်ချအိပ်တော့ အမေ သားလည်း အိပ်တော့မယ်"

သာစိန်က အတင်းအိပ်ခိုင်းနေသဖြင့် ဒေါ်ထွေးလည်း အိပ်ယာထဲ ဝင်သွားတော့သည်။

သာစိန်တစ်ယောက် ချောင်းစုရွာကို ရှစ်နာရီခန့် ရောက်သွားသည်။ ဘကြီးကျော်လှတို့အိမ်ကို ဝင်သည်နှင့် ဦးကျော်လှ၏ သားသမီးများက သာစိန်ကိုသိသည့်အတွက် ဝမ်းသာအားရ ဆီးကြိုတော့သည်။

"နေနိုင်လိုက်တာဟုလည်း စကားနာထိုးကြသည်၊ သာစိန်က လည်း ဆွေမျိုးများ ကျေနပ်ရန် ရှင်းပြရသည်။

ဘကြီးဆွေမျိုးများ အိမ်လျှောက်သွားဦး၊ ညကျမှ စကားပြောကြတာပေါ့ဟု ဆိုလာသဖြင့် ဘကြီးအိမ်မှာ ခဏမျှထိုင်ကာ စကားပြောပြီး ဘကြီး၏မြေးတစ်ယောက်ကို အဖော်ခေါ်ပြီး ဆွေမျိုးများ အိမ်လျှောက်လည်တော့သည်။

ညစာစားပြီးသည်နှင့် ဘကြီးက သာစိန်တို့မိသားစုအတွက် ငွေဆယ့်ငါးသိန်း ထုတ်ပေးသည်။

"ဒီငွေကို ကျစ်ကျစ်ပါအောင် ထုတ်သုံး၊ မင်းရဲ့အဘိုး လယ်တစ်





ကို တစ်သိန်းနှစ်သောင်းဈေးနဲ့ ရောင်းလိုက်တယ်၊ ကေတစ်ရာ ကျော်ကို သိန်းတစ်ရာ့ငါးဆယ်ရတယ်"

"မင်းအဘိုးအတွက် အလှူလုပ်ဖို့ သိန်း(၃၀)ဖယ်ထားပြီး သိန်း(၁၂၀)ကို မောင်နှမရှစ်ယောက် အညီအမျှခွဲတာ တစ်ယောက်ကို ဆယ့်ငါးသိန်းစီရတယ်။

မင်းတို့ရွာမှာ လယ်ပြန်ဝယ်ရင် တစ်ဧက တစ်သိန်းခွဲ ယောက် ပေါက်လိမ့်မယ်၊ ဒီမှာလည်းတစ်သိန်းခွဲပဲ၊ လယ်ငါးဧက ယောက်ဝယ်လိုက် နွားတစ်ရှဉ်းနဲ့ လှည်းတစ်စီးဝယ်၊ လယ်ငါးဧကနဲ့ အလွန်အကျွံ ရှစ်သိန်း ကိုးသိန်းပေါ့"

ဗိုတာကိုခြံထဲမှာ အိမ်ကောင်းကောင်းလေးဆောက် မင်းအိမ် ထောင်ပြုချင်လဲပြု ဗိုတဲ့ပိုက်ဆံ မင်းအမေလှူချင်လည်းလှူ သူ့ဆန္ဒရှိ လိုလုပ်ပစေပေါ့ကွာ"

"ဟုတ်ကဲ့ဘကြီး ကျွန်တော်လယ်လုပ်ချင်တာ ကြာပါပြီ၊ လယ် မရှိ၊ အရင်းအနှီးကမရှိဆိုတော့ ကြုံရာကျပန်းလုပ်နေရတာ"

"ခြစ်ခြစ်ချုပ်ချုပ်သုံးနိုင်ရင်တော့ လက်ထဲသုံးလေးသိန်းပိုမှာ ဒီပိုက်ဆံတွေကို လွယ်အိတ်ထဲ သေသေချာချာထည့်သွား မ်းမှာ ဘယ်မှမဝင်နဲ့ ဟုတ်လား"

"ဟုတ်ကဲ့ ဘကြီး"

"အေးအေးအိပ်ချင် အိပ်တော့၊ မနက်တစားပြီး နေမပူခင် ရွာအရောက်ပြန်"

သို့ဖြင့် ငွေထည့်ထားသောလွယ်အိတ်ကို ခေါင်းအုံးအောက်ထားပြီး စိတ်ချလက်ချအိပ်လိုက်သည်။

မနက်လင်းတော့ ဘကြီးအိုသမီးသာစိန့်၏အစ်မက ကောက်ညှင်း ပေါင်းထားသဖြင့် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဆီဆမ်းကို ဗိုက်တင်းအောင်ထိုင်စားနေလိုက်သည်။

ပြန်မည်ပြင်ကာမှ ဆွေမျိုးများရောက်လာပြီး နှုတ်ဆက်ကြသည်။ ကိုင်းသိမ်းချိန် အလှူလုပ်မည်၊ သားအမိနှစ်ယောက်လာလည်ဦးဟု တဖွဖွမှာကြသည်။

နောက်ဆုံးချောင်းစုရွာမှ ပြန်ထွက်ချိန်က မနက်ရှစ်နာရီထိုးနေပြီ ဖြစ်သည်။ ရွာကိုမှန်မှန်လျှောက်ပြန်လျှင် နေ့ဆယ်နာရီခွဲပြီးမှ ပြန် ရောက်မည်ဖြစ်သည်။

နေမပူခင် ရွာပြန်ရောက်ရန် ခြေလှမ်းသွက်သွက်လှမ်းခဲ့သည်။ ဆယ်နာရီမထိုးခင်ရွာနှင့် မလှမ်းမကမ်းမှာရှိသည့် ချောင်းထိပ်သို့ ရောက်လာသည်။

မိုးတွင်းကာလဆို ချောင်းရေကပြည်လျှံနေသည်။ ချောင်းအနက် က ဆယ်ပေခန့်ရှိသည်။ မိုးရေကိုသာ အားကိုးအားထားပြုရသည်





ချောင်းဖြစ်သည့်မို့ မိုးအကုန်တန်ဆောင်မုန်းလခန့်မှစပြီး ရေကျ ထက်သာသာခန့်သာ ရှိတော့သည်။ ပြာသိုတပို့တွဲဆို ချောင်းထဲ ရေလုံးဝမရှိတော့။

သို့ကြောင့် နှစ်ပေခန့်သာအနက်ရှိသည့် ချောင်းထဲ ပုဆိုးခါး ဘောင်းကြိုက်ပြီး ကူးခဲ့သည်။ ချောင်းတစ်ဖက်ကမ်းရောက်တော့ သချိုင်းကုန်းကို ဖြတ်သွားရမည်။

သချိုင်းကုန်းဘေးဖြတ်လမ်းကသွားလျှင် ရွာကိုနာရီဝက်ခန့်နှင့် ရောက်သည်။ သချိုင်းကုန်းနှင့်ရွာကြားမှာ လယ်လုပ်မရသော ဒွားတား ကျက်ကွင်းရှိနေသည်။

သချိုင်းကုန်းဆေးလမ်းက မဖြတ်ချင်သော်လည်း ကိုစိန်ရိုး န်းတောဘက်ကဖြတ်ဝင်လျက်လည်း ရွာကိုရောက်သည်။

သာစိန်လာခဲ့သောလမ်းက သချိုင်းဝန်းကျင် အုပ်အုပ်ဆိုင်းဆိုင်း နေသည်။ အောက်ခြေကိုမရှင်းလင်းထားသဖြင့် ကိုင်းပင်များ ဘူးခြုံပင်များဖြင့် ပြည့်နေသည်။ လူအသစ်များမှလွဲပြီး လူဟောင်း များအားလုံးခြုံနွယ်ပိတ်ပေါင်းတို့ ဖုံးအုပ်နေတော့သည်။

ယခုနေ့ခင်းဖြစ်သည့်အတွက် ကြောက်စရာမကောင်းပေမယ့် ပိုင်းဆိုတစ်ယောက်တည်း မသွားဝန့်ကြ၊

သရဲခြောက်သည်ဟု မကြားသော်လည်း အမြင်နှင့်ပင် ကြောက်

စရာကောင်းနေသည်။

သချိုင်းကုန်းလွန်တော့ နွားစားကျက်ကွင်းထဲ ရောက်လာသည်။ လမ်းမှာလူသွားလူလာလည်း မကြုံရ၊ သာစိန်က လွယ်အိတ်ကို ရင်ဘတ်ရှေ့ထားပြီး သတိကြီးစွာနှင့် လာခဲ့သည်။

နွားစားကျက်ကွင်းထဲမှာ သုံးပုံတစ်ပုံနီးပါး ကိုင်းပင်များပေါက်နေသည်။ ကိုင်းပင်တို့က လူတစ်ရပ်ကျော်သည်။

"ဒုတ်"

"ဟာ ..."

သတိလက်မလွှတ်ခင် သူ့ကိုရိုက်သူများက လွယ်အိတ်ကို အတင်းဖြုတ်ယူသည်။ သူအားရှိသမျှပြန်ဆွဲထားသည်။ သူ့ခေါင်းကို အကြိမ်ကြိမ် ထုနေသည်။

သူ့ခြေထောက်နှစ်ဖက်ကိုဆွဲပြီး ကိုင်းတောထဲထည့်နေသည်ကို နောက်ဆုံးသိလိုက်သည်။ သူ့အာရုံခံစားမှုအသိစိတ်တွေ လုံးဝရပ်ဆိုင်း သွားတော့သည်။

ဒေါ်ထွေးတစ်ယောက် မနက်ကိုးနာရီကျော်ကတည်းက သားဖြစ်သူကို မျှော်နေသည်၊ ဆွေမျိုးများနှင့်တွေ့ရန် နှစ်ညအိပ်နေခိုင်းခဲ့သည်။ သို့ဖြစ်၍ နှစ်ညလွန်မြောက်ပြီး မနက်စောစော ထိုရွာမှပြန်လာလျှင် ရွာသို့ ရှစ်နာရီနောက်ပိုင်းပြန်ရောက်မည် ဖြစ်သည်။





ယခုနေပင်မြင့်လာသည်၊ သားဖြစ်သူရောက်မလာ။ ဆွေမျိုးတွေက ရောက်တုန်းရောက်ခိုက် ပြန်မလွှတ်တာလည်းဖြစ်နိုင်သည်။

ယခုပင်နေမြင့်လာသည်။ သားဖြစ်သူရောက်မလာ။ ဆွေမျိုးတွေက ရောက်တုန်းရောက်ခိုက် ပြန်မလွှတ်တာလည်း ဖြစ်နိုင်သည်။

ဒါပေမယ့် သာစိန်အကြောင်း ဒေါ်ထွေးသိသည်။ မိခင်က နှစ်ရက်သာ နေခိုင်းလိုက်သည့်အတွက် နှစ်ရက်ထက်ပိုနေမည်မဟုတ်၊ ညနေပိုင်းမှ ပြန်လာတော့မည်ထင်သည်။

သို့ကြောင့် စိတ်အေးလက်အေးဖြစ်သွားကာ ဆေးလိပ်ကို ကိုင်ဖွာနေလိုက်သည်။

"ဒေါ်လေး ... ဒေါ်လေး"

"ဟဲ့ ... သံချောင်းနဲ့ပေတိုး အပြေးအလွှားဘာဖြစ်လာတာလဲ"

"ကျွန်တော်တို့ နွားသွားကျောင်းတာ ကိုင်းတောထဲမှာ ကိုသာစိန် ... ကိုသာစိန် ... ဟို ... ဟို"

"ဟဲ့ စကားပြောရင်း ထစ်နေပြန်ပြီ၊ ဘာမြင်ခဲ့လို့လဲပြောစမ်း မြန်မြန်"

"ကိုသာစိန် ကိုင်းတောထဲမှာ သေနေတယ် ဗျ"

"ဟင် ..."

"ဘုရား ... ဘုရား ... သွားရင်းလာရင်း မြွေပါးကင်းပါး

ထိုးလို့လား”

“မဟုတ်ဘူးဗျ ခေါင်းမှာသွေးတွေနဲ့”

“ပေတိုး ခေါ်လေးကို သာစိန်ရှိတဲ့ နေရာလိုက်ပြ သံချောင်းက ရွာလူကြီး ဦးလူမောင်ကို သွားပြောပြီးခေါ်ခဲ့”

“ဟုတ်ကဲ့ ကျွန်တော်သွားပြောလိုက်မယ်”

ခေါ်ထွေးလည်း အော်ဟစ်ငိုယိုပြီး တားကျက်ကွင်းသို့ အပြေးအလွှားထွက်သွားတော့သည်။

ခေါ်ထွေးရောက်သွားတော့ သာစိန်၏အလောင်းအနီးမှာ ရွာသားအတော်များများ ဝိုင်းအုံကြည့်နေကြသည်။

သွေးများလည်း ခြောက်သွေ့နေသည့်အတွက် မနေ့ကတည်းက အသတ်ခံရခြင်းဖြစ်သည်ဟု ထင်ကြေးပေးကြသည်။

နေ့ခင်းပိုင်းရဲများ ရောက်လာပြီး အသေအချာစစ်ဆေးပြီး သင်္ဂြိုဟ်ခွင့်ပြုလိုက်သည်။

ချောင်းစုရွာကိုစက်ဘီးနှင့်လွှတ်ပြီး သာစိန်ဘယ်အချိန်က ပြန်သွားသလဲဟု စုံစမ်းခိုင်းရာ မနေ့မနက်ပိုင်းကတည်းက ပိုက်ဆံဆယ့်ငါးသိန်းနှင့်အတူ ပြန်လွှတ်လိုက်ကြောင်း သိခဲ့ရသည်။

အားလုံးစစ်ဆေးအတည်ပြုပြီးသည်နှင့် အလောင်းကိုရွာသို့ ပြန်မသယ်တော့ပဲ ခေါ်ထွေး၏ခွင့်ပြုချက်နှင့် သေသောနေရာနှင့်





မဝေးလှသောသင်္ချိုင်းသို့ သယ်ယူသွားပြီး မြှုပ်နှံသင်္ဂြိုဟ်လိုက်တော့သည်။

ခေါ်ထွေးအိမ်မှာ ရွာထဲမှကာလသားများ ကနားဖျင်းဝိုင်းဝန်းထိုးပေးနေသည်။

သာစိန်အသတ်ခံရသည့် သုံးရက်မြောက်နေ့တွင် ရွာထိပ်မှာ ကြက်ဝိုင်းဖြစ်သည်။ အောင်မြင့်နှင့်ကံလှတို့လည်း ရောက်နေသည်။

သူတို့နှစ်ယောက်က တိုက်ကြက်အပိုင်မမွေးပဲ ခြေသာသည့်ကြက်ကိုအသေအချာ လေ့လာတွက်ချက်ကာ သာမည်ထင်သည့်ဘက်မှ ဝင်လောင်းခြင်းဖြစ်သည်။

နိုင်သည့်အလှည့်နိုင်သလို ရှုံးသည့်အလှည့်ရှုံးလေသည်။ နောက်ဆုံးစာရင်းချုပ်လည်း တစ်ခါမှမြတ်သည်မရှိ၊ နှစ်ယောက်လုံး အတူတူပင်။

သည့်နေ့ အောင်မြင့်နှင့်ကံလှ ပထမပိုင်းမှာ အခြေအနေကောင်းလိုက်သည်။

သို့ကြောင့် လောင်းကြေးကို နှစ်ဆတင်ပြီးလိုက်သည်။ သူတို့လောင်းသည့် တိုက်ကြက်က သုံးပွဲဆက်တိုက် နိုင်ထားသောကြက်ဖြစ်သည်။ ခြေသွာသည်။

သူ့အတက်ခတ်ချက်ထိသည့် ကြက်ကတော့ မျက်လုံးထွက်ရင်

ထွက် မထွက်ရင်လည်ချောင်းပေါက်ပြီ၊ ထိုအခါ ပွဲလည်းသိမ်း ထိုကြက်လည်းဇာတ်သိမ်းရပြီ ဖြစ်သည်။

သူတို့နှစ်ယောက်ထိုကဲ့သို့ ဇရှိသောကြက်ကို အားကိုးတကြီး နှင့် ကြေးတင်ပြီး လောင်းလိုက်ကြသည်။

"အောင်မြင့်တို့ ကံလှတို့ ကံထနေတယ်၊ ဒီတစ်ပွဲလည်း မင်းတို့ပွဲဖြစ်ဖို့များတယ်၊ ငါ့ကောင် နည်းနည်းလိုက်ထားသေးတယ်"

"ဟာ ... ကံလှ ... မင်း ... မင်းမြင်လား"

"ဘာလဲ အောင်မြင့် မင်း ... ဘာမြင်လို့လဲ"

"ဟို ... ကိုပုတင်ဘေးမှာရပ်နေတာ သာစိန်မဟုတ်လား တို့ကို လာကြည့်နေတယ်"

အောင်မြင့်စကားကြောင့် သူတို့နှင့်မလှမ်းမကမ်းရှိ ကိုပုတင်ဘေး ကို ကြည့်လိုက်သည်။

"ဟာ ... ဟုတ်တယ်၊ သာစိန် ကြက်ဝိုင်းကိုလာကြည့် နေတယ်"

"ဘာပြောတယ် ... ကံလှ"

"ဟိုကိုပုတင်ဘေးမှာ ရပ်နေတာ သာစိန်မဟုတ်လား"

"ပုတင်ဘေးမှာ ဘယ်သူမှမရှိပါဘူး၊ သာစိန်အသတ်ခံလို့ သေတာ သုံးရက်ရှိပြီ မင်းတို့မသိဘူးလား"





"သိတာပေါ့ ကိုချစ်တိုးရာ ခင်ဗျားမမြင်ဘူးလား၊ ကျုပ်တော့ သာစိန်ရပ်နေတာ အခုထိမြင်နေရသေးတယ်"

"ရှုးကြောင်မူးကြောင် ပြောနေပြန်ပြီ၊ ဘာသာစိန်မှမရှိဘူး ဒီဆိုမင်းတို့နှစ်ယောက်ကို လာခြောက်နေတာဖြစ်မယ်"

သာစိန်ကိုအသေအချာတွေ့ရပါလျက် ကိုချစ်တိုးက မတွေ့ဟု ဆိုသည်။ သာစိန်အကြည့်က သူတို့ထံမှမခွာ ကိုချစ်တိုးပြောသကဲ့သို့ သူတို့နှစ်ယောက်ကို လာခြောက်လှန့်နေတာများလား"

အောင်မြင့်နှင့် ကံလှတို့သည် သာစိန်ကိုမြင်လိုက်သောနေရာကို မကြည့်မိစေရန် ဆုံးဖြတ်လိုက်သည်။

ကြက်နှစ်ကောင် တိုက်ပွဲဝနေပြီ၊ ဝိုင်းအတွင်းဖြောင်းကနဲ ဖြောင်း ကနဲ ကြက်နှစ်ကောင် ရင်ဆိုင်ခွပ်သံများက ကြည့်နေသူတို့ ရင်ကို တလှပ်လှပ်ခုန်စေသည်။

"ပွဲဟိုင်းကျော်ကွ ..."

"မိုးကြိုးကွ၊ နိုင်ပွဲကို ဆက်ထိမ်းထား ဟုတ်ပြီ ... ဇိပြီ"

ဒါပေမယ့် တစ်ဖက်ကြက် 'ပွဲတိုင်းကျော်' ခေါင်းတစ်ချက်လည် သွားပြီး ပြန်လှည့်လာသည်။ ထိုချက်က ချက်ကောင်းခတ်ရန် အချိန်အခါကို ကြည့်နေသည်။

"ဖြောင်း"

တိုက်ကြက်နှစ်ကောင်လုံး တစ်ချိန်တည်း ခြေစုံပစ်သွင်းလိုက်ကြသည်။

"ဟာ … သွားပြီ"

ပွဲတိုင်းကျော်က အနည်းငယ်မြန်သွားသည်။ မိုးကြိုးခေါင်းကို ချွန်ထက်သောအတက် စိုက်ဝင်သွားသည်။

ပွဲတိုင်းကျော်ရဲ့ ရင်အုံကိုလည်း မိုးကြိုးပစ်အထက်က ဆွဲခုတ်ချလိုက်သည်။

ရင်ပတ်မှအမွေးများ ပြန့်ကျဲထွက်သွားသည်။

ဒါပေမယ့် ခုန်ရာကပြန်ကျတော့ ပွဲတိုင်းနိုင် မိုးကြိုးဇက်ကျိုးသွားကာ မြေပေါ်ဘုန်းဘုန်း လဲကျသွားတော့သည်။

ပွဲတိုင်းကျော်က သွေးစက်စက်ကျနေပေမယ့် ဘာမှမဖြစ်သလို ဝိုင်းထဲမှာ အတောင်ခတ်ပြီး အသံပြုနေသည်။

မိုးကြိုးဘက်မှလောင်းထားသော အောင်မြင့်နှင့် ကံလှတို့လည်း အချိုကြီးရှုံးသွားသည်။ ရှေ့ပွဲမှနိုင်ထားသမျှ သည်ပွဲမှာ အိပ်ထဲက ပိုက်ဆံများပါ ပါသွားတော့သည်။

"တော်ပြီ ပြန်ကြမယ်၊ သာစိန်သရဲကို မင်းမြင်သေးလား"

"မရှိတော့ဘူး၊ ငါအသေအချာကြည့်ပြီးပြီ"

"ဒါဆိုပြန်ကြမယ်"





"ကိုစိန်ရှိုး ထန်းရည်ဆိုင်သွားမယ်ကွာ၊ အချိန်စောသေးတယ်"

နှစ်ယောက်သား ကိုစိန်ရှိုး၏ထန်းတဲသို့ ရောက်သွားသည်။ ထန်းပင်အောက်မှာ ထိုင်၍ကောင်းမည့်နေရာ ရွေးလိုက်သည်။

"ကိုစိန်ရှိုး … ဗျို့ကိုစိန်ရှိုး"

ထန်းတဲအတွင်းမှ အသံမကြားရ။

"ဒီလူထန်းတဲ ပစ်ထားပြီး ဘယ်သွားနေတာပါလိမ့်"

"ထန်းပင်ပေါ်ရောက်နေတာလားမှ မသိဘဲ"

သူတို့ထိုင်နေလျက်က ထန်းပင်များပေါ်မော့ပြီး လိုက်ကြည့်သည်။

"ဟိုရှေ့က အဲပင်မှာထန်းရည်ချနေတယ်ကွ"

"အတော်ပဲ ပင်ကျရည် ဒီကိုတန်းပြီးယူလာခိုင်းမယ်"

"ဟ … အောင်မြင့် အသေအချာကြည့်စမ်း"

"ထန်းပင်ပေါ်ကဆင်းလာတာ ကိုစိန်ရှိုးမဟုတ်ဘူး သာစိန်မှ သာစိန်"

"အေးကွ ဒီကောင် ကိုစိန်ရှိုးအစား ထန်းပင်တက်ပေးနေတာလား မသိဘူး"

"မဖြစ်နိုင်ဘူး ဒီကောင်ငါတို့ကို လိုက်ခြောက်လှန့်နေတာဖြစ်မယ် လာထကွာ၊ မသောက်တော့ဘူး အိမ်ပဲပြန်ကြမယ်"

"ဟုတ်တယ် သရဲသာဆိုရင် တန်းမင်အောက်ရောက်လာရင် တို့ဆီပဲတန်းလာမှာပဲ လာမြန်မြန်သွားကြမယ်"

နှစ်ယောက်သား ထန်းပင်အောက်က အမြန်ပြန်ထွက်လာခဲ့သည်။

"ဟာ ... အောင်မြင့်တို့ ဘာဖြစ်ပြီးပြန်သွားတာလဲ ကေနွန ထန်းရည်ဘိုးမပါလို့ပဲ ဖြစ်မယ်"

ထန်းပင်ပေါ်မှ အောင်မြင့်တို့ကိုမြင်လိုက်သည့်အတွက် အမြန်ဆင်းလာသော ကိုဖိန်ရိုးလည်း ထူးထူးခြားခြား ထန်းရည်မသောက်ပဲ ထွက်သွားသော သူတို့ကိုကြည့်ပြီး ခေါင်းစားကျန်ခဲ့သည်။

"လာပါကွ ခါတိုင်းမင်းတို့အသုဘအိမ်မှာ ဖဲဝိုင်းရှိရင် ဘယ်တုန်းကရှောင်ဖူးလို့လဲ"

"ဖဲရိုက်ဖို့ အရင်းမရှိဘူး ကိုအေးကိုရ"

"မင်းကသာမရှိဘူးပြောတာ ကံလှက ဖဲရိုက်ဖို့ရှာထားတယ်လို့ မနက်က ငါနဲ့တွေ့လို့ပြောသေးတယ်"

"သူပြောလို့ငါအောင်မြင့်ကို ခေါ်ပြီးလာခဲ့မယ်လို့ ပြောခဲ့သေးတယ်၊ လာကွာ ဖဲဝိုင်းက ညလည်းကောင်း၊ နေ့လည်းကောင်းလို့ ပြောနေကြတယ်"

အောင်မြင့်လည်း ကိုအေးကိုအတင်းဆွဲခေါ်သဖြင့် ကံလှတို့အိမ်





သို့ပါလာခဲ့သည်။

ကိုအေးကိုက ကံလှအားခြံဝမှ လှမ်းခေါ်လိုက်သည်။ ကံလှ ထွက်လာသည်နှင့် သာစိန်အသုဘအိမ်သို့ မဝံ့မရဲနှင့် ထွက်လာခဲ့ ကြသည်။

"ကံလှ ငါပိုက်ဆံမပါဘူးနော်"

"ငါ့မှာပါပါတယ် ငါအကြံအဖန်လုပ်ထားတယ်၊ မင်းတစ်ဝက် ... ပြီးရင်တော့ပြန်ပေး"

"ငါ့ကိုလည်း ပိုလျှံရင်မျှဦးလေကွာ"

"ဟာ ... ကိုအေးကိုကလည်း အောင်မြင့်ကိုမျှပေးလိုက်ရင် ...ျပ်မှာတစ်ဝိုင်း နှစ်ဝိုင်းစာပဲရှိတော့တယ်"

"မမျှရင်လဲနေကွာ ငါ့မှာပါတာကုန်တော့ ရပ်တာပေါ့"

"ခင်ဗျားပါးစပ်ကြီးကလည်း မင်္ဂလာမရှိလိုက်တာ"

စကားတပြောပြောနှင့် အသုဘအိမ်သို့ ရောက်လာခဲ့သည်။ ...ာစိန်ဆုံးတာလေးရက်ရှိသွားပြီ၊ နေ့တစ်နာရီခန့်မှစပြီး ဖဲဝိုင်းဖြစ်နေ ...၊ ကနဖျင်းအောက်မှာ ဖဲဝိုင်းနှစ်ဝိုင်းနှင့် အိမ်ပေါ်မှာတစ်ဝိုင်းဖြစ်နေ ...ည်။ အောင်မြင့်တို့လည်း အခြေအနေအကဲခတ်နေသည်။

"ဒုန်း ... ခွမ်း"

"ဟဲ့ ... ဘာသံလဲ"

"ဝီးဖိုခန်းထဲက အိုးခွက်တွေပြုတ်ကျတာ"

"ဒုန်း … ဒုန်း"

"နေ့ခင်းကြောင်တောင်ကြီး သာစိန်အသောင်းကျန်းတာနဲ့တူတယ် စောစောက ဘာသံမှမကြားရပါဘူး"

"ခွမ်း … ဂွမ်း"

ဧည့်သည်များကို ကျွေးမွေးဧည့်ခံရန် ငှားထားသော အိုးခွက်ပန်းကန် လင်ဗန်းများတင်ထားရာမှ အောက်ကိုကျကုန်သည်

"ဟာ … လှေကားပေါ်က ဆင်းလာတာ သာစိန်ပဲ"

အောင်မြင့်စကားကြောင့် ဖဲဝိုင်းကလူများ လှည့်ကြည့်လိုက်ကြသည်။

"ဟုတ်တယ် သာစိန် အောက်ဆင်းလာပြီ"

ကံလှကပါ သာစိန်ဆင်းလာသည့်အကြောင်း ပြောပြန်သည်

"တော့် … အောင်မြင့်နဲ့ကံလှ နေ့ခင်းကြောင်တောင် ဘယ်က သရဲကိုမြင်တာလဲ မဟုတ်မဟတ်တွေ"

"ဘယ်ကသရဲမှမဟုတ်ဘူး၊ သာစိန်မှသာစိန် ဟော … ဟော ဖဲဝိုင်းဘက်ကိုလာနေပြီ"

"ဟာ … ဒီကောင်တွေ အကြောင်းလာရိုက်နေတယ်၊ ငါတို့ သရဲကြောက်ပြီး ထပြေးရင်ပိုက်ဆံဝင်လုမလို့မဟုတ်လား"





"ဟာ … မဟုတ်ပါဘူးဗျာ၊ သာစိန်ကို ခင်ဗျားကို မမြင်ဘူးလား"

"မမြင်ဘူး"

"ဘာသာစိန်မှ မရှိဘူး"

"အားလုံးက တညီတညာတည်းမရှိဟုဆိုလာသည်။ သူတို့က သာမရှိဟု ပြောနေသည်။ သာစိန်က သူတို့အနီးပင်ရောက်လာပြီ"

"မင်းတို့ကိုငါသတ်မယ်"

"အောင်မြင့် မင်းကိုငါသတ်မယ်"

"ဟာ … သာစိန် သွား … ငါ့နားမလာနဲ့"

"တော့ကောင် သာစိန်မင်းက သေနေပြီလေ ငါတို့အနားမလာနဲ့"

စောစောက သူတို့နှစ်ယောက်နောက်ပြောင်နေသည်ဟု ထင်နေကြသော ဖဲဝိုင်းမှလူများလည်း မျက်စိမျက်နှာပျက်နှင့် အော်ဟစ်နေသော အောင်မြင့်နှင့်ကံလှကိုကြည့်ကာ အံ့အားသင့်နေကြသည်။

အောင်မြင့်နှင့်ကံလှတို့ မြင်နေရသည်ဆိုသော သာစိန်ကိုရှိသမျှ လူအားလုံးမမြင်ကြ၊

ကံလှနှင့် သာစိန်ကတော့ အသည်းအသန်အော်ဟစ် နှင်ထုတ်နေသည်။

"သွား ... ငါ့အနားမလာနဲ့ မင်းကသေပြီးပြီပဲ၊ ငါတို့ဆီမလာနဲ့"

"ဟား ... ဟား ... ဟား မင်းတို့ငါ့ကိုကြောက်နေလား၊ ငါသေသလို မင်းတို့နှစ်ယောက်သေရစေ့မယ်"

"ငါအောင်မြင့်ကို အရင်သတ်မယ်"

"ဟော့ကောင် သာစိန် မင်းငါ့ကိုမသတ်နဲ့ ငါမင်းကို သတ်တာမဟုတ်ဘူး"

"မင်းသတ်တာမဟုတ်ရင် ဘယ်သူသတ်တာလဲ ကံလှလား"

"ဟုတ်တယ် မင်းကိုကံလှက သချိုင်းကုန်းက ကောက်ထားတဲ့အုတ်ခဲနဲ့ထုတာ"

"မဟုတ်ဘူး ငါမသတ်ဘူး ကံလှ ငါလူမသတ်ရဲဘူး"

"မရဘူး ငါသေသလို မင်းတို့သေရမယ်"

"အရင်အောင်မြင့်ကိုသတ်မယ်"

သာစိန်က အောင်မြင့်လည်ပင်းကိုညှစ်ရန်ပြုစဉ် အောင်မြင့်က ကြောက်ကြောက်လန့်လန့်နှင့် ရှန်းရင်း ငါတို့ကိုခွင့်လွှတ်ပါသာစိန် မင်းကိုငါတို့နှစ်ယောက်လုံး အုတ်ခဲနဲ့ထုသတ်ခဲ့တာပါ"

"အား ... အား ... ကြောက်ပါပြီ၊ သာစိန်မသတ်ပါနဲ့"

"ကြောက်ပါပြီ"





ထိုအချိန် ဖဲဝိုင်းထဲထိုင်နေသော လူနှစ်ယောက်ထလာပြီး အောင်မြင့်နှင့် ကံလှကို လက်ထိပ်ခတ်လိုက်သည်။

သေသူသာစိန်မှာပါလာသော ပိုက်ဆံများပျောက်ဆုံးသွားသည့်အတွက် ကြက်ဝိုင်းမှာရော ဖဲဝိုင်းမှာပါ စုံစမ်းထောက်လှမ်းရန် ရဲများရောက်ရှိနေခြင်းဖြစ်သည်။

သရဲကိုမည်သူမှမမြင်ပဲ အောင်မြင့်နှင့်ကံလှတို့သာ သာစိန်ကို မြင်နေရသည်။

သရဲကြောက်တတ်သော ကံလှလည်း သရဲကြောင့်ပင် သေသည်အထိဖွင့်မပြောဟု ကတိပေးထားပေမယ့် ဖွင့်ပြောရတော့သည်။

"ကဲ ... ခင်များတို့သူငယ်ချင်းသာစိန်ကို ဘာကြောင့်သတ်ရတယ်၊ ဘယ်လိုသတ်တယ်ဆိုတာ ပြောပြစမ်း"

ရဲတပ်ကြီးက ဖြစ်စဉ်ကို ပြောပြခိုင်းတော့သဖြင့် မချွင်းမချန်အကုန်ပြောပြတော့သည်။

"ဒေါ်ကြီး ... ဒေါ်ကြီး"

"ဟေ ဘယ်သူလဲ"

အောင်မြင့်တို့ပါ သာစိန်ကို ဝါးသုံးလုံးလောက် ဝယ်မယ်လို့ပြောထားလို့ လာယူတာပါ"

"မင်းတို့သူငယ်ချင်းမရှိဘူး၊ သူ့ဦးလေးတွေရဲ့ရွာကို မနက်က

ထွက်သွားတယ်"

"ဒါဆိုသူပြန်လာမှပဲ လာခဲ့တော့မယ်"

"သူမရှိလဲ ဒေါ်ကြီးဆီမှာ ဝယ်သွားလို့ရပါတယ်"

"နေနေ ဒေါ်ကြီး သူကငါးကောင်းမကောင်း ရွေးတတ်တယ်"

"အေး အဲဒါတော့ဟုတ်တယ်"

"ကျွန်တော်ပြန်တော့မယ် ဒေါ်ကြီး"

သာစိန် ကျောင်းစုရှာသွားမသွားသိချင်၍ ငါးဝယ်မည်ဟန်ဆောင်ကာ ဝင်စုံစမ်းခြင်းဖြစ်သည်။

"သူတို့ရမယ့်အမွေသွားယူတာပဲ ဒီကောင်ပြန်လာရင် ငါးသိန်းနဲ့ ဆယ်သိန်းကြားတော့ ပါလာမှာပဲ"

"ဘယ်လိုစီစဉ်မလဲ"

"ရောက်ရောက်ချင်းတော့ ပြန်လာမှာမဟုတ်ဘူး။ ညနေလောက်ကျမှ ချောင်းဟိုဘက်ကမ်းကသွား အကဲခတ်ကြည့်မယ်"

"ချောင်းဟိုဘက်မှာ ကိုစိန်ရိုးထန်းတော ဆက်ခွဲတဲ့လမ်းနဲ့ ရွာတောင်ဘက်သင်္ချိုင်းဘေးလမ်း နှစ်ခုရှိတယ်၊ ဒီကောင်ဘယ်လမ်းကလာမလဲ မသိလို့ ချောင်းဟိုဘက်က သွားစောင့်မှာ"

"ဒီညမှောင်တဲ့အချိန်ကိုက်မှ ရောက်မလာရင်မနက်ခုနစ်နာရီလောက်ကို ချောင်းထိပ်ကသွားစောင့်ကြည့်မယ်"





သူတို့ညနေလေးနာရီခန့်မှ ညနေခြောက်နာရီခန့်အထိ သွားစောင့်ပေမယ့် ပေါ်မလာ။

သို့ကြောင့် မနက်ခုနစ်နာရီခန့်နှစ်ယောက်သား ချောင်းထိပ်ကပုန်းပြီးစောင့်နေကြသည်။

ဆယ်နာရီနီးပါးရှိမှ ရွာပြန်လာသော သာစိန်ကိုတွေ့လိုက်သည်။ သာစိန်က ကိုစိန်ရိုးထန်းတောဘက်သွားသည့် လမ်းမှမသွားဘဲ သင်္ချိုင်းဘေးလမ်းအတိုင်း လျှောက်လာသည်ကို မြင်လိုက်သဖြင့် ချောင်းထဲ အမြန်ဆင်းကာ တစ်ဖက်ကမ်းသို့ ပြန်ကူးခဲ့သည်။

ထို့နောက် သင်္ချိုင်းဘေးသို့ နှစ်ယောက်သားရောက်လာကြသည်။ "ဒီသင်္ချိုင်းနားကစောင့်ရင် ကောင်းမယ်၊ ဒီနေရာက မြို့တွေပေါ်တယ်"

"ငါသင်္ချိုင်းထဲ မဝင်ရဲဘူးသရဲကြောက်တယ်"

"နေ့ခင်းကြီး ဘယ်ကသရဲကခြောက်မှာလဲ"

"တာ ဂူတွေ၊ မြေပုံတွေနဲ့ ငါကြောက်တယ်"

ကံလှကအတင်းငြင်းနေသည့်အတွက် နွားစားကျက်ကွင်းထဲမှာ ပေါက်နေသည့် ကိုင်းပင်များထဲဝင်ပြီး စောင့်နေကြသည်။

သူတို့လက်ထဲမှာ သင်္ချိုင်းအစပ်နားက ယူလာသောဒုတ်ခဲတစ်လုံးဆီကိုင်ထားကြသည်။

တစ်ကျပ်တန် ငါးကျပ်တန် တစ်ဆယ်ကျပ်တန် တစ်ရာကျပ်တန် သာအသုံးပြုသောအချိန်မို့ ဆယ့်ငါးသိန်းလွယ်အိတ်ကြီး ဖောင်းကားနေသည်။ လွယ်အိတ်ကြီး မှေ့ပိုက်ပြန်လာသော သာစိန်ကိုမြင်သည်နှင့် နောက်မှအသံမကြားအောင်လိုက်ပြီး ဒုတ်ခဲနှင့်ခေါင်းကို ကံလှက ထုလိုက်သည်။

လဲကျသွားသော သာစိန်ကို အောင်မြင့်က အသက်ပျောက်သည်အထိ ထုပစ်လိုက်သည်။ သာစိန်ကို ကိုင်းပင်များကြားထဲဆွဲသွင်းပြီး ကိုင်းတောထဲမှာပင် ပိုက်ဆံများကို ခွဲဝေယူကြသည်။

အချို့ပိုက်ဆံများကို နောက်မှာလာယူမည်ဆိုကာ လွယ်အိတ်နှင့်အတူ မနီးမဝေးကိုင်းပင်ကြားထဲမှာ ထားခဲ့သည်။

ထို့နောက်ရွာထဲသို့ လူခွဲပြီးဝင်လာခဲ့သည်။ သူတို့နှစ်ယောက်ကို မည်သူမှ မတွေ့ကြသဖြင့် သာစိန်သေသည့်ကိစ္စ၊ သက်သေမကောင်းမဖြစ်ခဲ့။

လောင်းကစားမှန်လျှင် မလောင်းရ၊ မကစားရ မနေနိုင်သော အောင်မြင့်နှင့် ကံလှတို့နှစ်ယောက်လည်း လောင်းကစားဝိုင်းမှာပင် သူတို့ကြောက်ပါသည်ဆိုသော သရဲက လူသတ်မှုကိုပြန်ဖော်လိုက်ပြီ မဟုတ်ပါလား ...

xxxxx



# သရဲအတိုက် ဘီလူးအတိုက်နဲ့ မပဲ၀ါ

"ဝုန်း"

"ဒုန်း ... ဒုန်း"

"အမေရေ ... အမေ ... လာပါဦး ... အား"

မောင်သိန်းမြင့် အခန်းမှအာခေါင်ခြစ်ပြီး အသံကုန်အော်ဟစ်နေသည့်အတွက် ဒေါ်သန်းညွန့် အိပ်ယာထဲမှ အပြေးတစ်ပိုင်းထွက်သွားသည်။

"သား ... အမေလာပြီ"

အခန်းဝရောက်တော့ အိပ်ယာပေါ်မှာ အကြောက်လွန်ပြီး အသားတဆတ်ဆတ်တုန်နေသော သားဖြစ်သူကို တွေ့လိုက်သည်။

"သား ... ဘာတွေ့လို့လဲ"

"သ ... သရဲ ခေါင်မိုးပေါ်က သားအခန်းထဲကို ခုန်ချလို့

အော်လိုက်တာ"

"အခုဘယ်မှာလဲ သရဲက"

"သားထအော်တာနဲ့ အခန်းထဲကပျောက်သွားတယ်"

"လာ ... အမေ့အခန်းလာအိပ်၊ မနက်ဖြန်မှာ သားအစ်ကိုး အဖေပြန်လာမှာ အစ်ကိုလာမှ သားအခန်းမှာပြန်အိပ်၊ အခုအမေ ညီမလေးနဲ့ အတူတူအိပ်ကြမယ်"

မောင်သိန်းမြင့်က ဆယ့်သုံးနှစ်ရှိပြီ၊ အစ်ကိုက ဆယ့်ခြောက်နှစ်ဖြစ်သည်၊ ညီအစ်ကိုနှစ်ယောက် ခြေရင်းခန်းမှာ အတူတူအိပ်ကြသည်။

အစ်ကိုအထက်မှာ အိမ်ထောင်ကျပြီး အိမ်ခွဲနေကြသည့် အစ်ကိုတစ်ယောက် အစ်မတစ်ယောက်တို့ရှိသည်။

အဖေနှင့်အစ်ကိုတို့က အဖေ၏မိခင်နေမကောင်းသည့်အတွက် ငွေကြေးကူညီရန် သွားကြခြင်းဖြစ်သည်။

အသွားဖြစ်သူက သူ့အချစ်ဆုံးသော်မြေးကို ခေါ်ခဲ့ရန်မှာလိုက်သည့်အတွက် မသွားချင်သော်လည်း မိခင်ဖြစ်သူကပါအတင်းထည့်လိုက်၍ပါသွားရခြင်းဖြစ်သည်။

အိမ်မှာခေါ်သန်းညွန့်နှင့်အတူ မောင်သိန်းမြင့်နှင့် အငယ်ဆုံးညီမလေးသာ ကျန်ခဲ့သည်။





မိခင်ကြီးကို အလယ်ကထားပြီး မောင်နှမနှစ်ယောက် တစ်ဖက်စီအိပ်ကြသည်။

အိမ်ကြီးဆောက်ပြီးသည်မှာ သုံးလခန့်သာရှိသေးသည်။ မည်ကဲ့သို့ဖြစ်သည်မသိ။ မကြာခဏသရဲခြောက်လှန့်သည်ကို ကြုံရသည်။

အိမ်ပေါ်မှာ ဘီလူးလိုလို တစ္ဆေတစ်ကောင်လိုလို ကြောက်စရာအကောင်ကြီးကိုလည်း တွေ့ကြရသည်။

ထို့အပြင် ဆံပင်ဖွားလျားနှင့် သရဲမတစ်ကောင်ကိုလည်း မကြာခဏမြင်ရသည်။

ဆံပင်ဖွာလျားနှင့်သရဲမကို အိမ်ပေါ်မှာမြင်ရသည်မဟုတ်။ ခြံထဲမှာမြင်ရခြင်းဖြစ်သည်။

တစ်ကိုယ်လုံး အနာကြီးရောဂါသည်လို ခန္ဓာကိုယ်တစ်ခုလုံးအသားများစိုရွဲနေကာ သွေးပြည်တို့ဖြင့် စိုစွတ်နေသည်။

ယင်းသရဲမကို ခြံထဲမှာမှော်ရိုးတစ်ခါ အချိန်အတွင်းသုံးလေးကြိမ်လင်မယားနှစ်ယောက်လုံး တွေ့ခဲ့ကြသည်။

ထို့ပြင် ဘီလူးလိုလို အကောင်ကြီးကိုလည်း အိမ်ပေါ်နေရာစုံမှာတွေ့မြင်ကြသည်။

ထိုကဲ့သို့ သရဲတစ္ဆေများကို မြင်ကြရသော်လည်း လူကိုထိခိုက်သည်အထိ ပြုလုပ်မလာသည့်အတွက် အကြီးအကျယ်ကြောက်လန့်

မှု မရှိခဲ့ကြသေး။

သို့ကြောင့် ဒေါ်သန်းညွန့်လည်း ခင်ပွန်းဖြစ်သူ ဦးစိုးထွန်းအား ယောက္ခမကြီး မကျန်းမမာဖြစ်နေသည်ဟု သတင်းလာပြောသည် အတွက် ဆေးကုသရန် ငွေကြေးကူညီပေးဖို့ လွှတ်လိုက်သည်။

ဦးစိုးထွန်းကလည်း နောက်ကြောင်းမအေးသည့်အတွက် တစ်ညအိပ်သာနေမည်ဟု ပြောသွားသည်။

ယခု ညကိုးနာရီခန့်မှာ အမိုးထုတ်တန်းပေါ်မှ သရဲခုန်ချသည် အတွက် သားဖြစ်သူကြောက်လန့်ပြီး ထအော်သည်မို့ အိပ်ခန်းထဲ ဒေါ်သွင်းပြီး သိပ်ထားလိုက်သည်။

"ဒုန်း ... ဒုန်း ... ဒုန်း"

အခန်းအပြင်ကြမ်းပေါ်မှာ ခြေသံပြင်းပြင်းလျှောက်သံများ ကြား လိုက်ရသည်။

"ဟီး ... ဟီး ... ဟီး"

"ငါ့ပစ္စည်းပြန်ပေး ငါ့ပစ္စည်းပြန်ပေး"

အိမ်အောက်ပတ်လည် လျှောက်နေသော သရဲမကလည်း အဓိပ္ပာ မှန်းမသိသော အရာကိုလာတောင်းနေပြန်သည်။

"ငါ့ပစ္စည်းပြန်ပေး"

နောက်နေ့ညနေပိုင်း ဦးစိုးထွန်းတို့ သားအဖပြန်ရောက်လာ





သည်။ ရောက်ရောက်ချင်း ညကသရဲနှစ်ကောင်လုံး လာရောက် ခြောက်လှန့်သည့်အကြောင်း ပြောပြလိုက်သည်။

"သည်အတိုင်းဆို နေလို့မဖြစ်ဘူးနော်၊ အိမ်မှာရှင်နဲ့ကျွန်မ နှစ်ယောက်ထဲဆို အကြောင်းမဟုတ်ဘူး၊ ကလေးသုံးယောက်ပါရှိ နေတော့ သရဲနဲ့မျက်နှာချင်းဆိုင်တွေ့ရင် ကြောက်လန့်ပြီး သွေးပျက် သွားနိုင်တယ်"

"အဲဒီ ဒီသရဲတွေ မလာအောင် ဘယ်လိုလုပ်ရမလဲ"

"သရဲတစ္ဆေကိုနိုင်မည့် ဆရာသမားများရှာကြည့်ပါလား"

"အမေတို့ရွာကိုရောက်တုန်း သတင်းစုံစမ်းသေးတယ် ဘာမှမရ ဘူး ဦးတင်ဆန်းကိုတော့ အကျိုးအကြောင်းပြောပြပြီး ဆရာကောင်း ကောင်း စုံစမ်းခိုင်းခဲ့တယ်"

"ဦးတင်ဆန်းကိုပဲ အားကိုးမနေနဲ့ ရှင်ကိုယ်တိုင်လည်း စုံစမ်း ဦး"

"အေးပါကွာ ... အခုလေးနာရီခွဲပြီ ထမင်းစောစောစားကြတာ ပေါ့၊ မှောင်ရင်သရဲကရောက်လာချင်လာမှာ"

ညရောက်တော့ မောင်သိန်းမြင့်က အစ်ကိုလှစိုးနှင့်အတူ အခန်း ထဲပြန်အိပ်သည်။

သယ့်နှစ်နှစ်ရှိပြီဖြစ်သော သမီးငယ်အေးအေးစိုးနှင့် မိခင်ဒေါ်သန်း

ညွန့်တို့က အဝ့ုဘုအိပ်သည်။

ဦးစိုးထွန်းက အိပ်သစ်ဆောက်ပြီးကတည်းက ဘုရားစင်ရှေ့၌ နေရာမှာအိပ်ယာပြင်ပြီးအိပ်သည်။

ဦးစိုးထွန်းက အသက်(၅၇)နှစ်၊ ဒေါ်သန်းညွန့်က(၅၂)နှစ်ရှိပြီ ဖြစ်သည်။

အိပ်ပေါ်မှ ခုန်ချသောသရဲတစ္ဆေက ဘုရားခန်းရှေ့ရှိ ဦးစိုးထွန်း အနီးသို့မလာဘဲ ဒေါ်သန်းညွန့်တို့သားအမိအခန်းနှင့် မောင်လှစိုးတို့ အခန်းအနီးမှာသာ လှည့်ပတ်ခြောက်လှန့်တတ်သည်။

အချိန်ကရှစ်နာရီခွဲခန့်ရှိသေးသည်။

အေးအေးစိုးလေး အိပ်ပျော်သွားသည့်အတွက် ဒေါ်သန်းညွန့် အခန်းအပြင်ထွက်လာပြီး ဘုရားခန်းရှေ့အိပ်ယာဘေးမှာ ဆေးလိပ် ထိုင်သောက်နေသော ဦးစိုးထွန်းဘေးမှာ ထိုင်လိုက်သည်။

"မအိပ်သေးဘူးလား"

"မအိပ်ချင်သေးဘူး ရှင့်အမေအခြေအနေ မေးချင်လို့ထွက်လာ တာ"

"အသက်(၈၀)ကျော်ပြီဆိုတော့ ရောဂါတစ်မျိုးမဟုတ် တစ်မျိုး ဖြစ်နေတာ အစာအိမ်ရောင်တာလို့ ဆရာကပြောတယ်တဲ့၊ ဆရာဝန် ပေးတဲ့ဆေးစားတာ သက်သာတယ်လို့ ပြောတယ်"





"ကျွန်မစဉ်းစားမိတာရှိတယ်၊ ရှင့်ကိုပြောပြမလို့ဟာ မပြောမိ ဘူး"

"ဘာကိုစဉ်းစားမိတာလဲ"

"ရှင်ဒီအိမ်ကိုဆောက်မလို့ လက်သမားငှားတော့ သူတို့တောင်း တဲ့ဈေးမပေးနိုင်လို့ စကားများကြသေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ သူတို့ကမတန်ဆတောင်းတာ သူတို့လိုချင်တဲ့ လက်သမားခက အိမ်နှစ်လုံးစာလောက်ဖြစ်နေတာ ဘယ်ပေးလိမ့် မလဲ"

"ရှင်နဲ့ရန်ဖြစ်ပြီး တုတ်ဆွဲဓားဆွဲဖြစ်သွားတဲ့ လက်သမားများ အိမ်ကိုတစ်ခုခုလုပ်ခဲ့လား ... လို့"

"မဖြစ်နိုင်ပါဘူး၊ သူတို့အဖွဲ့နဲ့စကားများလို့ လုပ်မှမလုပ်ဖြစ် လိုက်တာ နောက်လက်သမားတွေက ဈေးလည်းမှန်သလို သဘော လည်းကောင်းတယ်၊ ရက်ချိန်းအတိုင်းပြီးအောင် ဆောက်ပေးသွား တယ် မဟုတ်ဘူးလား"

"ဒါတော့ကျုပ်လည်းသိတာပဲ နောက်လူထဲမှာ ရှင်နဲ့ရန်ဖြစ်တဲ့ လက်သမားခေါင်းဆောင်ရဲ့ လူမရှိဘူးလို့ ပြောနိုင်လို့လား"

"ဖြစ်တော့မဖြစ်နိုင်ပါဘူး၊ သူဟာသူမျက်စေ့လည်ပြီး ရောက်လာ တဲ့သရဲပဲဖြစ်မယ်"

"ဟား ... ဟား ... သရဲသရဲ"

"သရဲ ... ကြီး ကြောက်တယ် ... ကြောက်တယ်"

အေးအေးစိုးအခန်းထဲက ထအော်လိုက်သဖြင့် လင်မယားနှစ်ယောက်လုံး အပြေးထပြီး အခန်းထဲဝင်ခဲ့ကြသည်။ အခန်းထဲမှာ အေးအေးစိုး မျက်လုံးကြီးပြူးပြီး ထိုင်နေသည်။

"သမီး ... သမီး ဘာဖြစ်တာလဲ"

အေးအေးစိုးက ဘာမှပြန်မပြောပဲ မျက်လုံးပြူးပြီး ရှေ့ကိုသာ ကြည့်နေသည်။

"သမီး ... သမီး ဘာတွေ့လို့လဲ"

ဒေါ်သန်းညွန့်က ကြောင်စီစီဖြစ်နေသော သမီးဖြစ်သူအား လှုပ်ပြီး မေးမြန်းလိုက်သည်။

"သ ... သရဲ အခန်းထဲမှာ သရဲ ... ရှိ ... ရှိတယ် ဟီးဟီး"

"မရှိပါဘူး သမီးရယ်"

"ရှိတယ် သမီးကိုသူ့လက်ကြီးနဲ့ လာဆွဲတယ်"

အေးအေးစိုးက တရှုံ့ရှုံ့ရှိုက်ရင်း ပြန်အိပ်သွားသည်။ ဘယ်က ဘယ်လိုရောက်လာမှန်းမသိသည့် သရဲက ကလေးတွေကို ခြောက်လှန့်နေသည်။





"ဝုန်း ... ဒုန်း"

"ခွမ်း"

"ဟင် အမေ ... အမေ ... သရဲ"

ပြန်အိပ်ကာစ အေးအေးစိုးလည်း မီးဖိုခန်းမှအသံတွေကြောင့် အော်ဟစ်ပြီး မိခင်ဖြစ်သူအား ကုတ်ဖက်ထားသည်။

"အဖေ ... အဖေ ... ကြားလား"

"အေး ... ကြားတယ် အဖေအပြင်မှာရှိတယ်၊ မကြောက်နဲ့"

အောင်လှစိုးတို့ညီအစ်ကိုလည်း နိုးသွားကြပြီ။

အိမ်ရှေ့မှာ မှန်အိမ်မီးသာရှိပြီး အိပ်ခန်းများက မှောင်နေသလို မီးဖိုခန်းကလည်း မှောင်နေသည်။

ပြတင်းပေါက်တံခါးများမှာလည်း ပျဉ်ချပ်ကိုဘောင်ကွပ်ထားသည့်အတွက် အပြင်အလင်းရောင်မဝင်နိုင်၊ တံခါးများပိတ်လိုက်သည်နှင့် မှောင်သွားတော့သည်။

ထိုပြင်အိမ်အသစ်ဆောက်ပြီးသည်နှင့် လူမနေသေးဘဲ အိမ်တွင်းရောအိမ်ပြင်မှာပါ ရေနံ့ဂျီးအဝသုတ်ထားလိုက်သည်။

အတွင်းကိုတော့ ရေနံ့ဂျီးအထူမသုတ်ဘဲ ပါးပါးသာသုတ်ထားသည်။ သို့ကြောင့် ညမှောင်၍ တံခါးပိတ်ထားလိုက်သည်နှင့် ရောက်လို့လာတော့သည်။

"ဟီး … ဟီး … ဟီး"

"ငါ့ပစ္စည်းပြန်ပေး … ငါ့ပစ္စည်းပြန်ပေး"

အိမ်အောက်ကသရဲမအသံက ပေါ်လာပြန်သည်။

"ကိုစိုးထွန်း ကြားလား"

"ကြားတယ် အိမ်မှာသူ့ပစ္စည်းက ဘာရှိလို့လဲ စဉ်းစားလို့

မရဘူး"

"ဒုန်း … ဒုန်း"

"ဂျိန်း"

"အမေ … အမေ"

"အမေ … ကြောက်တယ်"

"တောက် … အိမ်ပေါ်ကသရဲရော အိမ်အောက်ကသရဲ

သတ္တိရှိရင် လာခဲ့စမ်း"

"ဟင် … ကိုစိုးထွန်း မဟုတ်တာတွေ လျှောက်မ

နဲ့လေ"

"ငါသည်းမခံနိုင်တော့ဘူး။ အိမ်ပေါ်ကခြောက်လိုက် အိမ်အော

က ခြောက်လိုက်နဲ့ တောက်"

ဦးစိုးထွန်းက မကျေမနပ်ဖြစ်ကာ အော်ဟစ်ပြောဆိုရင်း မီး

ထဲသို့ ဝင်သွားသည်။





အနီးကပ်တစ်ခါမှ သရဲကိုမမြင်ဖူးသေးသည့် ဦးစိုးထွန်းတစ်ယောက် မီးဖိုထဲမှာဆောင့်ကြောင့်ကြီး ထိုင်နေသောတစ္ဆေလိုလို ဘီလူးလိုလိုအကောင်ကြီးကို အစွယ်ပြူးပြူးနှင့် ရုတ်တရက်မြင်လိုက်စဉ် ရင်တွေတဒိတ်ဒိတ်ခုန်ကာ အကြောအချဉ်များဆိုင်းသွားသည်။

တစ္ဆေကြီး၏မျက်လုံးနှစ်လုံးက ရဲရဲနီနေသည်။ ရှည်လျားသော လက်သည်းချွန်ကြီးများနှင့် ဦးစိုးထွန်းကား လှမ်း၍ကုတ်ဆွဲရန် ကြိုးစားနေသည်။

ထိုင်လျက်မဟိတမိဖြစ်နေသည့်အတွက် တစ္ဆေကြီးကုန်းကုန်းကွကွနှင့် ထလာသည်။ တစ္ဆေကြီးထလာသည်နှင့် ဦးစိုးထွန်းရပ်နေရာမှ ပစ်လဲကျသွားသည်။

"ကိုစိုးထွန်း … ကိုစိုးထွန်း ဘာဖြစ်တာလဲ"

ဘာသံမှတုန့်ပြန်ပြောဆိုသည်ကို မကြားသဖြင့် ဒေါ်သန်းညွန့် အခန်းထဲမှ အပြင်ကိုခေါင်းပြူကြည့်လိုက်သည်။

"မီးဖိုခန်းထဲဝင်သွားတာပဲ။ ဘာသံမှလဲမကြားဘူး"

တစ်ယောက်ထဲပြောဆိုပြီး မီးဖိုခန်းထဲသို့ ထွက်လာခဲ့သည်။

အခန်းဝမှာလဲကျပြီး သတိမေ့နေသော ဦးစိုးထွန်းကို ဒေါ်သန်းညွန့် တွေ့လိုက်သည်။

"ကိုစိုးထွန်း … ကိုစိုးထွန်း"

"သားကြီး အိပ်နေလား"

"အမေ အဖေဘာဖြစ်လို့လဲ၊ သားမအိပ်သေးဘူး"

"မအိပ်သေးရင် အပြင်ထွက်ခဲ့ဦး ဒီမှာ မင်းအဖေဘာဖြစ်မှန်းမသိဘူး"

မောင်လှစိုး အပြင်ရောက်လာသည်။

"အဖေ ဘာဖြစ်တာလဲ"

"မေ့လဲနေတာ သားကခေါင်းရင်းက မ အမေကခြေရင်းက မ မယ် ဖြစ်လား"

"မကြည့်ကြတာပေ့ါ အိပ်ယာပေါ်ခေါ်သွားမလို့လား"

"ဟိုကို မ သွားမှဖြစ်မှာပေ့ါ ဒီမှာထားလို့မဖြစ်ဘူး"

"ဟိုး ... ဟိုး ... ဟိုး"

"ဝှိပစ္စည်းပြန်ပေး ... ဝှိပစ္စည်းပြန်ပေး"

အိမ်အောက်ကသရဲမလည်း ပစ္စည်းပြန်တောင်းနေသည်။

သားအမိနှစ်ယောက် ဦးစိုးထွန်းကိုခေါင်းဖက်နှင့် ခြေနှစ်ဖက်မပြီး ဘုရားစင်ရှေ့ရှိ သူ၏အိပ်ယာသို့ သယ်လာကြသည်။

ထိုနေရာရောက်သည်အထိ သတိပြန်မရသေး။

သားအမိနှစ်ယောက် ဦးစိုးထွန်းသတိပြန်ကပ်လာရန် နည်းမျိုးစုံနှင့် ပြုစုကြသည်။





နာရီဝက်ခန့်ကြာမှ အော်ဟစ်ညည်းညူသံပြုပြီး သတိပြန်ရလာသည်။

"ငါဘာဖြစ်သွားတာလဲ"

"မီးဖိုထဲဝင်တဲ့အခန်းဝနားမှာ သတိမေ့ပြီးလဲနေတာမြင်လို့ သားအမိနှစ်ယောက် မီးဖိုခန်းထဲက မ လာကြတာ။ သတိမေ့တာ အနည်းဆုံး နာရီဝက်လောက်ကြာတယ်။

"မီးဖိုခန်းထဲမှာ ဘီလူးတစ္ဆေကြီးကို ဆောင့်ကြောင့်ထိုင်ရက်ကြီး တွေ့လိုက်တယ်၊ မျက်လုံးကြီးက ရဲရဲနီနေတာပဲ၊ ငါ့ကိုရန်ပြုမလို့ ထလာတာလဲမြင်ရော အကြောအခြင်တွေ တုန့်ဆိုင်းနေရာက အကြောက်လွန်ပြီး သတိမေ့လဲကျသွားတာပဲ"

"ခုန်း ... ခုန်း"

"ဂလုံ ... ဂွမ်း"

မီးဖိုထဲမှာအိုးခွက်လင်ဗန်းများ ကျသံပစ်ပေါက်သံများကို ကြားလိုက်ရပြန်သည်။

"မနက်ပြန်ရှင်သွားလာနိုင်ရင် ဆရာအရှာထွက်မှဖြစ်တော့မယ် ဒီအတိုင်းမနေဝံ့တော့ဘူး"

"အေး ... ငါမနက်စာစားပြီးတာနဲ့သွားမယ်၊ ဒီသရဲမီးဖိုထဲမှာ ရှိသေးတယ်၊ လူကိုမလုပ်လိုက်ရလို့လားမသိဘူး၊ အိုးတွေခွက်တွေ

ပစ်ပေါက်နေတယ်”

“ထားလိုက်ပါ ပျက်စီးသွားရင် ပြန်ဝယ်လို့ရတယ်၊ လူဘာမှ မဖြစ်ဖို့အရေးကြီးတယ်”

“သားအခန်းထဲသွားနေ ညီလေးနိုးပြီးလန့်နေဦးမယ်”

မောင်လှစိုးလည်း သူ့အိပ်ခန်းသို့ထွက်သွားသည်။ တစ်ညလုံး လူများကိုမလှုပ်ပဲ အိပ်ခန်းဘေးလမ်းလျှောက်သံပြုလိုက် အိုးခွက်ပန်းကန်များပစ်လိုက်နှင့် တဖြည်းဖြည်းအသံပျောက်သွားသည်။ အချိန်ကလည်း သန်းခေါင်ကျော်သွားပြီ ဦးစိုးထွန်းရော ဒေါ်သန်းညွန့်ရော အိပ်မောကျနေပြီဖြစ်သည်။

နောက်နေ့သို့ကူးပြောင်း ရောက်ရှိလာခဲ့သည်။ ဦးစိုးထွန်းတို့ တစ်အိမ်လုံးမနက်စာ အစာပြေစားကြသည်။

အစာပြေစားပြီးသည်နှင့် ဦးစိုးထွန်းလည်း သရဲတစ္ဆေနှိမ်နင်းနိုင်မည့် ဆရာအရှာထွက်သည်။

အသိမိတ်ဆွေများ အိမ်ဝင်ပြီး စုံစမ်းသည်။

နေ့ခင်းခန့်ရောက်မှ ဆရာသမားရှိရာ လမ်းညွှန်နိုင်သူနှင့် တန်းတိုးသည်။

“ဟာ ... ကိုစိုးထွန်းပြောတဲ့အတိုင်းဆို သရဲကနစ်ကောင်ကောင် ရောက်နေတာပဲ၊ အဲဒီလိုမြန်မြန်နှင်ထုတ်နိုင်မှဖြစ်မယ်၊ ကြာရင်





အိမ်ပေါ်ကလူတွေကို အန္တရာယ်ပေးလာနိုင်တယ်”

“ဟုတ်တယ် ညကအခြေအနေတော်တော်ဆိုးတယ်၊ ဒါကြောင့် မအိပ်တော့ဘူးဆိုပြီး ဆရာလိုက်စုံစမ်းနေတာ”

“အေးရွာကိုသိတယ် မဟုတ်လား”

“အင်း သိတယ်၊ ရောက်လည်းရောက်ဖူးတယ်”

“အေးရွာရောက်ဖူးတာ ဆရာကောင်းသမားကောင်းရှိတာ မသိဘူးလား”

“ဆရာကိစ္စသွားတာ မဟုတ်တော့မသိခဲ့ဘူး”

“အဲဒီရွာ တောင်ဘက်ပိုင်းမှာ အထက်လမ်းပညာလိုက်စားနေတဲ့ ဆရာကြီးဘိုးရှိန်းရှိတယ်၊ အောက်ရွာစုမှာက သူ့တပည့်ဆရာလေး ချစ်သိုက်ရှိတယ်။ အေးရွာကိုသာသွားပြီး ဆရာကြီးကိုအကျိုးအကြောင်းပြောပြ”

“ဆရာကြီးကသူလိုက်ပြီး ရှင်းမယ်ဆို ဆရာကြီးလိုက်လိမ့်မယ်၊ သူလိုက်စရာမလိုပဲ သူ့တပည့်နဲ့ပြီးမယ်ဆို သူ့တပည့်ကိုပဲ လွှတ်လိမ့်မယ်”

“ဒါဆို ကျုပ်တူမောင်ကို လှည်းနဲ့လိုက်ပို့ခိုင်းပြီး ချက်ချင်းသွားမယ်”

“လှည်းနဲ့ဆိုအသွားအပြန် သုံးနာရီလောက်ပဲကြာမယ်”

"ဆရာကြီးလိုက်မယ်ဆို ညနေလေးနာရီလောက်ပြန်ရောက်လာမှာပဲ"

သို့ဖြင့် ဦးစိုးထွန်းလည်း နှုတ်ဆက်ပြီး တူဝရီးတော်သည့် မောင်ဆိုသူအားလှည်းနှင့် အေးရွာကို လိုက်ပို့ခိုင်းသည်။

ဆရာကြီးအိမ်သို့ရောက်ပြီး ဆရာကြီးဘိုးရှိန်းနှင့် တန်းပြီးတွေ့သည်။ ဆရာကြီးအား အကျိုးအကြောင်း ရှင်းပြလိုက်သည်။

ဆရာကြီးက အသေအချာနားထောင်ပြီး သူလိုက်စရာမလို၊ ဆရာကြီးတပည့်ကို ထည့်လိုက်မည်ဆိုကာ ဦးစိုးထွန်းတို့ လှည်းကို အောက်ရွာသို့လွှတ်လိုက်သည်။ ဦးစိုးထွန်းလည်း ဆရာလေးကျော်သိုက်ကို ဆရာကြီးလွှတ်လိုက်သည့် အကြောင်းရော အိမ်ပေါ်မှာ သရဲတစ်ကောင်နှင့် အိမ်အောက်မှာ သရဲတစ်ကောင်ရောက်နေသည့် အကြောင်းပြောပြလိုက်သည်။

ဆရာကြီးပြောသလိုပင် အကြံပက်စက်စွာနှင့် မိသားစုများကို အသေလုပ်ထားသည့် အကြောင်းပြောသည်။

"ဆရာလေးလိုက်ပြီး ရှင်းလင်းပေးပါ"

"ဆရာကြီးကိုယ်တိုင် လွှတ်မှတော့ ကျွန်တော်မလိုက်လို့ မဖြစ်ဘူး၊ စိတ်ချ အိမ်ပေါ်က သရဲရောခြံထဲကသရဲပါ နှင်ထုတ်ပေးပါမယ်"





"ဆရာကိုကျော်သိုက်ကိုမြင်ပြီး ဆရာကြီးက သူကိုယ်တိုင် မလိုက်ပဲ အသက်သုံးဆယ်ဝန်းကျင် လူငယ်တစ်ယောက်ကို လွှတ်သည့်အတွက် စိတ်ထဲက မကျေနပ်ချင်သော်လည်း ဆရာလေး စကားကိုကြားလိုက်ရသဖြင့် အားကိုးစိတ်များဖြစ်ပေါ်မိသည်။

သို့ဖြင့် နေ့ခင်းနှစ်နာရီသာသာခန့် အောက်ရွာမှာနေပြီး ဦးစိုထွန်းတို့ရွာ ကံပွင့်ကုန်းသို့ ထွက်လာခဲ့သည်။

ညနေလေးနာရီခန့် ပြန်ရောက်လာသည်။

ဆရာလေးကျော်သိုက်က သရဲတစ္ဆေရှိနေသော အိမ်ကြီးကိုကြည့်ပြီး အခြေအနေကိုအကဲခတ်မိသွားသည်။

"ဦးလေးတို့ အိမ်မှာရောက်နေတဲ့ သရဲတွေကလာချင်လို့ လာနေတာမဟုတ်ဘူး။ အတိုက်လုပ်ထားတာ အောက်လမ်းနည်းတွေပေါ့"

"ဆရာလေးကိုပဲ အားကိုးပါတယ်"

"ကျွန်တော့်ကို ညခုနှစ်နာရီမထိုးခင်ရအောင် ထမင်းတစ်အိုးနဲ့ ကြက်သားဟင်းတစ်အိုး ချက်ပေးပါ၊ ထမင်းကလေးဗူးလောက်ဆိုရပါပြီ"

"ဖြစ်ပါတယ် မောင်တို့ကို ကြက်ကိုင်ခိုင်းပြီး ချက်ခိုင်းလိုက်မယ်"

"ရွာထဲမှာ နတ်ဝင်သည်ရှိရင် ခေါ်ပေးစေလိုပါတယ်၊ နတ်ဝင်သည်ရှိမှ ပြီးမယ့်သဘောမို့ပါ"

"ရှိတယ် မသန်းညွန့် မပုစိန့်ကိုသိတယ် မဟုတ်လား"

"သိတယ် သူကနတ်ကတော်မဟုတ်ဘူး သူ့အစ်မ မရင်စိန်က နတ်ကတော် ကျုပ်သွားခေါ်ခဲ့ပေးမယ်"

မိနစ်နှစ်ဆယ်ခန့်ကြာတော့ နတ်ကတော် ဒေါ်ရင်စိန်လည်း ဒေါ်သန်းညွန့်နှင့်အတူပါလာသည်။

ဒေါ်ရင်စိန်ကလည်း အသက်ငါးဆယ်ကျော်ခန့်ရှိပြီဟု ဆရာလေးအကဲခတ်မိလိုက်သည်။

"အခေါ်ကိုခေါ်ရတာ မဖဲဝါကိုပင့်ချင်လို့ပါ"

"အော် ... အေးအေး ... ရတာပေါ့ ... မဖဲဝါကို အခုပင့်မှာလား"

"ဟာ ... မဟုတ်ပါဘူး၊ ညရှစ်နာရီလောက်မှ ဒီရွာရဲ့သချိုင်းကိုသွားပြီးပင့်မှာပါ"

"အမလေး ... သချိုင်းကိုသွားပြီး ပင့်မှာလား၊ အခေါ်မသွားရဲပါဘူး"

"အခေါ်တစ်ယောက်ထဲ မဟုတ်ပါဘူး၊ ကျွန်တော်ရယ်၊ ဒီရွာက ယောကျ်ားသုံးလေးယောက်ရယ် သွားကြမှာပါ"





"ယောကျ်ားသုံး လေးယောက် ပါရင်တော့ သွားရဲပါတယ်၊ သချိုင်းထဲမှာ မဖဲဝါကိုသွားပင့်ကြမယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ညရှစ်နာရီလောက်သွားကြမယ်"

"ဒါဆို မသန်းညွန့် ညရှစ်နာရီကျော်ရင် ဖယောင်းတိုင်ကို ဝက်သီးနဲ့ လာခေါ်ခိုင်းလိုက်"

"ဟုတ်ကဲ့ လွှတ်လိုက်ပါ့မယ်"

"ဒါဆိုငါးနာရီလောက်ပဲ ရှိသေးတယ်။ အိမ်ခဏပြန်လိုက်ဦးမယ်၊ အချိန်နီးရင် လာခေါ်ခိုင်းလိုက်"

ဒေါ်ရင်စိန်လည်း အိမ်ပေါ်ကပြန်ဆင်းသွားသည်။ ဦးစိုးထွန်းက တူများဖြစ်သည့် ကိုမောင်နှင့်အောင်မြတို့ကို ကြက်သားဟင်းနှင့် သမင်းချက်ရန် ခိုင်းစေလိုက်ရာ ကိုမောင်ကကြက်တစ်ကောင်ဆွဲပြီး အိမ်ထဲဝင်လာသည်။

"ဦးလေးရဲ့တူတွေ ကြက်ကြီးကိုင်ပြီး အိမ်ထဲဝင်လာပြီ၊ ဒီအိမ်မှာချက်လို့ မဖြစ်ဘူး"

"တောက် ... ဒီငမောင် ဖသေသေချာချာပြောလိုက်ရဲ့နဲ့ လုပ်ချလာပြန်ပြီ"

ဦးစိုးထွန်းအိမ်အောက် ဆင်းသွားသည်။

"ငမောင် ဒီအိမ်မှာ သရဲသဘက်တွေကို နှင်မှာဆိုတော့ ဒီမှာ

ချက်ပြုတ်လို့မဖြစ်ဘူး၊ အောင်မြတို့အိမ်မှာ သွားချက်၊ ဟင်းက မချက်ခင် ဟင်းခတ်အမွှေးကြိုင်အပြီးထည့်၊ တစ်ယောက်မှုမပြည်း မဖဲဝါကိုတင်မြှောက်မှာတဲ့ ကြားကြလား"

"ဟုတ်ကဲ့ ဦးလေး ကျက်တာနဲ့လာပြောပါ့မယ်"

"သွား ..." သွား ... အချိန်ရှိသေးတယ်၊ ဖြည်းဖြည်းသ လုပ်၊ ညခုနှစ်နာရီလောက် ကျက်ရင်ရပြီ"

"ကျက်တာနဲ့ လာပြောမယ်၊ ဦးလေးဟင်းနဲ့ ထမင်းက ဒီအိမ်သယ်မလာတော့ဘူးနော်"

"အေးပါကွာ တယ်စကားအပ်ကြောင်း ထပ်တာပဲ၊ သွားကြ တော့"

သေသေချာချာ ကိုမောင်အိမ်မှာချက်ရန် မှာလိုက်ပေမယ့် အိမ်က သယ်လာသည့်အတွက် စိတ်မရှည်တော့သည့် ဦးစိုးထွန်းကလည်း စကားဖြတ်ပြီး အိမ်ပေါ်ပြန်တက်လာခဲ့သည်။

ဦးစိုးထွန်းတို့အိမ်မှာ ဧည့်သန်းညွှန့်၏ မောင်ဖြစ်သူ ဦးတင်လှ ရောက်နေသည်။

"အောင်မြပြောလို့ ဆရာရောက်နေတယ်ဆိုတာနဲ့ ထွက်လာ တာ ဒီအိမ်မှာညဘက်တစ္ဆေတွေ ခြောက်လှန့်ခံနေရတယ်ဆိုတဲ့ သတင်းကတော့ ရွာထဲမှာ ပျံ့နှံ့နေတာပဲ ဆရာ"





"ကျွန်တော်လည်း ကလေးတွေကို စိုးရိမ်နေတာ၊ ကလေးဆို တာ အကြောက်လွန်ပြီး မဖြစ်သင့်တာတွေ ဖြစ်သွားနိုင်တယ်၊ ဆရာလေးကို အားကိုးပါတယ်၊ တစ်ခါတည်း အပြတ်ရှင်းပေးခဲ့ပါ"

"မဖဲဝါကူညီရင် မဖြစ်ဘူးဆိုတာ မရှိပါဘူး၊ ညရှစ်နာရီ ကျွန် တော်တို့ သချိုင်းထဲသွားရင် အဖော်လည်းရ၊ အတွေ့အကြုံလည်း ရအောင်လိုက်ခဲ့ပါလား"

"ဟာ ... အံ့မျိုးကြုံရခဲတယ်၊ လိုက်ခဲ့မယ်ဆရာလေး"

"ဆရာလေး ... ဦးလေးရော လိုက်ခဲ့လို့မရဘူးလား"

"အိမ်မှာ ဦးလေးမရှိလို့မဖြစ်ဘူး၊ မှောင်လာရင် အခေါ်နဲ့ကလေး တွေကြီးပဲရှိနေရင် မကောင်းဘူး"

"ဟုတ်ပါတယ်၊ ဆရာလေးရော စိတ်ဆန္ဒရှိပေမယ့် လိုက်လို့မဖြစ် မှန်းသိပါတယ်"

သို့ဖြင့် ညခုနှစ်နာရီခန့်ရောက်လာတော့ ကိုမောင်နှင့် အောင်မြ တို့က အားလုံးအဆင့်သင့်ဖြစ်နေပြီ ဖြစ်ကြောင်းလာပြောပြသည်။

ထိုအချိန် မောင်လှစိုးစက်ဘီးဖြင့် လာခေါ်သဖြင့် ဒေါ်ရင်စိန်လည်း ရောက်လာသည်။

ခုနစ်နာရီခွဲပြီးသည်နှင့် အောင်မြတို့အိမ်သို့သွားပြီး ထမင်းစား ကြသည်။ ဦးတင်လှနှင့်အတူ ကိုမောင်နှင့် အောင်မြတို့လည်း

ထမင်းတောင်းထမ်းပြီး အတူလိုက်ခဲ့သဖြင့် သချိုင်းသို့ ဓါးယောက်
သားထွက်ခဲ့သည်။

လဆုတ်ရက်ဖြစ်သဖြင့် လမထွက်သေး၊ လကသန်းခေါင်ကျော်မှ
တစ်ခြမ်းပဲ့လထွက်လာမည် ဖြစ်သည်။

နေဝင်ပြီး ကောင်းကင်မှာ တစ်ပိုင်းတစ်စကျန်ရစ်သော
အလင်းရောင်ကြောင့် လမ်းကိုကောင်းစွာ မြင်ရသေးသည်။

သချိုင်းသို့သွားသော လမ်းအတိုင်းလာခဲ့ကြရာ မကြာခင်မှာပင်
သချိုင်းထဲ ရောက်လာခဲ့သည်။ ဂူတစ်လုံးအပေါ်ပိုင်းကို ရှင်းပြီး
ဖက်ပျော့ရွက်များတင်ကာ ထမင်းနှင့်ကြက်သားဟင်းကို ပုံလိုက်
သည်။ ရေပုလင်းထဲမှ ရေကိုဖလားထဲ လောင်းထည့်ပြီး အနည်းငယ်
ချန်ထားလိုက်သည်။

ဒေါ်ရင်စိန်က ဂူဘေးမှာဆံပင်ဖါးလျားချပြီး ဒူးထောက်ထိုင်နေ
သည်။

"ကဲ ... အဒေါ် လက်အုပ်ချီပြီး မဖဲဝါကို စိတ်ညွှတ်ထားနော်
ကျွန်တော်ပင့်တော့မယ်"

ဒေါ်ရင်စိန်ကို သတိပေးပြီးသည်နှင့် ဦးတင်လှတို့ကို နောက်သို့
အနည်းငယ်ဆုတ်ခိုင်းကာ မဖဲဝါကိုစ၍ ပင့်တော့သည်။

"အရှေ့နေထွက် အနောက်နေဝင်တောင်တဘို့ကွန်မြောက် ...





အတွင်းမှာ မဖဲဝါရှိသည်ဆိုပါက ရောက်နေရာ ရှိသည့်အရပ်မှ
ကြွရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။ မဖဲဝါအတွက် စားပွဲ
သောက်ပွဲများလည်း စီစဉ်လာပါသည်။ ကြွရောက်ပြီးသုံးဆောင်
လှည့်ပါ မဖဲဝါခင်ဗျား"

"တောပိုင် တောင်ပိုင် နယ်မြေပိုင်တို့ကလည်း မဖဲဝါရှိသည့်
အရပ်မှ ဤနေရာသို့ စေလွှတ်ပေးပါရန် တောင်းပန်အပ်ပါသည်။

နှပ်ကြိမ်မျှပင်ပင့်လိုက်သည်နှင့် သချိုင်းထဲ လှုပ်လှုပ်ရှားရှားဖြစ်
သွားသည်မို့ မဖဲဝါလာနေပြီဟု သိလိုက်သည်။

ဒေါ်ရင်စိန်ခြေလက်များ တွေ့ကောက်သွားသည်၊ ချက်ချင်းထိုင်
ရာမှ ဂူပေါ်သွားကာနဲ့ ခုန်တက်သွားသည်၊ ထမင်းနှင့် ကြက်သားများ
ကို အားရပါးရစားနေတော့သည်။

စား၍ပြီးကာမှ ခဏရပ်ပြီးကျော်သိုက်အား ကြည့်သည်။

"ကဲ ... ငါ့ကိုခေါ်တာဘာကိစ္စပေါ်လို့လဲ တဲ့"

"ကံပွင့်ကုန်းရွာထဲက ဦးစိုးထွန်းအိမ်ပေါ်မှာ တစ္ဆေလိုလို
အကောင်ကြီးတစ်ကောင်နဲ့ ခြံထဲမှာသရဲမတစ်ကောင် ညစဉ်လိုလို
ရောက်လာပြီး လူတွေကိုခြောက်လှန့်နေပါတယ်၊ သရဲမဝ၂ဘာပစ္စည်း
မှန်းမသိလာတောင်းနေပါတယ်၊ ကလေးရော လူကြီးတွေပါ
ကြောက်လန့်နေကြပါပြီ"

"အဲဒီသရဲဘာကြောင့် ရောက်လာပါလဲ သိချင်လို့ပါ"

"အေး ... အိမ်ရှင်ဖိုးထွန်းက ဘာသာတရားလုပ်ပြီး ပါးစပ်က မထိန်းနိုင်ဘူး။ အိမ်ဆောက်ကာစက လက်သမားနဲ့ ရန်ဖြစ်ခဲ့တယ်"

"အဲဒီလက်သမားက သူ့ကိုရိုးရိုးဖွဲ့ဖွဲ့ပြောခဲ့တဲ့အတွက် အောက်လမ်းဆရာနဲ့ ပေါင်းပြီးအစီအရင်တွေ လုပ်ခဲ့တာ"

"လုပ်တာကတော့ တစ်အိမ်လုံးအသေလုပ်ခဲ့တာပဲ၊ သူတို့လင်မယားက ဘာသာတရားလည်း ကိုင်းရှိုင်းတယ်၊ အတိတ်ကကုသိုလ်လည်းပါလာတော့ အောက်လမ်းနည်းက ချက်ချင်းမထိရောက်သေးတာ"

"ကြာရင်တစ်အိမ်လုံးသေမှာ၊ ခေါင်တိုင်မှာ ဘီလူးရုပ်တုကို သံနဲ့ရိုက်ထားတယ်၊ အိမ်က လေးပင်မဟုတ်လား၊ တတိယမြောက် ခေါင်တိုင်ထိပ်မှာ အရုပ်ရှိတယ်၊ ဖြုတ်ယူလိုက်၊ ရုပ်တုတွေ အသက်သွင်း အသက်နှုတ်ဂါထာ မင်းဆရာသင်ပေးထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ သင်ပေးထားပါတယ်"

"ဆေးရုပ်ထုကို အသက်နှုတ်ဂါထာနဲ့ မန်းမှုတ်ပြီး မီးသင်္ဂြိုဟ်ပစ်လိုက်၊ သရဲမလာနေတာက ကံပွင့်ကုန်းရွာကသေသွားတဲ့ အစိမ်းသေမြခင်ရဲ့ မြေပုံကိုဖော်ပြီး သူ့အခေါင်းအဖုံးကို ယူလာပြီး အိမ်တံခါးမှာသုံးတဲ့ ပျဉ်အစားအခေါင်းအဖုံးက ပျဉ်ကိုထည့်ထားတာ





"

"မြေရင်းဘက်တံခါးလေးချပ်ကို သေသေချာချာကြည့် အခြား ...ကသစ်တွေနဲ့မတူပဲ အသားမွနေလိမ့်မယ်၊ ရေနံသုတ်ထားလို့ ...ရှင်မသိတာ"

"အဲဒီသစ်တွေပြန်ဖြုတ်ပြီး သူ့မြေပုံကမြေအနည်းငယ်တူးပြီး ...ထည့်ပေးလိုက် ဒါဆို ညတိုင်းလာတောင်းနေတဲ့ သရဲမလာတော့ ...ဟုတ်ဘူး"

"အဲလိုမှပြန်မထားပေးရင် ညဘက်အပြင်ထွက်ရင် သရဲမခြောက် ...ရန်ပြုလိမ့်မယ်၊ အိမ်ပေါ်ကဘီလူးကလည်း လူတွေအကြောက် ...ပြီး အိပ်ယာထဲလဲကုန်ရင် ဝမ်းတွင်းကလီစာတွေ ထုတ်စား ...မယ်"

"အရုပ်ပြန်တာနဲ့ တံခါးလေးချပ်ဖြုတ်ပစ်လိုက် မနက်ဖြန်မမြခင်ရဲ့ ...ရွာပြီး လှာပြန်ထားပေးလိုက်၊ ဘီလူးရုပ်ကိုလည်း ရှာပြီး ...တ်နုတ်ဂါထာရွတ်ပြီး ဖျက်ဆီးပစ်လိုက် ကဲ ... ငါသွားမယ်"

...ပြောပြီးသည်နှင့် ရေဖလားထဲမှရေကိုသောက်ကာ ဒေါ်ရင်စိန်၏ ...ကိုယ်မှ ထွက်ခွာသွားတော့သည်။

...ကိုကျော်သိုက်လည်း ဂူပေါ်မှာခွေခွေလေးလဲကျနေသော ဒေါ်ရင် ... ရေပုလင်းထဲမှာ အနည်းငယ်ချန်ထားသောရေနှင့် တောက်ကာ

သတိရအောင်ပြုလုပ်ပေးလိုက်သည်။

ထို့နောက် ရွာထဲသို့ပြန်လာခဲ့ကြသည်။

ဦးတင်လှက ယောက်ဖဖြစ်သူနှင့်အစ်မတို့အား မဖဲဝါပြော... သည်ကို ရှင်းပြလိုက်သည်။

"တောက် ... သံချောင်းက မကျေနပ်လို့ သူလူတစ်ယော... ကို အေးဆန်းတို့အဖွဲ့ထဲသွင်းပြီး အစီအရင်တွေ လုပ်သွားခဲ့တာ... မဖဲဝါပြောလို့သိရတာ၊ အတော်ကံကောင်း"

"ကဲ ... လေ့ကားရှိလား၊ ဒီတိုင်ထိပ်ကို တက်ကြည့်ရမယ်"

"ကျွန်တော်တက်မယ်"

ကိုမောင်ကပုဆိုးခါးတောင်းကျိုက်ပြီး တက်ကြည့်သည်၊

"မင်းတို့မဖဲဝါပင့်မလို့သွားတာ သိလို့လားမသိဘူး၊ ဘာသ... ရောက်မလာဘူး"

"ဒီမှာတွေ့ပြီ ဦးလေးရေ၊ နှစ်လက်မလောက်ရှိတဲ့ တံ... ရုပ်လေ"

"သေသေချာချာကိုင်ဆင်းလာခဲ့ ငမောင် လွတ်မကျစေ..."

အောက်ရောက်သည်နှင့် ဆရာလေးကျော်သိုက်အား ပေးလိုက်... ဘုရားစင်ရှေ့သွားကာ အသက်နုတ်ဂါထာကို အကြိမ်စေ့အော... ဆောင်ရွက်လိုက်သည်။





"ကဲ အရုပ်ကိုအသက်နုတ်ပြီးပြီ၊ မီးရှို့ပစ်လိုက်"

"ငမောင် မီးဖိုထဲမှာ ရေနွေးအိုးတည်ထားတဲ့ မီးလက်ကျန်ရှိသေးတယ် တစ်ခါတည်း သွားရှို့လိုက်"

ထို့နောက်ဆရာလေးကျော်သိုက်က ဖြုတ်ရမည့်တံခါးလေးချပ်ကိုပြလိုက်သည်။ တံခါးမှန်အစား ပေပျစ်များဖြင့်အကွက်ဖော်ကာ ပိတ်ထားခြင်းဖြစ်သည်။ ဦးစိုးထွန်းနှင့် ဦးတင်လှတို့သားအဖက တံခါးလေးချပ်ကို သံတူရွင်းများဖြင့် ဖြုတ်ပြီးခြံထဲမှာ သွားချထားလိုက်သည်။

"မြခင်က ကလေးမမွေးနိုင်လို့ အစိမ်းသေ သေသွားရတာ သူ့မြေပုံကို ဒါမသိဘူး၊ တင်လှမင်းသိလား"

"ကျွန်တော်နဲ့ ကိုမောင်သိတယ်၊ အသုဘချပြီးတဲ့အထိနေလို့ သူ့မြေပုံနေရာကိုပါသိတယ် အဖေ"

ဦးတင်လှ သားမောင်မြက သိသည်ဟုဆိုသည်။

"အဲဒီပေပျဉ်ချပ်တွေ အကုန်ဖြုတ်လိုက်၊ တံခါးလုပ်ထားတာဆိုတော့ ရှစ်ချပ်ရှိမယ်၊ အဲဒီရှစ်ချပ်ကို သူ့မြေပုံအလယ်တည့်တည့်ကို တစ်ပေသာသာလောက်တူးပြီး ပျဉ်ချပ်တွေထည့်လိုက်၊ နှင့်ပွင့်တွေ လာပို့ပြီးပြီလို့ ပြောခဲ့တယ်ဟုတ်လား"

"ဟုတ်ကဲ့ ဆရာလေး"

မဗဲဒါကို မေးရန်စိစဉ်သည့် ညဦးပိုင်းမှစ၍ သရဲကရောက်မလာ သလို ဘီလူးကြီးလည်း အိမ်ပေါ်မှလည်းမရှုန်ချတော့ မဗဲဒါပြောသည့် အတိုင်း အားလုံးကို ရှာဖွေဖြတ်ယူပြီး ရုပ်တုကိုမီးရှို့ကာအသုဘ ခေါင်းအပုံးပျဉ်ချပ်အပိုင်းအစများကိုလည်း မြခင်မြေပုံမှာ ပြန်ပို့ပေး လိုက်ပြီးပြီ။

ထိုတစ်ညဆရာလေးအခြေအနေသိရန် စောင့်အိပ်ပေးခဲ့သည်။ အားလုံးပုံမှန်အတိုင်း ပြန်ဖြစ်သွားသည့်အတွက် ဆရာလေးအား ကျေးဇူးတင်ကြောင်း တဖွဖွပြောဆိုပြီး လက်ဆောင်များပေးကာ အောက်စုရွာသို့ လှည်းနှင့်ပြန်ပို့ပေးလိုက်လေတော့သည်။

×××××



# ဆေးလိပ်ကြိုက်တဲ့ သရဲ

အချိန်ကာလတွေ ရွေ့လျားကုန်ပြီ၊ ခေတ်ကာလတွေလည်း ပြောင်းလဲလာခဲ့သည်။ တီဗွီတွေ၊ ဗီဒီယိုတွေမှသည်၊ အင်တာနက် (Fb) ခေတ်သို့ရောက်လာသည်။

ဗီဒီယိုတွေအလုပ်မဖြစ်တော့ ရုပ်ပြစာအုပ်တွေအလုပ်မဖြစ်တော့၊ ရပ်ကွက်မြို့ရွာအတွင်းရှိ၊ စာအုပ်အငှားဆိုင်တွေ ပျောက်ကွယ်ကုန် သည်။

စာအုပ်များမရောင်းရတော့သဖြင့် စာပေထုတ်ဝေသူအတော်များ များတခြားသင့်တော်ရာစီးပွားရေးလိုင်းများသို့ ပြောင်းကုန်ကြသည်။

ထိုအထဲမှာအထိနာသည့်အဖွဲ့က ရုပ်ပြရေးသောပန်းချီဆရာများ ဖြစ်သည်။ သူတို့လည်း အခြားလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်

ကြကုန်ပြီဖြစ်သည်။

အချို့က ရေဆေး၊ အချို့ကဆီဆေး၊ အချို့က ခရိုင်လစ်စသည်ဖြင့် စိတ်သန်ရာဘက်သို့ လေ့ကျင့်ကြိုးစားကြရင်း ပြောင်းရွှေ့သွားကုန်ကြပြီ၊

ထိုအထဲမှ ကျွန်တော်အပါအဝင်ရုပ်ပြရေးခဲ့သူ သူငယ်ချင်းမိတ်ဆွေ တော်တော်များများ ရေးဆေးရေးရန် ဆုံးဖြတ်ကြပြီး စနေရေဆေးဝိုင်းလေးဖွဲ့ ဖြစ်ခဲ့ကြသည်။

စနေနေ့ပုံမှန်လူစုကြရင်း ရေဆေးလေ့ကျင့်ကြသည်။ သင်ယူကြသည်။ ရေဆေးအဖွဲ့ကို မြန်မာနိုင်ငံပန်းချီပန်းပုကောင်စီ ဗဟိုမှ အတွင်းရေးမှူး (K Kyaw Myanmar) ကေကျော်(မြန်မာ)က အပတ်စဉ်လာရောက်သင် ကြားပေးခဲ့သည်။ မကြာခဏအောက်ဒိုးထွက်ပြီးလေ့ကျင့် ဖြစ်ခဲ့သည်။ ကိုလှကို၊ ကိုသန်းနိုင် (မွှမွှလေးအကြော်စုံ) ညီအစ်ကိုတို့မှ ကားများရော အစားအသောက်ပါလိုလေသေးမရှိ စီစဉ်ပေးခဲ့ကြသည်။

ယနေ့လော်ကားဘေးမဲ့ ဥယျာဉ်မှာစနေအောက်ဒိုးဆွဲရန် အဖွဲ့သားအားလုံး ထွက်ခဲ့ကြသည်။

လော်ကားဥယျာဉ်ထဲရောက်၍ရှုခင်းရှာရင်းကိုယ့်အမြင် ကိုယ့်အကြိုက်ဖြင့် ရေဆေးတစ်ကားစီးစပြီး ဆွဲဖြစ်ကြသည်။





ထိုအချိန်မှာပဲ သီတင်းကျွတ်လဆန်းမိုးက မထင်မှတ်ပဲ အားပါးတရရွာချလေတော့သည်။

ရေဆေးကားများပေါ် မိုးရေမိုးစက်များကျလာသည့်အတွက် မြန်မြန်သိမ်းဆည်းရင်း အစားအသောက်ရောင်းချနေသော ဘန်ဂလိုတစ်ခုထဲ အားလုံးပြေးဝင်ကြရတော့သည်။

မိုးအေးအေးမှာ ကိုနေရောင်(ဘရဏီ)က ဆေးလိပ်မရှိတော့ပါ၍ ဆေးလိပ်အလွန်သောက်ချင်နေသည်။ မိုးဝင်ခိုသည့်ဆိုင်မှာလည်း ဆေးလိပ်မရောင်းဟု ဆိုသဖြင့်အခက်တွေ့နေရသည်။

ဆေးလိပ်မရှိပါမှ တဖျစ်တောက်တောက်ပြောဆိုနေတော့သည်။ ထိုအခါ အဦးတိုင်မှာထိုင်နေသော ကိုဝင်းဖေ(အဖျောက်)က ကိုနေရောင်အဖြစ်ကိုကြည့်ပြီး တကယ်ကိုယ်ချင်းစာတယ်၊ ကျွန်တော်ဆေးလိပ်သောက်ခဲ့တုန်းက ညဘက်ပုံရေးနေရင်း ညဥ့်နက်တဲ့အချိန် ဆေးလိပ်ကုန်နေရင် ဘယ်လိုမှအလုပ်ဆက်လုပ်လို့ ရှာန်မဝင်တော့ဘူး”

“အဲဒီ ဆေးလိပ်ခွက်ထဲထည့်ထားတဲ့ အတိုလေးတွေရှာပြီး မီးညှိတစ်ဖွာနှစ်ဖွာလောက်ရှိုက်လိုက်ရမှ အလုပ်ဆက်လုပ်နိုင်တယ်၊ တကယ်ပဲ ကိုယ်ချင်းစာပါတယ်”

“ဆေးလိပ်မသောက်ရ မနေနိုင်တာ လူမှမဟုတ်တူး၊ သေပြီးတဲ့

ဘာရဲ့ဗိုဒ်ဘောင်မှ ဆေးလိပ်မသောက်ရလို့ ပြဿနာထရှာ
ကြံဖူးတယ်"

"ဟာ ... ဟုတ်လား တကယ်ကြံဖူးလား"

ကိုဝင်းဖေအနီးမှာထိုင်နေသော ကိုဝင်းက အာတက်သ
လှမ်းမေးသည်။

"ကြံဖူးလို့ပြောတာပေါ့၊ ခင်ဗျားက တကယ်သိချင်လို့လား

"ဟာ ... သရဲအကြောင်းဆို စိတ်ဝင်စားတယ် ပြော

"ဟေ့လူ ကိုဝင်းဖေ အလကားတော့ မပြောနဲ့၊ ဒီလူခင်ဗျား
တဲ့ သရဲအကြောင်းကို လုပ်စားတော့မှာ"

"ဟုတ်ပါ့ဗျာ ဇော်နမင်းအနားမှာရှိတာ မေ့သွားတယ်"

"သိချင်ရင် တစ်ခုခုတော့ ဝယ်ကျွေးမှဖြစ်မှာပေါ့၊ ဘယ်လို
အားလုံးသဘောတူကြလား"

ထိုအခါ ကိုရင်သောင်းတန်နှင့် ကိုလှခင်(ဇွတ်)တို့က တည်
ညွှတ်တည်း ဝင်ထောက်ခံကြသည်။

"ကဲဗျာ ... အကြွေးမှတ်ထားလိုက်၊ နောက်တစ်ခေါက်က
ဖြစ်စေရမယ်"

"အခုဆိုင်ထဲရောက်နေတာ တစ်ခါတည်းပြီးရော မဟုတ်
လား"





"အခု ဒီလူအားလုံးကို အကာခံနိုင်လောက်တဲ့ အင်အားမပါလာလို့
သိက္ခာအကျခံပြီးပြောနေရတာ ဘယ်သူမှအလိုက်ကန်းဆိုးမသိဘူး"

"စေတနာမပါဘူး ပြောပါဗျာ"

"ဆရာဇွတ်ကလည်း စိတ်ကောက်သွားပြန်ပြီ"

"ကဲ ... ကဲ ဒီတစ်ကြိမ်တော့ရှိစေတော့၊ မိုးကလည်းရွာပုံက
မရေးဖြစ်ဆိုတာတော့ ကိုဝင်းဖေရဲ့ ဆေးလိပ်ကြိုက်သည့်သရဲ
အကြောင်းစ၍ ပြောပြပါတော့သည်။

အချိန်က (၁၉၉၈)နှစ်ခန့်ဖြစ်သည်။ ကိုဝင်းဖေတို့ မိသားစု
ဒဂုံအရှေ့ပိုင်း(၁၂)ရပ်ကွက်မှာ နေစဉ်ကဖြစ်သည်။ ထိုအချိန်က
ရပ်ပြမျှား၊ အလုပ်ဖြစ်သေးသည့် ကာလဖြစ်၍ ကိုဝင်းဖေက
(ခဲအောက်လိုင်းရေး၊ ဖော်ဒီမင်းပါ စွယ်စုံလက်ခံလုပ်ကိုင်ခဲ့သည်။

ထိုအချိန်(၁၂)ရပ်ကွက်အတွင်းရှိ ရေးဖော်ရေးဘက် ကိုအောင်
မြင့်ဦး(ဝဏ္ဏအောင်)ထံမှာ ခဲအောက်လိုင်း၊ လက်ခံရေးနေသဖြင့်
အရေးကြီးလျှင်ကြီးသလို အနီးကပ်သွား၍ ရေးပေးရသည်။

ထိုနေ့က တအုပ်အပ်ရက်နီးနေပြီဖြစ်၍ ကိုဝင်းဖေက ကိုအောင်
မြင့်ဦးအိမ်မှာ မနက်ကတည်းကသွားပြီး ခဲအောက်လိုင်းရေးပေးနေ
သည်။

သူခဲပြီးသမျှကို ကိုအောင်မြင့်ဦးတို့က မင်သပ်ရေးကြသည်။

အဖွဲ့အားလုံး ကိုအောင်မြင့်ဦးအိမ်မှာပင် မနက်စာ၊ ညစာစားကြသည်။

တဖြည်းဖြည်းမိုးချုပ်လာသည်၊ ကိုဝင်းဖေက ဖောင်ပြည့်ရန်၊ လေးရွက်ခန့်လိုသေးသဖြင့် ကိုအောင်မြင့်ဦး၏အိမ်နှင့် သိပ်မဝေးသော သူ့အိမ်သို့မပြန်သေးပဲ ကျန်နေသော လေးရွက်ကို အပြီးတိုင်ရေးပေးလိုက်သည်။

ညခုနစ်နာရီက ညရှစ်နာရီအထိ လက်ဖက်ရည်ဆိုင်မှာ စိတ်အပန်းဖြေ အချိန်ဖြုန်းလိုက်ကြသေးသည်။

ရှစ်နာရီကျော်မှ လက်ဖက်ရည်ဆိုင်က အားလုံးပြန်ခဲ့ကြပြီး အလုပ်ဆက်လုပ်ကြသည်။

ဘက်ဂရောင်းရေးသူများ၊ စာလုံးရေးသူ၊ ဘော်ဒီမျက်နှာရေးသူတို့ဖြင့် ကိုအောင်မြင့်ဦးစာအုပ်ကို အမြန်ပြီးစီးရန် တက်ညီလက်ညီရှိနေကြသည်။

ကိုဝင်းဖေ ခဲလေးရွက်ပြီးတော့ ညဆယ်နာရီထိုးသွားပြီး အိမ်မှာရေးလျှင် ထိုအချိန်ထိမကြာ၊ ယခုရေးဖော်ရေးဖက်များနှင့် ပြောင်ရင်းစရင်း ရေးကြသည်မို့ ဆယ်နာရီထိုးမှပြီးခြင်းဖြစ်သည်။

စာအုပ်ကလည်း ဖောင်ပိတ်ပြီးဖြစ်သည်၊ မနက်ဖြန်ညနေပိုင်းထုတ်ဝေသူထံ စာအုပ်အပ်ရန် ချိန်းထားပြီးပြီ။





"ကဲ ... ကျုပ်တာဝန်တော့ပြီးပြီ၊ ခင်ဗျားတို့တာဝန်ပဲ ရှိတော့တယ်၊ အားလုံးကိုနှုတ်ဆက်တယ်"

"ဟေ့လူ ... ဒီအတိုင်းပစ်မထားခဲ့နဲ့လေ၊ မနက်ဖြန်လာပိုင်းကူဦး၊ လိုအပ်တဲ့အပိုင်းကိုဝင်ပြီး ကူညီပေးဦး"

"ဒီအတိုင်းတော့ ဖြစ်မလားဗျ"

"စာအုပ်ပို့ပြီးရင် ညဆိုကြမယ်လေဗျာ၊ ဒီကိစ္စကပြောစရာမလိုပါဘူး၊ အားလုံးတစ်စိတ်တစ်ဝမ်းတည်းပဲဟာ"

"မနက်ဆိုင်ထိုင်အမီလာခဲ့"

"အေး ... လာခဲ့မယ်၊ ကဲ ... အားလုံးပြန်ပြီ"

ကိုဝင်းဖေက သောက်လက်စဆေးပေါ့လိပ်ကို မီးညှိပြီးလမ်းပေါ် ထွက်လာခဲ့သည်။

အချို့အိမ်များက အိပ်ကုန်ကြပြီး လမ်းမီးမှိန်ပြပြ ကားလမ်းပေါ်မှာ လမ်းလျှောက်ပြန်ခဲ့သည်။ ဆေးပေါ့လိပ်ကို ခပ်မှန်မှန်ဖွာရှိုက်ရင်း အိမ်ဘက်သို့လမ်းလျှောက်ပြန်ခဲ့သည်။

ဆေးလိပ်ကနောက်နှစ်ဖွာလောက် ဖွာလိုက်လျှင် အစီခံကိုရောက်တော့မည်၊ ပွင့်မပစ်ခင် အားရပါးရဖွာရှိုက်လိုက်သည်။

"အား"

ပါးစပ်မှာကိုက်ထားသော ဆေးလိပ်ကိုဆောင့်ယူခြင်းခံလိုက်ရ

သဖြင့် ရုတ်တရက်ထိတ်လန့်ပြီး အသံပြာသည်အထိအော်လိုက်မိ
သည်။

သူ့ပါးစပ်မှဆွဲယူခံလိုက်ရသည့်ဆေးလိပ်ကို သူ့ရှေ့မှာ ဘာ
အကောင်မှမမြင်ရပဲ နှစ်ချက်သုံးချက်ခန့်ရဲကနဲ၊ ရဲကနဲမြင်လိုက်ပြီး
ဆေးလိပ်ကို ဘေးသို့ပစ်ပေါက်လိုက်သည်ကို ဆက်တိုက်မြင်နေ
ရသည်။

" × × × မ ... သရဲ"

" × × × မ ... သရဲ"

ကြောက်ကြောက်လန့်လန့်နှင့် ပါးစပ်ကအစော်တရော် ဆဲသံ
များ ထွက်သွားတော့သည်။

အသံကပုံမှန်မဟုတ် တုန်တုန်ရီရီနှင့် အသံကုန်ထွက်သွားသည်။

ထိုအချိန်ကို အောင်မြင့်ဦးတို့အိမ်နှင့် သုံးအိမ်ခန့်သာကွာဝေး
သည်မို့ ညတိတ်ဆိတ်ချိန်မှာ ကိုဝင်းဖေ၏အသံကို အားလုံးကြား
ကြသည်။

သူတို့အိမ်ထဲမှပြေးထွက်လာကြသည်။

"ကိုဝင်းဖေ ... ဘာဖြစ်တာလဲ၊ ခင်ဗျားအသံကြီး မဟုတ်လား"

အားလုံးအနားရောက်လာပြီး ကိုင်လှုပ်မေးမှ ကြောင်စီစီနှင့်
ရပ်နေသော ကိုဝင်းဖေလှုပ်ရှား၍ ရတော့သည်။





"သ ... သရဲအခြောက်ခံလိုက်ရလို့"

"လာလာ ... အိမ်ခဏပြန်မယ်၊ ပြီးမှ ကျုပ်တို့အားလုံး
ခင်ဗျားအိမ်ကို လိုက်ပို့ပေးမယ်"

ကိုအောင်မြင့်ဦးက ကိုဝင်းဖေကို သူ့အိမ်သို့ ပြန်ခေါ်သွားသည်။

"ကဲ ရေအေးတစ်ခွက်သောက်လိုက်၊ ဒီလမ်းရဲ့ထိပ်ဆုံးနားက
အိမ်မှာနာရေးဖြစ်နေတယ်၊ ဓါတ်တိုင်းဒီလမ်းမှာ သရဲခြောက်တာ မကြား
ပါဘူး၊ အဲဒီအိမ်က သေတဲ့လူလမ်းထဲ လျှောက်သွားနေတုန်း
ခင်ဗျားနဲ့ပက်ပင်းတိုးတာဖြစ်မယ်"

"ခင်ဗျားတို့ဘယ်လိုခြောက်လှန့်တာလဲ"

"ဆေးလိပ်လုသောက်တာ ရုတ်တရက်ဆိုတော့ ရင်ထဲထိတ်
ခနဲဖြစ်သွားတယ်"

"ကြောက်လန့်ပြီး ထအော်လိုက်တာအသံ ထွက်သွားလို့
တော်သေးတယ်"

"ဆေးလိပ်ကလည်း အစိခံနားရောက်နေပြီး သရဲလည်းနှစ်ဖွာ
လောက်ပဲ သောက်လိုက်ရတယ်၊ သူဆေးလိပ်သောက်နေတုန်း လူက
လှုပ်မရတော့ပဲ ပါးစပ်ကဆဲတဲ့အသံတွေ ထွက်လာတာပဲ"

"ကဲ ... ရင်တုန်တာပျောက်ပြီဆို အိမ်လိုက်ပို့ပေးမယ်"

သူတို့အားလုံး ကိုဝင်းဖေအား လိုက်ပို့ပေးကြသည်။

ဘူတို့သွားသည့်လမ်းက အသုဘရှိသောအိမ်အထိ မရောက်
အလယ်လောက်မှာ လမ်းသွယ်တစ်ခုက ကန့်လန့်ဖြတ်ရှိနေသည်
ထိုလမ်းအတိုင်း တပင်ရွှေထီးလမ်းမပေါ် ဖြတ်တက်လိုက်သည်

"ကဲ ... ပြန်လို့ရပြီ"

"အိမ်ခြံဝအထိ လိုက်ပို့ပေးမယ်"

တပင်ရွှေထီးလမ်းမပေါ်မှာ လူအချို့သွားလာနေတုန်း ရှိသေး
သဖြင့် လိုက်ပို့သောသူငယ်ချင်းများကို ပြန်လွှတ်ပေးမယ့် အိမ်ဝအထိ
လိုက်ပို့ပေးသည်။

"အားလုံးကို ကျေးဇူးတင်တယ်"

"မနက်ခုနစ်နာရီခွဲလောက်လာခဲ့၊ လက်ဖက်ရည်ဆိုင်မှာရှိနေ
မယ်"

"ဒိတ်ချ လာခဲ့မယ်"

အားလုံးနှုတ်ဆက်ပြီး ပြန်သွားသည်။

ကိုဝင်းဖေလည်း အိမ်ထဲမှာသမီးနှစ်ယောက်နှင့် မိခင်ဖြစ်သူ
အိပ်နေကြသည်။

သည်ညကိုအောင်မြင်ဦးအိမ်မှာ ဖောင်ဖြတ်တာညအိပ်ညနေကျ
ယင်ပြီး သမီးနှစ်ယောက်ကို ခေါ်အိပ်ခြင်းဖြစ်သည်။

အကြီးမရှစ်တန်း၊ အငယ်မက်ာငါးတန်းရှိနေပြီး ခြေရင်းအခန်း





အိပ်ခန်းဖွဲ့ပေးထားသည်။

ကိုဝင်းဖေလည်း ကလေးများကို မနှိုးတော့ပဲ အပြင်မှာခေါင်းအုံး
နှင့်စောင်ဆွဲယူပြီး အိပ်လိုက်တော့သည်။ မအိပ်ခင်ဘုရားစင်မှာ
သောက်တော်ရေ ခွက်သောက်လိုက်သေးသည်။

မနက်ငါးနာရီခွဲခန့် အိပ်ခန်းထဲမှနိုးလာကြသော သားအမိက
အပြင်မှာအိပ်နေသော ကိုဝင်းဖေအား တွေ့လိုက်သည်နှင့်

"ဟင် ... ဖေကြီး ဘယ်အချိန်ကပြန်ရောက်လာပြီး အိပ်နေ
တာလဲမသိဘူး"

"မြင်တွေတော့ ကိုက်ကုန်ပါပြီ"

"အဖေကြီး ... အဖေကြီး ထ အိပ်ခန်းထဲဝင်အိပ်လေ၊
ကျုပ်တို့အားလုံးနိုးနေပြီ၊ အိပ်ခန်းထဲဝင်အိပ် အိမှလွှတ်လွှတ်လပ်လပ်
အိပ်လို့ရမှာ"

"နေပါစေ မအိပ်တော့ပါဘူး"

"တော် ဘယ်အချိန်ကပြန်ရောက်တာလဲ"

"ဆယ်နာရီခွဲလောက်ရှိမယ် တခါးမနှိုးချင်လို့ ဘယ်သူ့မှမနှိုး
ပဲ အပြင်မှာအိပ်လိုက်တာ၊ ညကပြန်လာတော့ သရဲအခြောက်ခံလိုက်
ရတယ်၊ သရဲအိမ်အထိပါလာပြီး မဖြစ်သင့်တာမဖြစ်အောင် အပြင်မှာ
ပဲအိပ်လိုက်တာ"

"ကလေးတွေကြီးနေပါပြီ၊ ရှာကအပြစ်မျိုး မကြုံနိုင်တော့ပါဘူး"

"သရဲဆိုတာ အကြီးအသေးခွဲခြားမှာ မဟုတ်ဘူး"

"ကိုဝင်းမေလည်း အနီးမှာလာထိုင်နေသော ဇနီးနှင့်သမီးတို့အား သရဲအခြောက်ခံရပုံကို ပြန်ပြောပြလိုက်သည်။

"တော်သေးတာပေါ့ ဆေးလိပ်ကိုပဲပစ်ပေါက်သွားလို့ အိမ်အထိ တော့သရဲပါမလာဘူး ထင်ပါတယ်"

"သရဲ ... ပါမပါ ဘယ်သိမလဲ၊ ကိုတင်ကြိုင်လည်း သရဲပါတာ မသိလို့ ဖြစ်သွားတာမဟုတ်လား"

ကိုဝင်းမေတို့ပြောသော ကိုတင့်ကြိုင်ဆိုသူက သူတို့နယ်သား၊ လယ်ကွင်းထဲမှာ တဲထိုးပြီး ကလေးနှစ်ယောက် ဇနီးနှင့်အတူနေကြသည်။

တစ်ည အပြင်ကအရက်သောက်ပြီး ပြန်အလာလမ်းမှာ သရဲအခြောက်ခံလိုက်ရသည်။

တဲရောက်သော် ညကိုးနာရီခန့်ရှိပြီ၊ ကလေးနှစ်ယောက်နှင့် ဇနီးတို့က အိပ်ယာထဲရောက်နေပြီ။

ကိုတင်ကြိုင်က ဝင်မအိပ်သေး အပြင်မှာခဏထိုင်နေသည်။ အိမ်ထဲမှာ ဇနီးသည်ရဲ့ ဟောက်သံထွက်လာသည်။

ကိုတင်ကြိုင်အိပ်မည်ဟု ဆုံးဖြတ်ပြီး အခန်းထဲဝင်သွားသည်။





ဇနီးဘေးမှာအိပ်နေသော သားငယ်ကို ရှာမတွေ့ပဲ ကြောက်စရာသရဲကြီးတစ်ကောင်၊ ဇနီးဘေးကပ်အိပ်နေသည်။

သူ့မျက်စေ့ကို သူမှတ်ကြည့်လိုက်သည်။ သူသရဲဟုမြင်လိုက်သော အငယ်ဆုံးသားငယ်ကို မြင်ရပြန်သည်။

ဒါပေမယ့် ဇနီးသည်၏ဟိုဘက်မှာ အိပ်နေသောသားကြီးက အိပ်နေရာကကုန်းထနေသည်။ သူ့ကိုလှည့်ကြည့်လိုက်စဉ် စောစောကမြင်လိုက်သောသရဲ ဖြစ်နေသည်။ သားကြီးမဟုတ်တော့။

ထိုအခါ ကိုတင်ကြိုင်သားများဟု မမြင်တော့ပဲ သရဲတစ်ကောင်၊ ကလေးတွေနှင့် ဇနီးဖြစ်သူကြား ဝင်အိပ်နေသည်ဟု ထင်လိုက်သည်။

ကိုတင်ကြိုင်စိတ်ဆိုးသွားသည်၊ အပြင်ပြန်ထွက်ပြီး ထရံမှာထိုးထားသော ကိုင်းခုတ်ဓားကို ဆွဲယူကာ ထိုသရဲကောင်ကို ဝင်ခုတ်ပစ်သည်။

အမြှောင်းသွေးနေသော ကိုင်းခုတ်ဓားက သရဲကိုတိကနဲပိုင်းပစ်သည်။

"ဟာ ... အကြီးကောင်ပါလား"

"ဟီး ... ဟီး ... ဟီး"

အိပ်နေသောဇနီးဖြစ်သူ ကြောက်စရာအသံကြီး ပြူးပြီးထလာသည်။ ဇနီးသည်မဟုတ်တော့ပဲ သရဲဖြစ်နေပြန်သည်။

"တောက် ဒီသရဲသေပဲမသေနိုင်ဘူး"

ကိုတင်ကြိုင်သရဲမကို ဓားနဲ့တစ်ချက်တည်း လွှဲခုတ်ပစ်သည်။

"ဘုန်း"

ထထိုင်နေသောသရဲ ဓားချက်မိပြီ ပက်လက်လန်ကျသွားသည်။

"ဟင်း ... မတင်ကြည် မတင်ကြည်"

ကိုတင်ကြိုင်ဓားလွှတ်ချပြီး ဇနီးကိုလှုပ်နေစဉ် အငယ်ဆုံးသား လေးက တပြည်းပြည်းကြီးလာပြီး အိပ်နေရာကကုန်းထလာနေပြန် သည်။

သားကြီးနှင့်ဇနီးတို့၏ သွေးပျက်ဖွယ်အဖြစ်ဆိုးကိုမြင်ပြီး သရဲကို ဖြစ်သည့်နည်းနှင့် အသေသတ်ပစ်ရန် ဆုံးဖြတ်လိုက်သည်။

သို့ကြောင့် သူနှင့်မလှမ်းမကမ်းကုန်းထလာသည့် သရဲကောင်ကို ရှင်သန်ခွင့်မပေးပဲ၊ တစ်ချက်တည်းနှင့် အသေသတ်ရန်အနီးသို့ ခုန်ဝင်လိုက်ပြီး ကိုင်းခုတ်ဓားနှင့်ပိုင်းချလိုက်သည်။

သည်တစ်ခါတော့ သရဲတစ်ကောင်ဇက်ပြတ်သွားပြီး ကုန်းထ နေရာမှ ပြန်လဲကျသွားသည်။

"ဟင် ... သ ... သရဲ"

"သရဲ ... မဟုတ်ပဲ ငါ့သားငယ်လေးပါလား"

ကိုတင်ကြိုင်ဓားကိုပစ်ချပြီး သရဲအမှတ်နှင့်ခုတ်ပိုင်းထားသော





သားနှစ်ယောက်နှင့် ဇနီးအားကြည့်ပြီး ချုံးပွဲချကာ အော်ဟစ်ငိုနေ သည်။

လမ်းမှာခြောက်လှန့်ခဲ့သောသရဲက အိမ်အထိလိုက်ပါလာကာ ဆိုရင်သွေးများနှင့် ဇနီးတို့မှာပူးကပ်နိုင်၍ စိတ်ကိုလှည့်စားခြောက် လှန့်ခဲ့သည်။

ကိုတင်ကြိုင်လည်း ဆိုးဝါးလှသောအဖြစ်ကိုမြင်ပြီး သွေးပျက်ကာ ရူးကြီးဖြစ်သွားတော့သည်။

ရဲများလာဖမ်းပြီး စိတ္တဇဆေးရုံမှာတင်၍ ကုသခဲ့သော်လည်း ဆိုးဆိုးဝါးဝါးရူးသွပ်ကာ သေဆုံးသွားတော့သည်။

ကိုဝင်းဖေလည်း ထိုအဖြစ်အပျက်ကို သိထားခဲ့သည့်အတွက် အိမ်ပြန်ရောက်ရောက်ခြင်း၊ ဘုရားစင်မှာ သောက်တော်ရေတစ်ခွက် တင်၍ အန္တရာယ်ကင်းရန်ဆုတောင်းပြီး စိတ်ချလက်ချအိပ်လိုက် သည်။

တစ်ချိုးတည်းအိပ်ပျော်သွားကာ ဇနီးဖြစ်သူ လာနှိုးမှနိုးခဲ့သည်။

"အိပ်မနေတော့ဘူး၊ ခုနှစ်နာရီအောင်မြင့်ဦးတို့နဲ့ လက်ဖက်ရည် ဆိုင်မှာချိန်းထားတယ်၊ ဒီနေ့ဖောင်ဖြတ်ပြီး ထုတ်ဝေသူဆီပို့နိုင်အောင် ပြင်းလုပ်ပေးရမယ်၊ ဒါမှညနေကျန်တဲ့ ခဲဗိုးရမှာ"

"ဒါဆို ထမင်းထည့်မချက်တော့ဘူးနော်"

"ဟိုမှာပဲစားမယ်"

သို့ဖြင့် အိမ်မှာလည်းလုပ်စရာရှိသည်တို့ကို လုပ်ကိုင်ပြီး ခြောက်နာရီခွဲကျော်သည်နှင့် ထွက်ခဲ့သည်။

ဖောင်ဖြတ်ရက်မို့ အားလုံးတက်ညီလက်ညီ တက်ကြွနေသည်။ ညနေပိုင်းဒိုင်းပို့ပြီးသည်နှင့် လုပ်အားခများရတော့မည်မို့ မြန်မြန်ပြီးရန်စိတ်စောနေကြသည်။

ကိုဝင်းဖေတစ်ယောက် ကိုအောင်မြင့်ဦးအိမ်သို့ရောက်တော့ လက်ဖက်ရည်ဆိုင်သွားရန် ထွက်လာသည့်အုပ်စုကို ခြံဝမှာဆုံလိုက်သည်။

"အတော်ပဲ ဆိုင်သွားကြမယ်"

လမ်းဆုံသို့ထွက်လာကြသည်၊ ထိုင်နေကျမို့ ဆိုင်ထဲရောက်သည်နှင့် ပေါ့ဆိမ့်နှစ်ခွက်၊ ကျဆိမ့်သုံးခွက်စသည်ဖြင့် စားပွဲထိုးလေးအော်ကြတော့သည်။

လက်ဖက်ရည်များရောက်လာတော့ စကားမျိုးစုံ ရောက်တတ်ရာပြောကာ၊ အချိန်ဖြုန်းနေကြသည်။

"ဟေ့ ညကအသုဘအိမ်မှာ အေးပုမကို သူ့အစ်ကိုကျော်ကြီးက ဝင်ပူးလို့ဆိုပါလား"

"မင်းဘယ်လိုသိတာလဲ"





"ငါ့ယောက်ဖက အသုဘအိမ်ရောက်နေလို့ သူပြောပြတာနဲ့သိရတာ"

"ဘာတွေဝင်ပူးပြီးပြောသွားတာလဲ"

"ကျော်ကြီးဆိုတဲ့ကောင်က အရက်လည်း စွဲစွဲလမ်းလမ်းသောက်တဲ့ကောင် မဟုတ်ဘူး၊ ကွမ်းလည်းမစားဘူး၊ ဆေးလိပ်ကတော့ မီးခိုးခေါင်းတိုင်ထအောင် သောက်တဲ့ကောင်၊ သူ့ပါးစပ်မှာဘယ်အချိန်မှ ဆေးလိပ်ပြတ်တယ်မရှိဘူး မဟုတ်လား"

"ဟုတ်ပ! ဒီကောင်နဲ့မဆုံလိုက်နဲ့ဆုံလိုက်တာနဲ့ ဆေးလိပ်ကောင်း သောက်တော့တာပဲ"

"ဒီကောင် ဒီလောက်ဆေးလိပ်ကြိုက်မှန်း တစ်အိမ်လုံးသိရဲ့သားနဲ့ သူသေတော့ သူ့ကိုဘယ်သူမှ ဆေးလိပ်မတိုက်ဘူးတဲ့"

"အဲဒါ မကျေနပ်လို့ဝင်ပူးပြောတာ"

"သူ့ကို ဘယ်သူမှဆေးလိပ်မတိုက်လို့ တိုက်ရှာသောက်နေရတယ်တဲ့"

"ဝင်ပူးပြီးပြောတာနဲ့ သူ့အခေါင်းပေါ်မှာ ဆေးလိပ်တစ်စည်းထားပေးမယ်ပြောမှ ပူးကပ်ရာကထွက်သွားတယ်တဲ့"

"ဝံပါပဲ ဒီကောင်ဆေးလိပ်ကြိုက်ချက်ကတော့"

ကိုအောင်မြင့်ဦးက တစ်ဖက်ပိုင်းမှ သေသူကျော်ကြီးအကြောင်း

ပြောနေသူကို သိသည့်အတွက် လှည့်ပြီး ...

"ဟာ ... ဟုတ်လား၊ ဘယ်မှာလုသွားတာလဲ"

"ညဆယ်နာရီလောက်က အလုပ်သိမ်းပြီး အပြန်လမ်းထဲလည်း ရောက်ရော ပါးစပ်မှာဖွာကာစ ဆေးလိပ်တိုကို လုယူသွားပြ သောက်တော့တာပဲ ဆေးလိပ်က အစီခံနားရောက်နေပြီး သူလည်း နှစ်ဖွာသုံးဖွာလောက်သောက်ပြီး ဆွဲလွှင့်ပစ်တယ်"

"ဒီကောင်ကို မြင်ရလား"

"မမြင်ရဘူး၊ ဆေးလိပ်မီးရဲကနဲ ရဲကနဲပဲမြင်ရတာ ကျွန်တေ ကြောက်လန့်ပြီး ယိုသံပါအောင်ထအော်တာ အဆဲလည်းမျိုးစုံသွ တယ်"

"ကိုကျော်ကြီးသေတာလည်း ကျွန်တော်မသိဘူးလေ၊ သူသေ ထားတယ်ဆိုရင် တစ်ယောက်ထဲ မပြန်ဝံ့ပါဘူး"

"သူ့ကိုဆေးလိပ်မပေးတာနဲ့ လမ်းထဲလျှောက်သွားရင်း ဆေး လိပ်အရှာထွက်တာ ဖြစ်မယ်"

"ဒါဆို အခုနေ ကိုနေရောင်သေသွားရင် ဆေးလိပ်အရှာထွက် မှာပဲထင်တယ်"

အဲဒီလောက်တော့ ဆိုးမယ်မထင်ဘူး၊ ကိုဝင်းဖေလည်း လွ သော ဆယ်နှစ်ကျော်ခန့်က သူကြုံခဲ့ရသောဆေးလိပ် လုသေ





သည့် သရဲအကြောင်းပြော၍ ပြီးသွားသလို မိုးလည်းမရွာတော့သည့် အတွက် ရေးလက်စပန်းချီကားများကို လက်စဖြတ်ရန် ဆိုင်အပြင် သို့ထွက်ခဲ့ကြတော့သည်။

×××××

# ဝါးနက်ချောင်းက တစ္ဆေသားအမိ

တောင်ဥက္ကလာပမြို့နယ်၊ ရတနာလမ်းပေါ်ရှိ မြတွန်းဝပ်ရှော့ အတွင်း မနက်ခုနှစ်နာရီထိုးသည်နှင့် သက်ဝင်လှုပ်ရှားနေပြီဖြစ်သည်။

ဝပ်ရှော့အလုပ်သမားငါးယောက်ရှိသည့်အနက် အလုပ်ရုံမှာ လေးယောက် ညအိပ်ညနေနေထိုင်သည်။

သူတို့လခအပြင် အပ်လာသောကား ရက်ချိန်းမှန်အောင် လု ပေးနိုင်လျှင် ဘောက်ဆူးသက်သက်ပေးသဖြင့် အရေးကြီးလျှင်ကြီး သလို အချိန်သတ်မှတ်ချက်မရှိပဲ ပြီးစီးအောင်လုပ်ကိုင်ပေးကြသည်။

ထို့ကြောင့် ညဘက်လည်းလုပ်ကြသည်၊ မနက်လက်ဖက်ရည် ဆိုင်စောစောထွက်ပြီး ခုနစ်နာရီနှင့် ရှစ်နာရီကြား အလုပ်ခွင်ဝင်ရော နေကြပြီဖြစ်သည်။





အပ်ထည်များများလက်ခံထား၍ အချိန်မီမပြီးစီးနိုင်ဟု မှန်းမိလျှင် နေ့စာအလုပ်သမားများ ခေါ်ထည့်ပြီးလုပ်ကြသည်။ ကားနှင့်ပတ် သက်၍ လုပ်နိုင်ကိုင်နိုင်သူ အလုပ်လက်မဲ့များ၊ သူတို့အလုပ်ရုံမှာ စာရင်းပေးထားကြသည်။ ထိုသူများကို အရေးကြီးလျှင်ကြီးသလို ဆက်သွယ်ခေါ်ယူ လုပ်ကိုင်ကြသည်။

ပင်တိုင်အလုပ်သမား မောင်စံဝင်းက မြောက်ဥက္ကလာ ကျောက် ရေတွင်း ရပ်ကွက်မှာနေသည်၊ သည်နေ့စောစောလာခဲ့ရန် အသေ အချာ ချိန်းထားသော်လည်း ရှစ်နာရီကျော်သည် အထိရောက်မလာ။

သည်နေ့ညနေလေးနာရီမှာ ကားတစ်စီးအပြီးကိုင်ကာ ပိုင်ရှင်ထံ အပ်ရမည်။

"ဟေ့ အုန်းလှိုင်၊ စံဝင်း မရောက်သေးဘူးလား"

"မရောက်သေးဘူး ဆရာရေ၊ မနေ့ကအသေအချာ စောစော လာဖို့မှာလိုက်တာပဲ"

"ကိုးနာရီထိုးလို့မှ ရောက်မလာရင် မင်းတော်ဖိုကို နေ့စားတစ် ရက်လာဆင်းပေးဖို့ လှမ်းခေါ်လိုက်"

"မလာနိုင်ရင်လည်း စောစောစီးစီး အကြောင်းမကြားဘူး"

ထိုစဉ်မှာပဲ မောင်စံဝင်းနှင့်အတူ အသက်လေးဆယ်ခန့်လူကြီး တစ်ယောက်တို့ အလုပ်ရုံထဲဝင်လာသည်။ မောင်စံဝင်းက အသက်

ဆယ့်ခုနှစ်နှစ်ရှိပြီဖြစ်သည်။

"ဆရာ ဒါကျွန်တော့်အဖေ ဦးခင်မောင်ပါ။ ကျွန်တော့်ကို စိတ်မချလို့ဆိုပြီး လိုက်ပို့ပေးတာပါ"

"တာ ... ဟုတ်ကဲ့၊ ကျွန်တော်မြထွန်းပါ"

"ဟုတ်ကဲ့ ကိုမြထွန်း ညကအလုပ်ကအပြန် လွန်ခဲ့တဲ့ညက ကားတိုက်ပြီးသေဆုံးသွားတဲ့ သရဲကလမ်းထိပ်အဝင်မှာ သူ့ကိုလိုက်ခြောက်လှန့်လို့ တစ်ညလုံးခေါ်မရ မေးမရ ကြောင်စီစီဖြစ်နေတာ၊ ဒီမနက်မှ အခြေအနေပုံမှန်ဖြစ်သွားတယ်"

"သူ့အမေရော သူ့အဘွားကရော ဒီနေ့အလုပ်ကိုမသွားနဲ့ဦး ဖုန်းဆက်ပြီးခွင့်ယူလိုက်ဆိုတာ အလုပ်မှာအရေးကြီးတယ်၊ မသွားရင်မဖြစ်ဘူးပြောနေတာနဲ့ ကျွန်တော်လိုက်ပို့ပေးတာ"

"တာ ... ဟုတ်လား၊ မောင်စံဝင်း အနားယူချင်ယူလိုက်လေ၊ ဒီမှာ မောင်အုန်းလှိုင်ကို လူအကူခေါ်ဖို့တောင် ပြောဆိုထားပြီးပြီ"

"ကျွန်တော်အခြေအနေ ပုံမှန်ဖြစ်သွားပါပြီ၊ ညကဒီကအပြန်မှာ တားဖို့ဝက်ခေါက်ကင်တစ်ပွဲ ပါဆယ်ယူသွားတာ လမ်းထိပ်မှာ လွန်ခဲ့တဲ့တစ်ရက်ကျော်က သေသွားတဲ့လူရဲ့ ဝိညာဉ်ကပါဆယ်ထုပ်ကိုအတင်းဆွဲလုလို့ အကြောက်လွန်ပြီး အသိလွတ်သွားတယ်"

"ပါဆယ်ထုပ်လည်း အကောင်အထည်မမြင်ရပဲ၊ ကျွန်တော့်





လက်ထဲကပါသွားတယ်၊ အလုခံရမှ သရဲမှန်းသိလိုက်တာ"

"ညက ကျွန်တော်တို့တစ်အိမ်လုံး ဘာဖြစ်တာလည်း ဝိုင်းမေးတာ ပြန်မပြောနိုင်ဘူး၊ တစ်ကိုယ်လုံးတုန်နေလို့ မျက်လုံးကြီးပြူးပြီး လူတွေကိုလိုက်ကြည့်နေတယ်၊ သူ့အဘွားက ပရိတ်တွေရွတ်၊ ပရိတ်ရေတွေတိုက်၊ ဘုရားသောက်တော်ရေကပ်ပြီး ပြန်စွန့်တိုက်နဲ့ ညသန်းခေါင်လောက်ရောက်မှ မေးလို့မြန်းလို့ရတော့တယ်"

"ကျွန်တော်လည်း အကြောက်လွန်ပြီး ပါးစပ်ကအသံကို မထွက်တော့တာ"

"ကဲ ... ကျွန်တော်ပြန်တော့မယ်၊ သူ့အလုပ်လုပ်နိုင်ပြီထင်ပါတယ်"

"အဖေစိတ်ချပြီးပြန်တော့ ကျွန်တော်ဘာမှမဖြစ်တော့ဘူး"

"အေး ... ညဘက်ပြန်လာရင် အိမ်ကိုဘာမှဝယ်မလာနဲ့"

"ဒီနေ့ မိုးမချုပ်ခင် ပြန်လွှတ်လိုက်ပါ့မယ်"

ထို့နောက် မောင်စံဝင်းကို လိုက်ပို့သော ဖခင်ဖြစ်သူလည်း ဦးမြထွန်းကို နှုတ်ဆက်ပြီး ပြန်သွားတော့သည်။

"ကဲ ... ညနေလေးနာရီမထိုးခင် ကားကိုပြီးအောင်လုပ်လိုက်၊ တော်ရိုရော်ရိုတော့ လုပ်မနေကြနဲ့နော်"

"တာ ... ကျွန်တော်တို့အကြောင်းလည်း အာစရိအသိသား

နဲ့”

“ဘာဖြစ်ဖြစ် အကောင်းဆုံးထက်ကောင်းနေဖို့ မဟုတ်ဘူးလား”

“ဟုတ်ကဲ့ပါ ... အာစရိ”

ကိုမြထွန်းလည်း အလုပ်သမားများကို စိတ်ချထားခဲ့ပြီး စာရင်းစစ်ရန် စားပွဲရှိရာနောက်အခန်းထဲသို့ ဝင်လာခဲ့သည်။

စားပွဲမှာထိုင်ပြီး စာရင်းစာအုပ်များ မလှန်ဖြစ်သေးပဲ၊ ညက မောင်စံဝင်းကို ခြောက်လှန့်သောသရဲအကြောင်း အတွေးထဲဝင်ရောက်လာမှ သူလွန်ခဲ့သောအနှစ်နှစ်ဆယ်ခန့်က သရဲမသားအမိ ခြောက်လှန့်ပုံကို ပြန်လည်သတိရမိလိုက်သည်။

သူတို့လင်မယားကို မကြာခဏခြောက်လှန့်ခဲ့သော သရဲမသားအမိကို ယခုပြန်စဉ်းစားမိတော့ အလွန်ပဲကျေးဇူးတင်မိသည်။

အကယ်၍ သရဲမသားအမိက မခြောက်လှန့်ဘဲရှိမည်ဆိုပါက သူယခုလို ကားဝပ်ရှော့အလုပ်ရုံပိုင်ရှင် ဖြစ်မလာပဲ၊ နွေနွေမိုးမိုး နွားတစ်ရှဉ်းနှင့် ရုန်းကန်ရှာဖွေစားသောက်နေရသော လယ်သမားသာလျှင်ဖြစ်လာပေမည်။

ကိုမြထွန်းတို့ အိမ်ထောင်ကျတော့ ကိုမြထွန်းကအသက်နှစ်ဆယ် ဇနီးဖြစ်သူမအေးရီက ဆယ့်ရှစ်နှစ်ရှိပြီး မိဘမျိုးရိုးက





လယ်သမားယာသမားများ ဖြစ်သည်။

မှော်ဘီအနောက်ဘက် သင်တောရိုးရွာမှာနေရင်း မိဘ၏လယ်မှာ ဝင်ရောက်လုပ်ကိုင်ပေးခဲ့သည်။ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည်ရှိမှ အိမ်ထောင်ခွဲပေးမည်ဟုဆိုသည်။

မအေးရီဇာတိက ဝါးနက်ချောင်းရွာဖြစ်သည်။ ကိုမြထွန်းနှင့် အိမ်ထောင်ကျပြီး ကိုမြထွန်းက သူနှင့်အတူနေရန် ပြောသဖြင့် လင်ဖြစ်သူအား ဝါးနက်ချောင်းရွာသို့ မခေါ်တော့ပဲ ရှောင်နောက်ဆံထုံးပါခဲ့သည်။

အိမ်ထောင်ကျပြီး တစ်နှစ်ကျော်ပြီး သားသမီးမထွန်းကားသေး၊ ထိုအချိန် ဝါးနက်ချောင်းရွာရှိ မအေးရီမိဘများက လယ်ငါးဧက အပိုင်ပေးမည်၊

လယ်လာလုပ်ရန်ခေါ်သဖြင့် လင်မယားနှစ်ယောက်စလုံး ဝါးနက်ချောင်းရွာသို့ အပြီးအပိုင်ထွက်လာခဲ့ကြသည်။

လယ်ငါးဧကက မအေးရီ၏အစ်ကို အပိုင်ရထားသော လယ်ဖြစ်သည်။ မအေးရီမှာ မောင်နှစ်မနှစ်ယောက်ရှိသည်၊ သူ့အထက်အစ်ကို ကျော်ဦးအပိုင်လယ်ငါးဧကကို လုပ်မည့်သူမရှိတော့သည့်အတွက် မအေးရီတို့လင်မယားကို အပြီးအပိုင်ခေါ်ပေးခြင်းဖြစ်သည်။

မအေးရီအစ်ကို ကျော်ဦးက အိမ်ထောင်ကျပြီး မိဘများအမွေခွဲပေးသော လယ်ငါးဧကကို အပိုင်ရသဖြင့်လုပ်ကိုင်စားသောက်နေရာမှ သမီးလေးတစ်နှစ်ခွဲအရောက် သမီးလေးနှင့်အတူမိခင်ပါ ရေတွင်းထဲကျကာ သေဆုံးသွားခဲ့သည်။

ထိုစိတ်နှင့်တစ်နှစ်နီးပါး အရူးတစ်ပိုင်းကြီးဖြစ်သွားခဲ့သည်၊ စိတ်ကျန်းမာရေးပြန်ကောင်းသွားပြီး နောက်ပိုင်းဇနီးနှင့် သမီးသေဆုံးခဲ့သည်။ လယ်ကွင်းကိုပြန်မကြည့်တော့ပဲ ရဟန်းဘောင်သို့ အပြီးတိုင်ဝင်ရောက်သွားခဲ့သည်။

သို့ကြောင့် ဦးဇင်းကုသလ၏ ခွင့်ပြုချက်နှင့် ညီမဖြစ်သူအားသူ့လယ်ငါးဧကကို အပိုင်ပေးစေလိုက်သည်။ ကိုမြထွန်းတို့လင်မယားလည်း လယ်ငါးဧကနှင့် ကိုကျော်ဦးပိုင်း လှည်းတွေနွားတွေပါ *အဆင်သင့်အပိုင်ရရှိလိုက်ကြသည်။*

ရွာနှင့်အတန်ငယ်ဝေးသည့်အတွက် လယ်ကွင်းထဲမှာ တဲထိုးပြီး နွေ၊ မိုး၊ ဆောင်း နေကြသည်။ ကိုမြထွန်းတို့လည်း ရိက္ခာအလုံအလောက်ဝယ်ခြမ်းပြီး လယ်ကွင်းထဲရှိတဲသို့ ပြောင်းရွှေ့ရောက်လာကြသည်။

ရောက်သည့်ညမှာ ထူးခြားမှုမရှိသလို လေးငါးရက်အထိလည်း ဘာမှထူးခြားမှုမရှိ၊





ရွာထဲမှာ စျေးဝယ်ရင်း၊ မအေးရီရဲ့ယောက်မသားအမိ မကျွတ်သေးဘူး၊ တဲကိုစွဲလမ်းပြီး အနီးအနားလာတဲ့လူတွေကို ခြောက်လှန့်လွှတ်တယ်တဲ့ သတိထားနေထိုင်ကြဟု မအေးရီ၏အသိ၊ ဒေါ်အေးပွင့်က ပြောပြသည်။

ထိုကဲ့သို့ အသိများက တဲမှာသရဲခြောက်သည်၊ သရဲရှိသည်ဟု အသိပေးလိုက်သည့်အတွက် ရောက်စကတည်းက သတိနဲ့နေခဲ့ကြသည်။

ယခုတစ်ပတ်ပင်ရှိတော့မည်၊ သရဲခြောက်လှန့်ခြင်း မခံရသေး၊ သို့ကြောင့် ယခင်ရောက်ခါစလောက် စိုးရိမ်ပူပန်မှုမရှိတော့ပဲ၊ စိတ်ချလက်ချ ရှိလာတော့သည်။

ဒါပေမယ့် မကြာခင်မှာပဲ ခြောက်လှန့်မှုကို မအေးရီ စတင်ကြုံလိုက်ရသည်။

ညနေငါးနာရီခန့်ဖြစ်သည်။ ကိုမြထွန်းလယ်ကွင်းထဲ ရောက်နေသည်။ တဲအတွင်းမှာ မအေးရီထမင်းဟင်း ချက်ပြုတ်နေသည်။ ဟင်းအိုးကျလျှင် ခဏနေပြီး ရေချိုးမည်၊ ကိုမြထွန်းပြန်ရောက်လာ၍ ရေချိုးပြီးထမင်းစားကြမည်။

သို့ကြောင့် ငါးနာရီခွဲခန့်အရောက် ရေချိုးရန်အဝတ်အစားများ သဲဝတ်၍ ရေတွင်းရှိရာထွက်ခဲ့သည်။ လယ်ကွင်းထဲရှိရေတွင်းများက

ငါးရိုင်ပတ်တွင်းများ ဖြစ်သည်။ ငါးရိုင်ပတ်ကို ရေတွင်းနှုတ်ခမ်းအထက် နှစ်ပေခန့်အမြင့်ထားကြသည်။ ထိုကဲ့သို့ အမြင့်မထားလျှင် ခွေးနွားကြက်တို့ ကျသေတတ်သည်။ အချို့လူပင် အမှတ်တမဲ့ ကကျသေသေးသည်။

လွန်ခဲ့သောနှစ်က ဤရေတွင်းထဲ ကိုကျော်ဦး၏ဇနီးနှင့် သမီးလေး ကျသေခဲ့သည်။

ကလေးရေတွင်းနားရောက်သွားပြီး ရေတွင်းထဲငုံ့ကြည့်စဉ် မိခင်ကနောက်မှပြေးအဆွဲ ရေထဲကျသွားသော သမီးကိုမမိတော့ပဲ သူပါအရှိန်လွန်ပြီး ရေထဲကျခဲ့ရသည်။

ယောက်ျားဖြစ်သူက လယ်ထဲမှာ နွားတစ်ရှဉ်းနှင့် ထယ်ထိုးနေသည်။ သူတို့သားအမိကိုကယ်မည့်သူမရှိ ကိုကျော်ဦး အလုပ်သိမ်းပြီး တဲရောက်လာတော့ သားအမိကို မတွေ့၍ ပိုက်ရှာမှ ရေတွင်းထဲကျပြီး သေဆုံးနေသည်ကို တွေ့လိုက်သည်။

မအေးရီရေခပ်ရန် ရေပုံးကိုရေတွင်းထဲ ကျလိုက်စဉ် ရေတွင်းထဲမှ ကလေးအသံလိုလို ကြားလိုက်သဖြင့် သေချာအောင်ငုံ့ကြည့်လိုက်သည်။

"ကျွန်မတို့ကို ရေတွင်းထဲက ဆယ်ပေးပါ"

"ငါး ... ငါး"





ကလေးငိုသံကလည်း စူးစူးဝါးဝါးထွက်လာသည်။

"ရေတွင်းထဲက ဆယ်ပေးပါ"

"ငါး ... ငါး"

"ကယ်ကြပါ ... ကယ်ကြပါ"

မအေးရီရေတွင်းထဲကြည့်နေရာမှ နောက်ကိုအမြန်ဆုတ်လိုက်ပြီး ...

"ကိုမြထွန်း ... ကိုမြထွန်း အမြန်လာစမ်းပါ"

မအေးရီအသံက အဝေးမှာရှိသော ကိုမြထွန်းဆီ အသာလေးရောက်သွားသည်။

ကိုမြထွန်းလည်း လယ်ကန်သင်းပေါက်နေသော ပေါက်တူးကိုထမ်းပြီး တဲဝပ်သို့မပြေးရုံ အမြန်လျှောက်ခဲ့သည်။

"သရဲ ... သရဲ ... သရဲခြောက်နေတယ်"

သရဲခြောက်သည်ဆိုသဖြင့် မအေးရီရှိရာအပြေးလာခဲ့သည်။

"ဘယ်မှာလဲ သရဲ"

"ရေတွင်းထဲမှာ ကလေးရောသူ့အမေရော ရေထဲကဆယ်ပေးပါ ကယ်ကြပါလို့ အော်နေတယ်"

နှစ်ယောက်သား ရေတွင်းအနီးရောက်သွားပြီး အထဲသို့ငုံ့ကြည့်လိုက်သည်။ ရေတွင်းထဲမှာ ဘာမှမရှိ။

"စောစောက ရေတွင်းထဲမှာ ယက်ကန်ယက်ကန်နဲ့ အော်ကာ
နေတယ်၊ အခုမရှိတော့ဘူး"

"သရဲခြောက်ပါတယ်ဆိုမှ သူပြချင်ရပြီး ပျောက်သွားမှာပေ

"အခုရေတွင်းမှာ ရေလာချိုးတာလား၊ ရေခပ်ပေးမယ်"

"သရဲရေထဲဆွဲချနေဦးမယ်"

"မိန်းမအနီးမှာရှိနေမှတော့ မကြောက်ပါဘူး"

"တော်လည်း တစ်ခါတည်းချိုးသွားလိုက်"

"မင်းအရင်ချိုးလိုက်၊ ပြီးမှ ကိုယ်ချိုးမယ်"

ကိုမြထွန်းလည်း ရေတွင်းထဲ အသေအချာကြည့်ပြီး ရေ
ခပ်ပေးလိုက်သည်။ မအေးရီက ရေပုံးကို ခပ်လှမ်းလှမ်းမှာရှိသော
မြေအင်တုံကြီးအတွင်း လောင်းထည့်လိုက်သည်။

"ကျွန်မကိုလေးပုံးလောက်ခပ်ထည့်ပေးပြီးရင် တော် ချိုးတော့

ကိုမြထွန်းလည်း ရေအင်တုံကြီးအပြည့် ရေခပ်ထည့်ပေး
သူလည်းတစ်ပုံးပြီးတစ်ပုံး ခပ်ချိုးလိုက်သည်။ စောစောကသ
အရိပ်ပေါ်မလာတော့။

ရေတွင်းထဲမှာ တစ်ကြိမ်တွေ့ပြီးနောက်ပိုင်း အမှောင်ရော
ခဲ့သည်။ ထမင်းစားသောက်ပြီး တစ်နာရီနီးပါးစကားပြောပြီး အ
ဝင်ကာ အိပ်လိုက်ကြသည်။





သရဲသားအငိဓါ ချိုးချိုးချွတ်ချွတ်ခြောက်လှန့်သံကိုမျှ မကြားရ။

နောက်နေ့ရောက်တော့ ကိုမြထွန်းလည်း မိုးမကျသေးခင်
ကန်သင်းရိုးများဖို့ခြင်း၊ ညှိခြင်း၊ မြေဆီချခြင်းတို့ကို ပုံမှန်ပြုလုပ်နေ
သည်။

တစ်နွေလုံး တစ်မိုးလုံး နွားချေးများကို မြေကျင်းတူးပြီး
နွားတင်းကုပ်အတွင်းမှာ ကျုံးကာကျင်းထဲသို့ ပစ်ထည့်ထားခဲ့သည်။
ကြာတော့ နွားချေးများ၊ ခြောက်သွေ့ပြီး မြေဆွေးများဖြစ်ကုန်သည်။

နွားချေးခြောက်များ ရှိနေသောကျင်းကို သက်သက်ထားပြီး
ကျင်းအသစ်တူးကာ နေ့စဉ်ထွက်သမျှချေးများကို အသစ်စုဆောင်း
ထားလျက်ရှိသည်။ နောက်နှစ်အတွက် မြေဆွေးရမည်ဖြစ်သည်။

မြေဆွေးများကို လှည်းပေါ်တင်ပြီး လယ်ကွင်းတွေထဲ လိုက်ချရ
သည်။ သို့မှ သဘာဝမြေဩဇာကြောင့် စပါးအထွက်ကောင်းသည်။

ကိုမြထွန်းက မနက်ပိုင်းနေမပူခင်အထိ နွားချေးမြေဆွေးလိုက်ချ
ညနေပိုင်းတစ်ကြိမ်လိုက်ချနေသည်။

ထုံးစံအတိုင်း ထမင်းဟင်းချက်ပြုတ်ပြီးသွားသော, မအေးရီရေချိုး
ရေတွင်းရှိရာသို့ ထွက်လာစဉ် ရေအင်တုံအနီးမှာ သူ့ကိုကျော
ပြီး ကလေးအားရေချိုးပေးနေသော အမျိုးသမီးတစ်ယောက်ကို
လိုက်သည်။

ရုတ်တရက်သရဲဟုမထင်၊ အနီးအနားတဲက ရေလာချိုးနေ
ဟုထင်ပြီး အနီးသို့လျှောက်သွားလိုက်သည်။

သူ့ခြေသံကိုကြားသဖြင့် ကလေးရေချိုးပေးနေသော အမျိုး
ကလှည့်ကြည့်လိုက်သည်။

"တင် ... သရဲ ... သရဲ"

ထိုအမျိုးသမီးမျက်နှာက မျက်စေ့နှစ်လုံးသာပါပြီး ပါးစ
နှာခေါင်းလုံးဝမပါခြင်းပင်။

"သရဲ ... သရဲ"

မအေးရီကြောက်ကြောက်လန့်လန့်နှင့် ထအော်လိုက်
သရဲမသားအမိ လည်း မအေးရီ၏ မျက်စေ့အောက်မှာပင် မီးငြ
ကဲ့သို့ မှုံဝါးဝါးဖြစ်ပြီး ပျောက်သွားတော့သည်။

ထိုအချိန် ကိုမြထွန်းလည်း လှည်းပေါ်မှာနွားချေးခြော
ကုန်သွားသည့်အတွက် လှည်းကိုတဲဆီမောင်းလာနေသည်

"ဟေ့ ... မိန်းမ ဘာရစ်လုပ်နေတာလဲ"

"သရဲခြောက်ပြန်ပြီတော်ရေ ... သရဲက နေ့ခင်းကြောင်
ကြီး ခြောက်ပဲခြောက်နိုင်လွန်းတယ်"

"သရဲကို ဘယ်မှာတွေ့လိုက်လို့လဲ"

"ရေချိုးတဲ့ သစ်သားခုံပေါ်မှာ အင်တုံထဲကရေကိုခပ်ပြီး





လေးကို ရေချိုးပေးနေတယ်၊ သူကတဲဘက်ကိုကျောပေးထား
ယ်"

"ကျွန်မလည်း သရဲလို့မထင်ဘူး၊ အနီးအနားတဲကရေလာချိုး
ယ်ထင်ပြီး သူ့အနားကိုအသွား ကျွန်မရဲ့ခြေသံကိုကြားပြီး
ည့်ကြည့်မှသရဲဆိုတာ သိလိုက်တယ်"

"သူ့မျက်နှာမှာ မျက်လုံးနှစ်လုံးပဲရှိတယ်၊ နှာခေါင်းနဲ့ပါးစပ်
ဘူး"

"သရဲက မင်းကိုပဲ ရွေးခြောက်နေတာလားမသိဘူး"

"တော်က နေ့တိုင်း လယ်ကွင်းထဲရောက်နေတာပဲ၊ တော်
ခြောက်ခံချင်ရင် မနက်ဖြန်ညနေပိုင်း လယ်ကွင်းထဲမသွားနဲ့
သရဲက ရေတွင်းနား မှာပဲရှိတယ်"

"ရေချိုးမယ်ဆို ကိုယ့်ကိုစောင့် လှည်းဖြုတ်ပြီးလာခဲ့မယ်"

အနေတော့ ကိုမြထွန်း မအေးရီနားရောက်လာသည်။ လင်
နှစ်ယောက်လုံး ရေချိုးလိုက်ကြသည်။

တကို ခြောက်နာရီခန့်စားဖြစ်ကြသည်။ ရောက်တတ်ရာရာ
ဆိုင်ပြောနေရာ နှစ်နာရီခန့်ကြာသွားသည်။

နာရီခွဲခန့် အိပ်ယာဝင်ဖြစ်ကြသည်။

မအေးရီလည်း နားထဲဝင်လာသောအသံကြောင့် အိပ်မောကျရာ

မှန်းသွားသည်။ ဘေးမှာအိပ်နေသော ကိုမြထွန်း၏ဟောက်သံကို

ဦးစွာကြားလိုက်သည်။

ကိုမြထွန်းဟောက်သံကြောင့် နိုးသွားသည်ဟုထင်ကာ အိပ်ပျေ

ရန် မျက်လုံးပြန်မှိတ်လိုက်သည်။

"အိပ်ပါဆို အခုထိမအိပ်နိုင်ဘူး"

"ကလေးရှေ့ပဲ့ သီချင်းကလည်း ကုန်သလောက်နီးပါးဖြစ်

ပြီ အိပ်မလား မအိပ်ဘူးလား"

"ငါး ... ငါး ... ငါး"

သူတို့အခန်းခြေရင်းက တိုးတိုးတိတ်တိတ်ထွက်လာသောအ

ကို တစ်လုံးချင်းပီပီသသကြားလိုက်သဖြင့် မျက်လုံးပြူးကျယ်သွ

သည်။

"မအိပ်ရင်ကြောင်ကြီးကို လာကိုက်ခိုင်းလိုက်မယ်"

"ကြောင်ကြီးရယ်မြွေးတဲ့တို အဆီကိုစားပါလို့ အသားကို

ကြောင်အိုပေမေ့းရယ် မေ့သားလေးကို ကိုက်ပါနဲ့လေး"

"ကိုမြထွန်း ... ကိုမြထွန်း"

မအေးရီကအသံတိုးတိုးပြု၍ ခင်ပွန်းဖြစ်သူကို လှုပ်နှိုးလိ

သည်။

"ဘာ ... ဘာလို့နှိုးတာလဲ"





"ခြေရင်းဘက်မှာ သရဲမသားအမိရှိတယ်"

"ဟုတ်လို့လားကွာ"

"ဟုတ်တယ် ရှင် မအိပ်ပဲနားစွင့်ကြည့်"

ဒါပေမယ့် မအေးရီတို့အသံကို သရဲမကြားသွားသည့်အတွက်

သူတို့ကြားချင်သည့်အသံကို မကြားရတော့"

ကိုမြထွန်း ပြန်အိပ်ပျော်သွားသည်။

"ယောက်မသရဲကတော့ ငါ့ကိုပဲခြောက်လှန့်နေတယ် ကြာရင်

ငါ့စကားကို ကိုမြထွန်းယုံမှာ မဟုတ်တော့ဘူး"

ခဏနေတော့ မအေးရီလည်း ပြန်အိပ်ပျော်သွားတော့သည်။

နှစ်ရက်ခန့်အထိ မအေးရီသရဲမကို မမြင်ရတော့။

မအေးရီနှင့်ကိုမြထွန်းတို့ တဲနှင့်ခပ်လှမ်းလှမ်းရှိ လယ်တစ်ကွက်

ထောင့်မှာ မြေများတူးဆွနေသည်၊ ထိုနေရာက မိုးရွာလျှင်ရေမမြုပ်

နိုင်သည့်အမြင့်တစ်နေရာ ဖြစ်သည်။

မကြာခင် မိုးရွာတော့မည်၊ သို့ကြောင့် မိုးတွင်းစားသောက်ရန်

သခွားပင်၊ ခဝဲပင်၊ ဗူးပင်များစိုက်ရန် မြေဆွနေခြင်းဖြစ်သည်။

မြေဆွပြီး မြေဆွေးထည့်ရမည်၊ မိုးစရွာသည်နှင့် မျိုးပင်အစေ့များ

ချရမည်၊ ငါးဆိုလသို့ရောက်လျှင် သခွားသီး၊ ဗူးသီးပဲတောင့်ရှည်သီး

များ ခူးဆွတ်ရမည်။

"ဟော့ ... ကိုမြထွန်း၊ ဘာစိုက်မလို့ မြေဆွနေကြတာလဲ"

"မိုးသစ္စာနဲ့ ဖူးစိုက်မလို့ မြေဆွနေတာ ကိုသိန်းဘယ်ကပြန်လာတာလဲ"

"မှော်ဘီကပြန်လာတာ၊ ရေတော်တာနဲ့ တဲအထိ ရောက်အောင် မသွားနိုင်တော့လို့ ရေဝင်သောက်တာ"

"သွားသွား ဟဲအဝင်အပေါက်မှာ ရေအိုးရေအပြည့်ရှိတယ်"

ကိုသိန်းက သူ့တဲရောက်ရန် ဆယ့်ငါးမိနစ်ခန့်သွားရဦးမည်ဖြစ်၍ ရေဝင်တောင်းသောက်ခြင်းဖြစ်သည်။

အချိန်က ညနေငါးနာရီလောက်သာသာခန့် ရှိပြီ။

ကိုသိန်းတဲအဝသို့ရောက်သွားသည်၊ တဲရှေ့ပေါ်တက်ပြီး တဲအတွင်းရှိသော သောက်ရေအိုးမှာ ရေခပ်ရန်အပြု တဲအတွင်းမြင်ကွင်းကြောင့် ....

"အား ..."

"သရဲ ... သရဲ"

ကြောက်လန့်ကာအော်ဟစ်ပြီး အောက်သို့ခုန်ဆင်း၍ ကိုမြထွန်းအနီးအထိ ပြေးလာတော့သည်။

"ဘာတွေ့လို့လဲ ကိုသိန်း"

"တဲပေါ်မှာ သရဲမခင်ပြုံးတို့သားအမိကို တွေ့လိုက်တယ်၊





သူ့ကလေးကို နို့တိုက်နေတယ်၊ သူ့မျက်နှာပြားချပ်ချပ်ကြီး ပါးစပ်လည်းမပါ၊ နှာခေါင်းလည်းမပါဘူး"

"တော်ပြီဗျာ ရေတော်တာတောင် ပျောက်သွားပြီ၊ ခင်ဗျားတို့ လင်မယားကို သရဲမသားအမိ မခြောက်လှန့်ဘူးလား"

"သရဲမသားအမိ ကျွတ်လွတ်သွားအောင် ဘုန်းကြီးသုံးပါးလောက် ပင့်ပြီး အလှူလုပ်ပေးလိုက်ပါလား"

ကျွန်တော်လည်း စိတ်ကူးရှိထားပြီးပါပြီ၊ ရွာကမအေးရှိမိတာတွေနဲ့ တိုင်ပင်ပြီး သူတို့သာစုခေါ်ပြီး ကျွတ်လွတ်သွားနိုင်အောင် အလှူလုပ်ပေးလိုက်ပါ့မယ်"

"လာဗျာ ရေသောက်ရအောင် ကျွန်တော်တို့ပါ တဲပြန်တော့မယ်လိုက်ခဲ့လေ"

"နေပါစေတော့ မအောင့်နိုင်ရင် ရှေ့ကကိုစံခင်တို့ တဲမှာဝင်သောက်ပြီး ပြန်တော့မယ်"

ကိုသိန်းလည်း တချိုးတည်းလစ်သွားပြီ ဖြစ်သည်။

"သရဲက တဲပေါ်မှာနေတာလား၊ ရေတွင်းထဲနေတာလား၊ ဘယ်မှာနေနေကြာရင် တစ်ယောက်မဟုတ်တစ်ယောက် ပြဿနာတက်နိုင်တယ်၊ အလှူမြန်မြန်လေးလုပ်ပေးလိုက်ကြမယ်"

"မနက်ဖြန် ရွာထဲခဏသွားပြီး တိုင်ပင်ကြတာပေါ့"

သို့ဖြင့် သုံးရက်အတွင်း ဘုန်းကြီးငါးပါးပင့်၍ တဲအနီးနားချင်းများကိုဖိတ်ကာ အလှူလေးတစ်ခုလုပ်ပေးလိုက်သည်။

အလှူရေစက်ချတော့ မခင်ပြုံးတို့ သားအမိနာမည်များကိုခေါ်ကာ အမျှပေးဝေလိုက်သည်။

အလှူလုပ်ပြီးအမျှဝေလိုက်သဖြင့် ကိုမြထွန်းတို့လင်မယားလည်း သရဲမသားအမိကျွတ်လွတ်သွားပြီထင်တာ၊ စိတ်ချလက်ချအိပ်လိုက်ကြသည်။

"ဝုန်း ..."

ညသန်းခေါင်ခန့်အရောက် ခြေရင်းဘက်အခန်းလွတ်နေရာမှ ကျယ်လောင်သောအသံကြီးကို ကြားလိုက်သည်။

အိပ်မောကျနေသော ကိုမြထွန်းနှင့်မအေးရီတို့ နိုးလာကြသည်။

"ကြောင် ခုန်ချလိုက်တာလား၊ မင်းကြားတယ်မဟုတ်လား"

"ကြားတယ်၊ ကြားလို့နိုးလာတာ"

"ဝုန်း ... ဝုန်း ... ဝုန်း ... ဝုန်း"

ကြမ်းပြင်ကိုခြေဆောင့်နင်းသော အသံတွေပါကြားလာရသည်။

"သရဲမသားအမိ မကျွတ်လွတ်သေးဘူး ထင်တယ်"

"ဒုန်း ... ခွမ်း"

"ဂလုံ ... ဂလုံ"





ပန်းကန်တွေ အိုးတွေပါလွှင့်ပစ်နေပြီဖြစ်သည်။ ကိုမြထွန်းက အိပ်ယာထဲမှ ထကြည့်ရန်ပြင်သည်။

"သွားမနေနဲ့ မနက်မှသိမ်းဆည်းတော့မယ်၊ သရဲမနဲ့တိုးနေဦးမယ်"

မအေးရီတားနေသည့်အတွက် ထမကြည့်ဖြစ်တော့၊ အချိန်က သန်းခေါင်ဝန်းကျင်ဖြစ်မည်ထင်သည်။ နာရီဝက်နီးပါး အသံတွေကြားရပြီး ငြိမ်သွားသည်။

"အလှူလုပ်ပြီး အမျှဝေတာ မကြိုက်ဘူးထင်တယ်"

"ဒီအတိုင်းဆို သရဲနဲ့အတူနေဖို့ မဖြစ်တော့ဘူး"

သရဲမလှုပ်ရှားမှုမရှိတော့ပဲ ငြိမ်သက်သွားသည့်အတွက် သူတို့လင်မယားလည်း စိတ်ချလက်ချပြန်အိပ်လိုက်ကြသည်။

မနက်လင်းတော့ သရဲမပစ်ပေါက်ထားသော အိုးခွက်ပန်းကန်များကို လိုက်ကြည့်သည်။

အားလုံးညဦးပိုင်းက ထားသည့်အတိုင်းရှိနေသည်။

"ဟင် ... ဘယ်လိုလဲ၊ ညက လွှင့်ပစ်သံတွေ ပစ်ပေါက်သံတွေက တကယ်လုပ်တာမဟုတ်ပဲ အသံနဲ့ခြောက်လှန့်တာ"

ကိုမြထွန်းနိုးလာတော့ မအေးရီကရှင်းပြသည်။ ကိုမြထွန်းက လည်း ညစဉ်ညတိုင်း ယခုကဲ့သို့ ခြောက်လှန့်နေပါကကြာလျှင်

လင်မယားနှစ်ယောက်စလုံး သည်းခြေပျက်ကာ ဒုက္ခရောက်နိုင်သည်။

နေ့ခင်းရောက်သည်နှင့် ကိုမြထွန်းတို့လင်မယား ငါးနက်ချောင်းရွာရှိ မအေးရီ၏မိဘများဖြစ်သော ဦးထွန်းဆိုင် ဒေါ်ရင်ရွှေအိမ်သို့ ရောက်လာကြသည်။

သရဲမ မကျွတ်မလွတ်ပဲ ညကတဲမှာ သောင်းကျန်းသည့် အကြောင်း ပြောပြသည်။

"ဒီတော့ မင်းတို့လင်မယား ဘယ်လိုလုပ်မယ်ဆိုတာ စဉ်းစားထားလဲ"

"ကျွန်တော်တို့ ဒီလယ်၊ ဒီနွား၊ ဒီလှည်းအားလုံးရောင်းချပြီး မှော်ဘီဖြစ်ဖြစ်၊ တိုက်ကြီးဖြစ်ဖြစ်၊ ရန်ကုန်ဖြစ်ဖြစ်ပြောင်းပြီး စီးပွားလုပ်ချင်ပါတယ်"

"ရောင်းတော့ရောင်းကြည့်လေ၊ နွားနဲ့လှည်းကတော့ အခု ရောင်းအခုဝယ်မည့်လူရှိပါတယ်၊ လယ်ထဲမှာသရဲခြောက်တဲ့ သတင်းက အတော်လေးပျံ့နှံ့နေပြီဆိုတော့ လယ်ဝယ်ပ်တဲ့လူက အတော်လေးစဉ်းစားဦးမှာ"

"လက်ထဲမှာငွေကမရှိဆိုတော့ လယ်ကိုထားခဲ့ပြီး ထွက်သွားလို့ မဖြစ်ဘူး၊ လယ်ရောင်းထွက်တဲ့အထိ သည်းခံပြီး စောင့်ရတော့မှာပဲ"

"အဖေတို့လည်းရွာထဲမှာ လိုက်စပ်ပေးပါ့မယ်၊ လယ်ကိုတော့





ပေါက်ဈေးထက် နည်းနည်းလျှော့ရောင်းရင်တော့ စောစောရောင်းရမယ် ထင်တာပဲ"

"ကျွန်မတို့လျှော့ရောင်းပါ့မယ်၊ အဖေတို့ပဲဈေးဖြတ်ပြီး စုံစမ်းရောင်းချပေးပါ"

"ရောင်းမထွက်ခင်အထိတော့ သတိနဲ့နေထိုင်ကြပါ"

"ဟုတ်ကဲ့အဖေ"

"အဖေတို့ပဲ ယူထားလိုက်ဖြစ်တဲ့ဟာ"

"အဖေ့လယ်တောင် သူရင်းငှားနဲ့လုပ်နေရတာ၊ အဖေရော အမေရော အသက်ကြီးပြီလေ၊ ထပ်ပြီးလောဘမတက်ချင်တော့ဘူး၊ ဒီလယ်ခြောက်ဧကက ရတာလေး စားသောက်ဖိုလုံတာတို့ လှူနေရတာ စိတ်ချမ်းသာနေပါပြီ"

"သမီးအစ်ကိုလည်း ဒီကစ်သက် ရဟန်းဘဝကထွက်တော့မှာ မဟုတ်ဘူး"

"အခုမှသတိရတယ်၊ အလှူတုန်းက ဦးဇင်းကိုမပင့်လိုက်ရဘူး၊ ဒါကြောင့်များ မခင်ပြုံးမကျေနပ်ပြီး သောင်းကျန်းနေတာလား မသိဘူး"

"ဦးဇင်းက မန္တလေးဘက်ဘုရားဖူးပါသွားတာပဲ၊ သူပြန်လာမှ လယ်မရောင်းရသေးရင် တစ်ခါပင့်ပြီး အလှူလုပ်ကြသေးတာပေါ့၊

ခင်ပြုံးကကျော်ဦးကို သိပ်ချစ်တာ"

"ကဲ ... သမီးတို့ပြန်တော့မယ်၊ အဖေအားလုံးအမြန်ဆုံး ရောင်းချနိုင်အောင်၊ ကြိုးစားပေးဦးနော်"

"အေး ... အဖေညနေကြရင် ဦးမောင်ဟန်တို့အိမ်က် သွားလိုက်မယ်၊ သူကဟိုရက်ပိုင်းက နွားတစ်ရှဉ်းလိုချင်တယ် ပြောထားတယ်"

"လှည်းပါတစ်ခါတည်း ရောင်းခဲ့အဖေ"

"အေးပါ ... အဖေအားလုံး စီစဉ်ပေးပါ့မယ်"

ကိုပြတွန်းတို့လင်မယား ဝဲသို့ ပြန်လာကြသည်။ သူတို့ပြန် ရောက်ချိန် နေ့တစ်နာရီကျော်ပြီ။

"ကဲ ... ညစာချက်တော့ စောစောကျက်ရင် ညနေလေးနာရီ လောက် စားကြမယ်၊ ပြီးရင်အားလုံးသိမ်းဆည်းပြီး မှောက်သာထား တော့"

"လယ်ထဲလည်း ဆင်းစရာမလိုတော့ဘူး၊ ယောက္ခမကြီး အရောင်းအဝယ်စပ်တာ အောင်မြင်ပါစေလို့ပဲ ဆုတောင်းနေ တော့မယ်"

"စိတ်ချ အဖေက ဒီလိုကိစ္စတွေကျွမ်းတယ်၊ မကြာခင်ငွေ ထွက်လိမ့်မယ်"





ရွာထဲကဝယ်လာသော ကကူရုံငါးခြောက်နှင့် ခရမ်းချဉ်သီး၊ ရုတ်သီးစိမ်းနှင့်အစပ်ချက်ရန် စီစဉ်ထားလိုက်သည်။ မီးမွှေးပြီး ထမင်းအိုးတည်နေသည်။

အားလုံးချက်ပြုတ်ပြီး ညနေလေးနာရီခွဲခန့် ရေချိုးသန့်စင်ကာ ထမင်းစားကြသည်။

ငါးနာရီခွဲနောက်ပိုင်း စိတ်မရှုရ သရဲမသားအမိကို တွေ့ချင်တွေ့ နိုင်သည်။

ထင်ထားသည့်အတိုင်း ညမိုးချုပ်၍ အမှောင်ထုကြီးစိုးလာသည် နှင့် တဲပေါ်မှာဝုန်းဝုန်း ဒိုင်းဒိုင်းအသံများ ကြားလာရသည်။

"ငါး ... ငါး"

"ဟဲ့ ... တိတ်စမ်း"

ကလေးငိုသံ၊ အော်ငေါက်သံတို့ကိုပါ ဆက်ပြီးကြားလိုက် ရသည်။

"သွား ... အားလုံးဆင်းသွား ဗိုလယ်နဲ့ဗိုတဲမှာ ဘယ်သူမှ မနေနဲ့သွား"

"မခင်ပြုံး ... ကျွန်မကိုကျော်ဦးညီမ အေးရှိပါ၊ ကျွန်မတို့ မကြာခင် ဒီကထွက်သွားမှာပါ၊ ခဏလေးတော့ နေခွင့်ပြုပါ"

"နင့်အိမ်နင်သွား၊ ဒီမှာမနေနဲ့ အိဂ္ဂတဲ"

"အစ်မခင်ပြုံး တရားနာလိုက်သေးလား"

"ဟော့ ... ငါမနာဘူး၊ ငါ့ဒီကဘယ်မှမသွားဘူး၊ ဘာတရားမှ မနာဘူး"

"အစ်ကိုကျော်ဦး ... သာသနာ့ဘောင်ဝင်သွားတာ သိလား၊ အစ်ကိုကျော်ဦး တရားလာဟောရင် တရားနာမှာလား"

"မနာဘူး ... ဘယ်သူလာတရားဟောဟော ငါတရားမနာဘူး၊ နင်တို့လင်မယား ငါ့တဲကထွက်သွားဖို့ ပြင်တော့"

"အစ်မခင်ပြုံးတို့သားအမိက၊ ခြေရင်းအခန်းမှာနေ၊ ကျွန်မတို့က ဒီအခန်းမှာနေမယ်၊ အတူတူနေကြမယ်လေ"

"ငါ့ကလေးကစားဖို့နေရာမရှိဘူး၊ နင်တို့နေတာ ငါ့ကလေး ကလည်း မကြိုက်ဘူး"

"ငါကမနေစေချင်တာ နင်တို့နေမယ်ဆိုရင် ငါ့အခိုးမဟုတ်တော့ ဘူး၊ နင်တို့ကိုငါသတ်ပစ်လို့ရတယ်"

"ဝုန်း ... ဒုန်း ... ဒုန်း"

စကားသံမကြားရတော့ပဲ ကြမ်းပြင်ပေါ်ခြေစောင့်နင်းပြီး ထွက် သွားသံကိုသာ ကြားလိုက်တော့သည်။

"သူမနေစေချင်လို့ အသံပေးပြီးပြောသွားတာပဲ"

"အဲဒါမင်းယောက်မအသံရော ဟုတ်ရဲ့လား၊ အသံညှညှကြီး





ဖြစ်နေတယ်"

"လူ့ဘဝကအသံ ဘယ်ဟုတ်တော့မလဲ၊ သူကသရဲဖြစ်နေပြီ ဟုတ်လား၊ အခုသူပြောသွားတဲ့အတိုင်းဆို ညဘက်အိပ်ပျော်နေ ...ုန်း တစ်ခုခုလာလုပ်သွားမှာစိုးရတယ်"

"ဟုတ်တယ်၊ မနက်ဖြန် အဖေနဲ့အမေကိုပြောပြပြီး လှည်းနဲ့ ...ာကို ပစ္စည်းတွေတင်ပြီး သွားနေကြမယ်"

"အားလုံးရောင်းထွက်တာနဲ့ ရန်ကုန်ကိုပဲပြောင်းတော့မယ်၊ ...ယ်ကိုဝယ်တဲ့လူနဲ့ သရဲမဆက်ပြီးရှင်းပေတော့"

ထိုညတော့ သရဲမခြောက်လှန့်ခြင်းမပြုတော့၊ ဒီတဲမှ နောက်နေ့ ...ွက်သွားရန်ပြောပြီးပြီမို့ မခြောက်လှန့်ခြင်း ဖြစ်ပုံရသည်။

ကိုမြထွန်းတို့ လင်မယားလည်း မိမိတို့တဲကိုပြောင်းလာစဉ်၊ ...ယ်ခြမ်းခဲ့သော အိုးခွက်ပန်းကန်နှင့် အသုံးအဆောင်ပစ္စည်းများ ...ားလုံးတင်ကာ၊ လှည်းနှင့်ရွာသို့ ပြန်လာခဲ့ကြသည်။

အကျိုးအကြောင်းရှင်းပြပြီး အိမ်မှာနေကြတော့သည်။ နွားတစ် ...င်းနှင့်လှည်းကို သွားစကားပြောသည့် ညကတည်းကဦးမောင်တန် ... ဝမ်းသာအားရဝယ်မည်ဟု ဆိုလာသည်ဟု ဦးထွန်းဆိုင်က ...ြောပြသည်။

မကြာခင်လယ်ငါးဧကလည်း ရောင်းထွက်ခဲ့သည်။ လှည်း၊

နွား၊ လယ်ရောင်းရသော ပိုက်ဆံများကိုယူပြီး လင်မယားနှစ်ယောက် ရန်ကုန်သို့ထွက်လာခဲ့ကြသည်။

ရန်ကုန်မှာ မျှော်ဘီမှရောက်ရှိနေသူ အဒေါ်များများ ကိုမြင့်ထွန်း သိသည်။ သူတို့အကူအညီနှင့် ကားဝပ်ရှော့အသေးစား ဖွင့်ခဲ့သည်။

မျှော်ဘီမှမိတ်ဆွေ ကိုလှိုင်ဝင်း၏အကူအညီနှင့် ကျွမ်းကျင်သော အလုပ်သမားသုံးယောက် ရခဲ့သည်။ ဝပ်ရှော့မှာ သူကိုယ်တိုင်ပါ အောက်ခြေမှ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ တောင်ဥက္ကလာရတနာယမ်း ၁ပါမှာ ပေနှစ်ဆယ်ခြံလေးဝယ်ကာ နေထိုင်ခဲ့ပြီး အလုပ်ရုံအတွက် မြေနေရာငှား၍ လုပ်ကိုင်ခဲ့သည်။

ဆယ်နှစ်အတွင်း ကားဝပ်ရှော့ရုံတစ်ရုံပိုင်ဆိုင်လာခဲ့သလို သူကိုယ်တိုင်လည်း ကားတစ်စီးလုံးအပြီး ကိုင်နိုင်ခဲ့သည်အထိ ကျွမ်းကျင်စွာ တတ်မြောက်လာခဲ့သည်။

စီးပွားရေးအမြင်ကျယ်လာတော့ ကားဝပ်ရှော့ကို ထပ်မချဲ့တော့ပဲ အင်ဂျင်အဟောင်းများ ကားတစ်စီးလုံးပစ္စည်းစုံ ရောင်းဝယ်ရေး ဘက်လှည့်လုပ်လာခဲ့သည်။

ထိုဆိုင်ကိုကျောက်ကုန်းဘက်မှာ ဖွင့်နိုင်ခဲ့သည်။ ယခုအနှစ်နှစ်ဆယ်အတွင်း သားနှစ်ယောက်၊ သမီးသုံးယောက်ရှိနေပြီ၊

စီးပွားရေးလည်းဖြစ်ထွန်းခဲ့သည်။ သားသမီးများလည်း အား





လုံးလိမ္မာပြီး တပေလိုက်စားကြသည်။ သားအကြီးဆုံးက အရောင်းဆိုင်မှာ မိခင်နှင့်အတူအချိန်ပြည့် ထိုင်နေကြသည်။

ဦးမြထွန်းက ဝပ်ရှော့နှင့်ဆိုင်လှည့်ရင်း လိုအပ်သည်များကို ညှိတင်းကာ စီစဉ်ညွှန်ကြားမှုပေးခဲ့သည်။

ဇါးနက်ချောင်းလယ်ကွင်းမှာ သရဲသားအမိသာ မခြောက်မလှန့်ရှိနေပါက လယ်သမားကြီးဦးမြထွန်းသာ ဖြစ်နေပေလိမ့်မည်။

ယခု သရဲမကိုကြောက်၍ မြို့တက်လာမိသည့်အတွက် ကား…ည်းအရောင်းဆိုင်ရှင် ဦးမြထွန်းဖြစ်နေပြီ မဟုတ်ပါလား …

×××××

## ရေစက်ကိုယ်တိုင်ချသည့် ဝိညာဉ်

"ဟေး ... သူငယ်ချင်း ... ကိုယ်ပါကွာ"

"အေးပြော သူငယ်ချင်း မင်းမှန်းကိုယ်သိပါတယ်"

"သီတင်းကျွတ်မှာ ငါတို့တစ်ခေါက်ဆုံကြရအောင်ကွာ"

"အခု မင်းကဘယ်မှာလဲ"

"ကျုံပျော်ရောက်နေတယ်"

"မင်းဆီကို လာခဲ့ရမှာလား"

"အေး ... မင်းမလာလို့မဖြစ်ဘူး၊ ရှာကမြင့်ဦးနဲ့ ကျော်ကြီး တို့က ငါ့ဆိုလပြည့်တုန်းက လာမလို့စီစဉ်ထားတာ ပျက်သွားလို့ ဒီနှစ်သီတင်းကျွတ် ကျောင်းတွေပိတ်၊ ရုံးတွေပိတ်တဲ့ရက်မှာ လာကြ မလို့တဲ့"

"ကိုလေးကလည်းမအားလို့ သူတို့ကလည်း တစ်ခေါက်





မရောက်ဖူးတော့ မင်းလိုက်ပို့မှဖြစ်မယ်၊ မင်းအားတယ်မို့လား"

"ငါက အမြဲတမ်းအားတာ မင်းလည်းအသိပဲ၊ ကိုယ်ပိုင်အလုပ် ဆိုတော့ နောက်ကကျပ်မယ့်လူမရှိဘူးလေ"

"ဒါဆို မင်းသူတို့နဲ့လိုက်ခဲ့ဟုတ်လား၊ အပြန်ငါလည်း ရန်ကုန် လိုက်ခဲ့မယ် ငါ့ကားနဲ့ပြန်ကြပေါ့"

"သူတို့ဘယ်ရက်လာမှာလဲ"

"သီတင်းကျွတ်လဆန်း(၁၃)ရက် သောကြာနေ့လာကြမှာ ရုံး တွေကျောင်းတွေလည်း သောကြာနေ့ကစပိတ်တယ်"

"ဘုရား ... ဘုရား မျက်ခုံးကတော့ ခပ်လှုပ်လှုပ်ပဲ"

"ဘာဖြစ်လို့လဲကွ"

"မင်းတို့ငါတို့ ကိုလေးနဲ့အတူ ဘကြီးကိုကျုံပျော်ပြန်ကန်တော့ တာကို မြင်ယောင်ပြီးလန့်မိလို့ကွ"

"ဒီတစ်ခါတော့ ငါတို့သွားတဲ့နှစ်လောက် ဆိုးမယ်မထင်ပါဘူး"

"ငါတော့ သိပ်မထင်ဘူး၊ အဲဒီနှစ်ကလောက် အခြေအနေမဆိုး င်တောင် လျော့ဖို့တော့သိပ်မရှိဘူး ထင်တယ်ကွ"

"အဲဒါကြောင့် မင်းကို လိုက်ခဲ့ခိုင်းတာ"

ညွန့်လှိုင်က ချောင်းရင်းရွာမှလာမည့် သူငယ်ချင်းမြင့်ဦးနှင့် မောင် ကျော်တို့ကို လမ်းပြအနေနှင့်လိုက်ခဲ့ရန် အသေအချာကို တောင်းဆို

နေခြင်းဖြစ်သည်။

လွန်ခဲ့သည့်တစ်နှစ်ကျော်က ညွန့်လှိုင်၏ဖခင်အား ကျွန်တေ
အပါအဝင်တင်ယု၊ လေးလွင်(ကိုလေး)တို့ စုပေါင်းပြီး ညွန့်လှိုင်း
ဟွန်ဒါ(ဖစ်)ကားလေးစီးပြီး ရန်ကုန်(သမိုင်း)မှ ချောက်နာရီခွဲစထွ
လာကြသည်။

ဘုရင့်နောင်တံတားအကျော်မှ ကားစပိတ်သည်။ ကားသွားလိမ့
သာလိမ့်သည်။ ချောက်လမ်းသွား၊ တစ်ဖက်ယာဉ် သုံးတန်းလုံးင
နေသည်။ ခုံဇရာအဝေးပြေးမှာ ကားလက်မှတ်ဝယ်ယူထားသူမ
များ ခေ့မျက်နှာပျက်ဖြစ်ကုန်ကြသည်။

ဆိုင်ကယ်ကယ်ရီပြောင်းစီးပြီး သွားသော်လည်း၊ လမ်းလျှော
သူများ ဆိုင်ကယ်ကယ်ရီသမားများဖြင့် ရှုပ်ထွေးကုန်ကာ ကားလ
သေးမှာလည်း ရုတ်ရုတ်သည်းသည်း ဖြစ်နေကြသည်။

နောက်ဆုံးအဝေးပြေးရှေ့ရောက်တော့ ဆယ့်တစ်နာရီခွဲပြီ
ရှေ့ဆက်ထွက်ခဲ့ပေမယ့် လှိုင်သာယာအလုပ်သမားဆေးရုံရှေ့မှာ
နောက်ထပ်တစ်နာရီခန့် ရပ်နေရသေးသည်။

ကျိုက်ပျော်မှ မနက်စာချက်ထားသည့်အတွက် ဖုန်းကမကြာမ
လာနေသည်။

ညွန့်လှိုင်က ရန်ကုန်ကိုဆက်လိုက်၊ ကျိုက်ပျော်ကိုဆက်လိုက်





အလုပ်ရှုပ်နေသည်။

"မနက်စာမစားနိုင်တော့ဘူး၊ စောင့်မနေကြနဲ့တော့၊ ညစာမှပေါင်း
စားကြမယ်၊ စိတ်မပူကြနဲ့"

ထန်းတပင်မြို့နယ်အကွင်း လမ်းမပေါ်မှာ ရန်ကုန်အဝင်ကားများ
ရော နယ်ထွက်ကားများပါ ပိတ်နေသည်။

နေ့ဆယ့်နှစ်နာရီခွဲမှ ထန်းတစ်ပင်မြို့နယ်မှထွက်ပြီး ရောဝတီ
တိုင်းထဲ ဝင်လာနိုင်ခဲ့တော့သည်။

ပန်းတနော်ထမင်းဆိုင်ဝင်တော့ တစ်နာရီလေးဆယ့်ငါးမိနစ် ရှိပြီ
ဖြစ်သည်။ ကျွန်တော်တို့ သူငယ်ချင်းလေးယောက်လည်း စိတ်လွတ်
လွတ်လပ်လပ်နှင့် အချိန်ဆွဲပြီး ထိုင်နေလိုက်သည်။

ထမင်းဆိုင်မှထွက်ပြီး ဆက်လက်မောင်းလာရာ ကျိုက်ပျော်မြို့ကို
ညနေငါးနာရီမှ ရောက်လာတော့သည်။

ထိုနှစ်က သီတင်းကျွတ်အခက်အခဲကို ကြုံဖူးခဲ့သေး ကျွန်တော်
လည်း သည်နှစ်သီတင်းကျွတ် လဆန်းရုံးပိတ်ရက်မှာ ကျိုက်ပျော်ခရီး
ဆိုသည်နှင့် ကျောထဲကစိမ့်သည်အထိ တုန်လှုပ်မိပါသည်။

ဒါပေမယ့် ရုံးပိတ်ရက်သွားမှဖြစ်မည့် သူငယ်ချင်းများအား
လိုက်ပို့ပေးမည်ကိစ္စကိုတော့၊ နောက်တွန့်၍မဖြစ်တော့ လိုက်ပို့မည်
ဟု ဆုံးဖြတ်ကာ ကျိုက်ပျော်မှလှမ်းမေးနေသော သူငယ်ချင်းညွန့်လှိုင်

အား လိုက်ပို့မည်ဟု ကတိပေးလိုက်သည်။

သီတင်းကျွတ်လဆန်း (၁၃)ရက်နေ့ မနက်လေးနာရီ ညောင်လေးပင်၊ ပဲခူး၊ ရန်ကုန် မိနီဘတ်(စ်)နှင့် ထွက်လာကြသည်၊ ပဲခူးဝင်တော့ ကျော်ကြီးက ဖုန်းလှမ်းဆက်သည်။

"ဟော့ ... သူငယ်ချင်း ငါတို့ပဲခူးဝင်ပြီ၊ မင်းနိုးပြီလား"

"အေး ... နိုးပြီ၊ ရေချိုးထွက်လာခဲ့မယ်"

"နာရီလှမ်းကြည့်တော့ ငါးနာရီခွဲပြီးပြီ၊ အိမ်ကခြောက်နာရီထွက်လျှင် သမိုင်းကိုမနက်ခုနစ်နာရီရောက်မည်။ ညောင်လေးပင်မှလာသည့်ကားက၊ သမိုင်းမှာဂိတ်ထိုးသည်ဖြစ်၍ သမိုင်းသို့ (၇)နာရီဝန်းကျင်ရောက်မည်၊ အတော်ပဲဟုစိတ်မှာ တိုင်ပင်ကိုက်ပြီး ရေချိုးမျက်နှာသစ်သည်။

ဇနီးဖြစ်သူက တရားစခန်းသွားနေသည်ဖြစ်၍ သားရုံးသွားရန် မနက်ငါးနာရီကတည်းက ထမင်းပေါင်းအိုးနှင့် ထမင်းထချက်ရသည်၊

ထမင်းကျက်တော့ ချိုင့်ထဲထည့်ပြီး အအေးမခံရသေးသည့် ဟင်းက ညကတည်းက ချက်ထားပြီးပြီ၊ ရေချိုးပြီးတော့ ချိုင့်ထဲက ထမင်းအေးသွားပြီမို့ ချိုင့်သုံးဆင့်ကို တပ်ဆင်လိုက်သည်။

"သား ... အောင်အောင် ... အောင်အောင်"

"ဗျာ"





"အဖေ ထမင်းချိုင့်တည့်ပြီးပြီ၊ လမ်းစရိတ်အကြွေတွေ ထမင်းချိုင့်အောက်မှာ ထားခဲ့တယ်၊ ခြောက်နာရီခွဲရင်ထ ပြန်မအိပ်နဲ့တော့"

"ဖေကြီး သွားတော့မလို့လား"

"အေး ... ရှာကလာတဲ့ ကားကပဲခူးကျော်လာပြီတဲ့ အဖေသွားမှမီတော့မယ်၊ နိုးရင်လည်းထတော့ ရေချိုးမျက်နှာသစ်"

"ဆယ်မိနစ်လောက်နှပ်လိုက်ဦးမယ်"

"သားသွားရင် မီးတွေမိန်းချခဲ့ဦးနော်"

"ဟုတ်"

ကျွန်တော်လည်း ကမ္ဘာ့ဇဘာဏ်မှာ အလုပ်ဆင်းမည့် သားမနက်ခုနစ်နာရီခွဲသွားနိုင်အောင် ပြင်ဆင်ပေးပြီး နိုးခဲ့ရသေးသည်။ နိုးမယ့်လူရှိသည်ထင်ပြီး စိတ်ချလက်ချအိပ်တတ်သည်မို့ အိမ်ကအထွက်နောက်ဆံမတင်းရအောင် အသေအချာစီစဉ်ပေးခဲ့သည်။

သဃ်န်းကျွန်းကသမိုင်းကို ကားမရှိသော်လည်း သာကေတမှထောက်ကြံ့လမ်းဆုံသွားသည့် (၉၆)လိုင်းကို စီးလျှင်သမိုင်းမရောက်သော်လည်း ရှစ်မိုင်အထိရောက်သည်။ ရှစ်မိုင်မှသမိုင်းလမ်းသင့်ရာကားပြောင်းစီးနိုင်သည်။ သို့ကြောင့် (၉၆)လိုင်းကားကို စောင့်ရာမိနစ်နှစ်ဆယ်ခန့်အထိ စောင့်သည်မလာ။

သို့ကြောင့် (၉၂)မိနီဘတ်(စ်)နှင့် စံပြဈေးကို စီးလိုက်သည်။

စံပြဈေးမှာ သမိုင်းရောက်သည့် (ရ၃)လိုင်းကားနှင့် သမိုင်းရောက်သည့် (၆)ကားရှိသည်။

အဓိကက (ရ၃)ကားကိုစောင့်သည်။ (ရ၃)ကားက သမိုင်းတစ်ဆင့်တည်းရောက်သည်။ (၆)ကားက ရှမ်းမိုင်ဆိုတော့ တစ်ဆင့်ထပ်စီးရဦးမည်။

ကားမှတ်တိုင်ကို (၆)ကား၊ နှစ်စီးတစ်စီးပြီးတစ်စီး ဝင်လာသည် (ရ၃)ကရောက်မလာ၊ နာရီကြည့်တော့ ခြောက်နာရီခွဲနေပြီ။

တတိယမြောက် (၆)ကားဝင်လာသည်။ (ရ၃)ကိုစောင့်မနေတော့ ပိုက်ဆံနှစ်ရာထည့်ပြီး ကားပေါ်ကိုတက်လိုက်သည်။ ကျွန်တော်တက်လိုက်သောကားက လူတက်မှပင် စက်ကိုရပ်လိုက်သည်။

သို့ကြောင့် သည်ကားနှင့်ဆိုနောက်ကား မရောက်မချင်းထွက်ရန်မမြင်၊ သို့ကြောင့် ကားပေါ်မှပြန်ဆင်းရန် ဆုံးဖြတ်ပြီး ခေါင်းဘက်တံခါးဖွင့်ထားသော အပေါက်သို့ပြန်ထွက်ခဲ့သည်။

"ဆရာကြီးအတက်မှာမရပ်ပါနဲ့"

"ပြန်ဆင်းမလို့ဗျို့ အရေးကြီးလို့ ဂျက္ကစီပဲ ငှားစီးတော့မယ်"

"အရေးကြီးရင် သွားလို့ရပါတယ်၊ ဒီနေ့ပိတ်ရက်ဆိုတော့ ကောက်သင်းရသလောက် ကောက်ရမယ်"

ဗိုင်ဘီအက်စ်ကားများက မှတ်တိုင်မှာမထိုင်ရဟု အမိန့်





ထုတ်ထားသော်လည်း လူများများတင်၊ ငွေများများဝင်ပါမှ နေ့တွက်ဝင်ငွေ အလိုက်ပေးသော အပိုကြေးများများရမည်ဖြစ်သည်။ နေ့တွက်အပိုကြေးနှင့်လစာ နှစ်ရပ်ပေါင်း ပိုပိုသာသာရအောင် လုပ်စားနေသော ကားလိုင်းကို အတော်များများတွေ့ဖူးကြုံဖူးသည်။

ကားပေါ်မှပြန်ဆင်းပြီး တက္ကစီငှားလိုက်သည်။ စံပြဈေးမှ သမိုင်းကို လေးထောင်တောင်းသဖြင့် တန်မတန်မစဉ်းစား၊ ဈေးလည်းမဆစ်ချင်တော့ လေးထောင်နှင့်တည့်ပြီး စီးဖြစ်သည်။

တက္ကစီသမားကလည်း လူလတ်ပိုင်း ကားကိုသွက်သွက်မောင်းသည်။ အမြန်မောင်းပါလို့ မပြောပေမယ့် သူ့ပါးစပ်က ဒီနေ့ရုံးတွေ ကျောင်းတွေပိတ်တော့ လမ်းရှင်းတယ်၊ ကားမောင်းလို့ကောင်းတယ်၊ ဆိုကာ ဘောလိမ္မူဥက္ကလာဇေါက်ကွင်းဘေးလမ်းမှသည် ဂန္ဓမာလမ်းကိုဝင်ကာ ကမ္ဘာအေးဘုရားလမ်းပေါ်ရောက်ခဲ့သည်။

ထိုမှ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ဆက်မောင်းခဲ့ရာ သမိုင်းကို နှစ်ဆယ့်ငါးမိနစ်နှင့် ရောက်တော့သည်။

ခုနှစ်နာရီမထိုးခင်ရောက်သွားသဖြင့် ညောင်လေးပင်မှလာသော ကားဘယ်ရောက်နေပြီလဲ လှမ်းစုံစမ်းလိုက်သည်။ စော်ဘွားကြီးကုန်းလွန်လာပြီဟုဆိုသဖြင့် သမိုင်းကားမှတ်တိုင်မှာ မစောင့်တော့ပဲ ညွန့်လှိုင်မှာထားသော ပစ္စည်းအချို့ကို သမိုင်းကြေးရည်သုတ်သတ္တု

စက်ရုံဘေးရှိ သူ့အခန်းမှာဝင်ယူရန် ထွက်ခဲ့သည်။

ရန်ကုန်သင်္ဘောဝင်းမှာဝယ်ထားသည့် တိုက်ခန်းတွင် ဦးညွန့်လှိုင်၏ဇနီး ဒေါ်စံပယ်ချစ်နှင့်မြေးများ နေထိုင်ကြသည်။

ညွန့်လှိုင်က ကျုံးပျော်စည်ပင်အင်ဂျင်နီယာအဖြစ် ကျုံးပျော်မြို့မှာ (၁၀)နှစ် အမှုထမ်းခဲ့စဉ် နေထိုင်ရန်အိမ်နှင့်ခြံဝယ်ခဲ့သည်။ ယခုပင်စင်ယူတော့ ရန်ကုန်မှာဇနီးနှင့်သမီးတို့ကိုထားကာ ခြံနှင့်အိမ်ကို စောင့်ရှောက်သည့်အနေနှင့် တစ်နှစ်ကိုလေးငါးကြိမ်မျှ လာနေခြင်းဖြစ်သည်။

တစ်ခေါက်လာလျှင် တစ်လခန့်နေသလို တစ်ပတ်ဆယ်ရက်ခန့်လည်း နေသည်၊ ယခု သီတင်းကျွတ်လမှာ ကျုံးပျော်ရောက်နေသည်၊ ခြောက်ထိပ်စီးရောက်နေပြီဖြစ်သည်၊ ငယ်ပေါင်းသူငယ်ချင်းများကို ဆုံချင်စိတ်ဖြစ်သည့်အတွက်၊ ကျုံးပျော်ကိုအလည်လာခဲ့ရန် ဖိတ်ခေါ်ခြင်းဖြစ်သည်။

ကျွန်တော်ညွန့်လှိုင်မှာသော ပစ္စည်းများဝင်ယူပြီး ပြန်ထွက်လာတော့၊ ညောင်လေးပင်မိနီဘ ၄(စ်)က ဂိတ်ကိုဝင်လာပြီဖြစ်သည်၊ အဝေးပြေးကားဝင်းသို့ မြောက်ဥက္ကလာဘက်မှလာသော(၁၆) ကားပေါ်တက်ပြီး လိုက်ခဲ့သည်။

ကားဝင်းထဲကို ကံကောင်းစွာနှင့်(၈)နာရီခွဲမှာ ရောက်ခဲ့သည်။





လွန်ခဲ့သောတစ်နှစ်ခွဲ သီတင်းကျွတ်ခရီးစထွက်စဉ် ဘုရင့်နောင်တံတားထိပ်မှ အဝေးပြေးဝင်းအရောက်၊ အချိန်(၁နာရီခွဲ)သာ ကြာသည်။

ကားဝင်းထဲမှာ လူတွေကြိတ်ကြိတ်တိုးနေသည်။ ကျွန်တော်တို့အုပ်စု ကျုံးပျော်သွားမည့်ကားလိုင်း သုံးလေးလိုင်းရှိသည့်အနက် ဂိတ်ဝနှင့်အနီးဆုံး မြို့ပန်းတစ်ရာဂိတ်မှာဝယ်ပြီး ကားလက်မှတ်စုံစမ်းသည်။

ကားထိုင်ခုံများကို တစ်ပတ်ကြိုရောင်းထားသည်၊ ထိုင်ခုံမည်သည့်ကား၊ မည်သည့် လိုင်းမှာမှမရတော့ဟု အများက ပြောပြကြသည်။

သို့ကြောင့် ဘယ်လိုဖြစ်ဖြစ်လိုက်ရဖို့ အရေးကြီးသည်။ မတ်တပ်ရပ်ပြီးလိုက်မည်ဟု စုံစမ်းတော့ (၁၀)နာရီထွက်မည့်ကားရမည်ဆိုသဖြင့် သုံးယောက်အတွက် လက်မှတ်ဖြတ်လိုက်သည်။

ရှစ်နာရီခွဲပေမယ့် နေထွက်ကတည်းက ပူပြင်းလှသည်။ လူတွေကြိတ်ကြိတ်တိုးနေသဖြင့် နိုနားစရာမရှိတော့။

ကားဂိတ်တစ်ဖက်အခြမ်းမှာ ခရီးသည်များ နားနေရန်အဆောင်လေးတွေ လုပ်ပေးထားသဖြင့် ထိုင်၍ရမရသွားအကဲခတ်ကြသည်။ အားလုံးတန်းလျားအပြည့် လူများထိုင်နေကြသည်။

အချို့ထိုင်ခုံများအပေါ်မှာ ခရီးသွားများကို စောင့်ရောင်းနေသော

အထည်သည်များ၊ အချိုရည်၊ ရေသန့်၊ အကြော်စုံအထုတ်များ ရောင်းသည့် ဈေးသည်များက နေရာယူထားကြသည်။

ကျော်ကြီးက အထည်များကို ဖယ်တွန်းပြီးဝင်ထိုင်နေသဖြင့် ဈေးသည်အမျိုးသမီးနှင့် စကားများတော့သည်။

“ဒါခင်ဗျားတို့ဈေးရောင်းဖို့ ခုံလုပ်ပေးထားတာမဟုတ်ဘူး၊ ခရီးသည်တွေထိုင်ဖို့ လုပ်ပေးထားတာ”

“ဦးလေးကောင်းကောင်းပြောရင် ဖယ်ပေးမှာပေါ့၊ ဘာလို့တွန်းထုတ်ပစ်တာလဲ၊ ပစ္စည်းတစ်ခုခုဖြစ်လို့ကတော့သိမယ်”

“ကြိုက်သလိုလုပ် ခရီးသည်ထိုင်ခုံက ခရီးသည်ထိုင်ခုံပဲ ဈေးရောင်းဖို့မဟုတ်ဘူး”

“ဟော့ဟော့ ... မောင်ကျော်၊ လာ ဒီဘက်မှာလူထသွားပြီ ထားလိုက်”

ကျော်ကြီးက ထတော့လာသည်၊ ဒါပေမယ့် ဖုန်းထုတ်၍ဈေးသည်တွေကို တင်မရာချိန်ပြီး လိုက်ရိုက်နေသည်။

“လာပါကွာလုပ်မနေနဲ့”

“ဖ် (Fb) တင်မလို့ဒါမှလူသိမှာ”

အနားရောက်လာသော သူ့အား လှိုင်သာယာအကြောင်း ပြောပြရသည်။





“အဲဒါတွေလျှောက်မလုပ်နဲ့ ဈေးသည်တွေ ကယ်ရီသမားတွေ ခရီးသည်ခေါ်တဲ့ကောင်တွေအားလုံး အုပ်စုဖွဲ့ပြီးဗိုလ်ကျနေတာ မင်းကျွနပ်ရင်းအုပ်စုနဲ့ဝင်ရိုက်တာ လျှောက်မလုပ်နဲ့ ကိုယ်ကသုံးယောက်ထဲ”

ထိုအခါမှ ဖုန်းကိုသိမ်းလိုက်ပြီး ဝင်ထိုင်တော့သည်။ ကားကဂိတ်မှာတစ်စီးမှမရှိ၊ ရှစ်နာရီခွဲ ကိုးနာရီ၊ ကိုးနာရီခွဲထွက်မည့်ကားများလည်း ရောက်မလာသေး။

သို့ကြောင့် ဆယ်နာရီကားကို မျှော်ပင်မမျှော်ရဲ။ ဆယ်နာရီထိုးတော့မှ ရန်ကုန်အထောင်၊ ရှားခဲက ဝင်လာသည်။ သူကကိုးနာရီ ပြန်ထွက်မည့်ကားဟု ပြောသည်။

ဆယ်ငါးမိနစ်ခန့်ကြာတော့ ရန်ကုန် ဓနုဖြူအထောင် ကျုံ့ပျော်ကားဝင်လာသည်။ ရှစ်နာရီခွဲကားဆိုသဖြင့် နောက်ဝင်လာမည့်ကားများကို လည်တဆန့်ဆန့်နှင့် မျှော်ကြရပြန်သည်။

ဆေးလုံးကားနှစ်စီးဝင်ပြီးမှ ဆယ်နာရီခွဲမှာ ရန်ကုန်ကျောင်းကုန်းသုတ်ရေကြည် ကျုံ့ပျော်၊ ကားဝင်လာတော့သည်။ ကားပေါ်မှ လူများချပြီး လက်မှတ်ရထားသူများ တက်ကြသည်။

ကျွန်တော်တို့အုပ်စုလည်း ထိုင်ခုံမရ အလယ်မှာရပ်ရမည့် လူစုအတွင်းရှေ့ဆုံးမှတက်၍ ရရန်နေရာဦးရပြန်သည်။

“ဦးလေးတို့ ရပ်စီးတွေ နောက်နားဆုတ်ပေးပါဦး အပေါ်မှာ

လေးငါးယောက် ကျန်သေးတယ်”

“လေးငါးယောက်ကျန်မှတော့ ဝါတို့ကိုတက်ခွင့်ပြုသင့်ပြီ၊ နေပူထဲမှာရပ်နေရတာ ခေါင်းတွေမီးတောက်နေပြီ”

“ထိုင်ခုံကလူတွေလာရင် ထလိုက်ထိုင်လိုက် ဖယ်ပေးရနဲ့ အလုပ်ရှုပ်လို့”

“သူတို့လာရင်ဝင်လို့ရအောင် နေရာဖယ်ပေးမယ်”

“ဟုတ်တယ် ... ဟုတ်တယ် နေပူလို့ ကားပေါ်ပေးတက်ပါ”

“ကဲ ... လက်မှတ်ဖြတ်ထားတဲ့လူတွေ လက်မှတ်ပေးပြီးတက်ကြ”

မြင့်ဦးက လက်မှတ်ပေးလိုက်သည်။

“ကျုပ်ကို့သုံးယောက်တစ်တွဲ”

သို့ဖြင့် တစ်ယောက်ပြီးတစ်ယောက် ကြားခုံလက်မှတ်ဖြတ်ထား သူများကို တင်တော့သည်။

ကြားခုံဆိုပေမယ့် မည်သူမှခုံမရ၊ အားလုံးမတ်တပ်ရပ်နေရသည် ခုံအားလုံးလူစေ့ရောက်ပြီး ဆယ့်ငါးမိနစ်ခန့်အကြာ ဆယ့်တစ်နာ အဝေးပြေးမှစထွက်သည်။

ကားဝင်းမှထွက်ပြီး ထိန်ပင်သုသာန်ဝင်းအလွန်နားမှာ တစ် နီးပါးရပ်နေပြန်သည်။ ရှေ့မှာကားတန်းကြီးဖြစ်နေသလို နောက်





ည်း ကားတွေစီတန်းနေသည်။

ထိုနေရာမှလွတ်ပြန်တော့ လှိုင်သာယာအလုပ်သမားဆေးရုံမှာ ရီဝက်ခန့်ရပ်နေပြန်သည်။

နောက်ဆုံးတရွေ့ရွေ့နှင့်လာခဲ့ရာ ညောင်တုန်းဝင်တော့ ငါးနာရီ ပြီ၊ ဗိုလ်မြတ်ထွန်းတံတားကို မမြင်ရသေး၊ တံတားမရောက်ခင် င်နေဝင်တော့မည်။

ညွန့်လှိုင်က နာရီဝက်တစ်ခါခန့် လှမ်းမေးနေသည်။ ကားမောင်း းများကပြောသည်။ သကြန်ပိတ်ရက်နယ်ပြန်တဲ့ ကားတွေကြပ် ်ဆိုတာ ဒီလောက်မဖြစ်သေးဘူး။

န်းတနော်ရောက်တော့ မှောင်ပြီ၊ ခြောက်နာရီထိုးပြီ၊ ပန်းတ လွန်မှာ ကားလေးစီးဆင့်တိုက်သည်ဆိုပြီး ကားတွေပိတ်နေ သည်။

ဖြည်းဖြည်းနှင့်ရွေ့လာရာ ကျောင်းကုန်းဝင်တော့ ညရှစ်နာရီ ပြီး ထိုမှအသုတ်ရေကြည်ကို ကားတန်းမရှိတော့ပဲ၊ တစ်စီး ိုလို ခွဲထွက်လာခဲ့သည်။

က်ဆုံးညရှစ်နာရီ ဆယ့်ငါးမိနစ်ခန့်ရောက်မှ ကျုံပျော်သို့ တော့သည်။

ပျော်ပန်းခြံထောင့် ကားဝပ်ရှော့ဘေးမှာ ရပ်နိုင်းပြီးဆင်းကြ

သည်။ လမ်းထဲမှထွက်စောင့်နေသော သူငယ်ချင်းညွှန့်လှိုင်နှင့်
လမ်းထဲဝင်လာကြသည်။

အိမ်ရောက်တော့ ကားပေါ်ကအထုပ်တွေကို အရင်ပြေရှင်းရ
အပေါ့အပါးသွားကြသည်။ ရေနွေးအဝသောက်ကြသည်။

ပြီးမှ ယမ်းပေါ်အတွေ့အကြုံပြောပြသည်။

ကျွန်တော်က သူငယ်ချင်းညွှန့်လှိုင်အား ...

"ငါပြီးခဲ့တဲ့အခေါက်ကိုတွေ့ပြီး ကြောက်လန့်နေတာ ဒီအ
ကတော့ စံချိန်ကိုချိုးနေတာ"

"ဟုတ်တယ်ကွ အချို့ခရီးသည်တွေ ဂိတ်ဆုံးရောက်ရင်
လေ့တွေ ဆိုင်ကယ်ကယ်ရိုစီးကြရဦးမှာ၊ စက်လှေတွေ ကယ်
မရှိရင် အကွပဲဆိုပြီး ညည်းညူနေကြတယ်၊ တကယ်သနားဖို့
တယ်၊ ရှေ့ခရီးဘယ်လိုဆက်ကြမယ် မသိဘူး"

"ဒီမြို့ပေါ်မှာ အသိရှိရင်ဝင်အိပ်ကြပေါ့၊ ကားက ဘယ်
ဆုံးမှာလဲ"

"ငါတို့မမေးမိဘူး"

သို့ဖြင့်ရေချိုးပြီး ညစာစားကြသည်။ သူငယ်ချင်းက ကျွ
ကိုယ်အိမ်ကိုယ်ယှဉ်နေသူ ညီမဖြစ်သူကို ထမင်းဟင်းချက်
သဖြင့် ဟင်းမျိုးစုံကို ဗိုက်ဆာဆာနှင့် စားမည်ကြံသေ





ညသူ့မှာတစ်ပုဂ်ထက်ပိုမစားနိုင်တော့၊ ဗိုက်ထဲမှာရေဝေ်လွှန်းသဖြင့်
ရေတွေတနင့်တပိုး သောက်ထား၍ ဗိုက်ကတင်းနေပြီ၊ အစားစား
တော့ ထင်သလောက်စား၍မရ ဖြစ်ကုန်သည်။

သူငယ်ချင်းတွေဆုံတုန်း စကားကဝတိုင်ပြောကြရာ ညဆယ့်နှစ်
နာရီမှပင် အိပ်ဖြစ်တော့သည်။

မနက်ငါးနာရီခွဲထပြီး ခြောက်နာရီခန့်ကျုံပျော်ဆေးရုံဘေးက
မုန့်ဟင်းခါးဆိုင်မှာ မုန့်သွားစားပြီး အိမ်သို့ပြန်လာကြသည်။

အိမ်ပြန်ရောက်တော့ ရေနွေးကြမ်းချပြီး ခုံတန်းများပေါ်ထိုင်ကာ
စကားဝိုင်းဖွဲ့ပြန်သည်။

ထိုအခါမှ ရွာကသူငယ်ချင်းများ အကြောင်းမေးကြ မြန်းကြ၊
စုံစမ်းကြသည်။ သူငယ်ချင်းအတော်များများရော အသိမိတ်ဆွေလူကြီး
အချို့ရော ဆေတုန်ကြပြီဟု သိလိုက်ရသည်။

သူငယ်ချင်းမြင့်ဦးက သူ့အသိတစ်ယောက် မကျွတ်မလွတ်ပဲ၊
ခအာခဏခြောက်လှန့်နေသည့်အကြောင်း စကားစလာသည်၊ ဒါပေ
မယ့် သူက သူတို့ဘာသာ သရဲခြောက်တယ်ပြောကြတာ ငါတော့
တစ်ခါမှသရဲနဲ့မကြုံပါဘူးကွာ၊ သူတို့ပြောတော့လည်း ခရလိုက်ငါး
လိုက်ခေါင်းငြိမ့်လိုက်တာပဲ"ဟု ဆိုလာသည်။

"မင်းက သရဲရှိတယ်လို့တာ မယုံဘူးလား၊ သရဲတကယ်ရှိတယ်

သူငယ်ချင်း၊ ဒို့ဘုရားရှင်ရဲ့ပိဋကတ်သုံးပုံထဲမှာ ဝိမာနဝတ္ထု၊ ပေတဝတ္ထု တွေရှိနေတာပဲ၊ ဘုရားဟောကျမ်းမှာ အတိအကျရှိနေတာထားဦး၊ အပြင်မှာကို အတိအကျရှိနေတာ ငါကြုံဖူးတယ်"

ကျော်ကြီးက အခိုင်အမာဆိုလာသဖြင့် ကျွန်တော်လည်း စိတ်ဝင်စားကာ အသေအချာပြောပြရန် တောင်းဆိုလိုက်သည်။

လူသေလို့အသုဘကို ခုနစ်ရက်မပြည့်ပဲ သင်္ချိုင်းမှာသွားချရင် တရားနာဖို့ဖိတ်ရတယ်၊ အဲဒါကို ဆွေမျိုးသားချင်းတစ်ယောက်က သူ့မြေပုံအနီးမှာ ဖိတ်ပြီးသစ်ခက်လေးတစ်ခက်ချိုးယူခဲ့ရသည်၊ ယူလာတဲ့သစ်ခက်ကိုလည်း သေသေချာချာထားရတယ်။ တရားနာပြီးတာနဲ့ မှတ်မှတ်ရရ သင်္ချိုင်းကို ပြန်ပို့ပေးရတယ်"

"သင်္ချိုင်းပို့နိုင်းလို့သွားမပို့ပဲ ကြုံရာပစ်ထားခဲ့တာ တစ်ညလုံး သရဲသောင်းကျန်းတဲ့ အိမ်တစ်အိမ်ကို မှတ်မှတ်ရရ တွေ့ဖူး ကြုံဖူးတယ်"

"အဲဒီထက်ပိုပြီးတိကျတဲ့ ဝိညာဉ်ကိုယ်တိုင်လာပြီး တရားနာရေစက်ချတာ မျက်စေ့အောက်မှာကို ကြုံဖူးတယ်၊ မယုံတဲ့လူတွေလည်း တစ်ခါတည်းလက်ဖျားခါအောင် ယုံသွားကြသည်။

"ပြောကွာ သူငယ်ချင်း မင်းမောရင်ငါရေခပ်တိုက်မယ်"

"မင်းက ငါပြောတဲ့ဇာတ်လမ်းကို ရေးတော့မယ်ပေါ့"





"အေပေါ့ ငါကကုန်ကြမ်းရှာနေတဲ့ကောင်ပဲ အကွက်ဝင်တုန်း အသေအချာကိုလိုက်မှတ်မှာ အဲဒီအဖြစ်အပျက်က ဘယ်မှာ ဖြစ်တာလဲ"

"ငါတို့ရွာမှာပြီးတော့ ငါတို့ရပ်ကွက်မှာဖြစ်သွားတာ"

"ကဲ ... ဝိညာဉ်ကိုယ်တိုင်ရေစက်လာချတဲ့အကြောင်း ငါပြော တော့မယ် မင်းသေသေချာချာနားထောင်"

ချောင်းရင်းရွာဘုရားကြီး ကွက်သစ်မှ လူရွယ်တစ်ယောက် ကျောင်းခြံဘေး တာလမ်းမပေါ်တက်လာသည်။

"မောင်အေး ဟိုအိမ်မှာ လူရုတ်ရုတ်နဲ့ဘာဖြစ်နေတာလဲ"

"ဖိုးပါလညွန့်ကြီး ဆုံးသွားလို့ သားသမီးတွေငိုနေကြတာ"

"သားသမီးတွေက မတည့်ကြဘူးလို့ ကြားတယ်၊ အခု အဖေသေမှ ဝမ်းနည်းနေကြပြီနဲ့တူတယ်"

"အမေတစ်ယောက်လုံး ကျန်ပါသေးတယ်"

မေသူက လယ်ကွင်းဘက်အထွက်လမ်းအတိုင်း လျှောက်သွားသလို မောင်အေးကရွာထဲသို့ ဝင်လာခဲ့သည်။

သူတို့ပြောသော ဖိုးပါလညွန့်က နာမည်ရင်းမဟုတ် နာမည်ရင်းက ဦးညွန့်၊ ဟိုစပ်စပ် သည်စပ်စပ်နေရာတကာ ပါလွန်းသဖြင့် ငယ်စဉ်ကတည်းက နာမည်ဦးညွန့်ရှေ့မှာ ပါလေရာဟု

တည့်ပြီး ပါလေရာညွှန့်ဟု အမည်ပေးခေါ်ဝေါ်ကြသည်။

နောက်ပိုင်း ပါလေရာညွှန့်အစား ပါလညွှန့်ဟု မိတ်ဆွေအပေါင်းအသင်းမှအစ ခေါ်ဝေါ်ကြသည်။

တစ်လောကလုံး ပါလညွှန့်ဟု အမည်ပေးခေါ်ဝေါ်သည် အစပိုင်းမသိသော်လည်း တစ်ယောက်စကား တစ်ယောက်နား ဦးညွှန့်သိသွားတော့သည်။

သူ့နာမည်အပေါ် ဘာမှမဝေဖန်ပြသနာရှာခြင်းမရှိသဖြင့် ယ မှ ည် သေသည်အထိ ဦးညွှန့်နာမည်ပျောက်ပြီး ပါလညွှန့် ဖိုးပါလညွှန့်ဖြစ်လာခဲ့သည်။

သူ၏ဇနီးနာမည်က၊ ဒေါ်စောရင်ဖြစ်သည်။ အိမ်ထောင်ကျ နောက်မကြာခဏ အသိမိတ်ဆွေများကို သူပြောသည့်လက်သုံးစ တစ်ခုရှိခဲ့သည်။

"ဟေ့ ဘာပဲလုပ်လုပ်စောရင် အကောင်းဆုံးပဲကွ"

"ပါပြောတာသေသေချာချာမှတ်ထားစေရင် ဘယ်နေရာမှ အကောင်းဆုံးပဲ"

အိမ်ထောင်ကျပြီးသည်မှ မကြာသေး စောရင် အကောင်း သော သူ့လက်ကိုင်စကားကြောင့် ရွာယက်ကာလသားမျ သူ့ထက်ကြီးသည့်လူများကရော သူ့မိန်းမ ကောင်းတာကို





တာလိုက်ကြွားနေရသေးတယ်၊ ဘယ်လိုလူကြီးမှန်းမသိဘူးတော့ ကွယ်ရာမှာ ပြောဆိုရယ်မောကြသည်။

ဦးပါလညွှန့်က သူ့စကားအတိုင်း မိုးရွာသည်နှင့် လယ်ရေးဝင်သည်။ မိုးရေလယ်ကွင်းထဲ တင်အောင်လုပ်ပြီး မျိုးပေါ်စောစောကြဲသည်။ ထယ်ရေး၊ ထွန်ရေး၊ နှစ်ပြန်သုံးပြန်မိုးနှင့်အပြိုင် မနားမနေလုပ်သည်။

သို့ဖြစ်၍ စပါးစောစောစိုက်နိုင်သည်။ စပါးစောစောရင့်မှည့်သည်နှင့် အစောဆုံးစပါးရိတ်သိမ်းသည်။ ကိုင်းသီးနှံစိုက်နိုင်သည်။

ဘုရားကြီးအနေ့ကွင်းက နှစ်သီးစားကောင်းစွာ ဖြစ်ထွန်းသော လယ်များဖြစ်၍ တန်ဖိုးလည်းရှိသည်။

နွေဝိုင်းသီးနှံမျိုးစုံစိုက်နိုင်သည်။ ရေသွင်းစရာရေရှာပ်စရာ မိုးသာမန်ရေပုံးနှင့်ထမ်းပြီး အနည်းအကျဉ်းလောင်းရုံနှင့် ကိုင်းသီးနှံများ ကောင်းစွာဖြစ်ထွန်းသည်။

ဦးပါလညွှန့်၏လက်သုံး စောရင်ကောင်းတယ်ဆိုသောစကားက သူ့ဇနီးမစောရင် ရည်ညွှန်းပြောသည်ဆိုကာ ကွဲရဲ့ပြောင်လှောင်ကြသူများ ပါးစပ်ပိတ်သွားတော့သည်။

နှစ်စဉ်နှစ်တိုင်း စပါးစောစောရိတ်သိမ်းနိုင်သည်။ ကိုင်းသီးနှံများသည်း စောစောရင့်မှည့်ပြီး စောစောရောင်းချနိုင်သည်။

နောက်တော့ ဦးပါလဍွန့်၏လက်သုံးစကားအတိုင်း လယ် သမား ယာသမားများတို့လည်း စောစောစိုက်နိုင်ပျိုးနိုင်ရင် ကောင်း သည့်အရာသာကို သိသွားကြတော့သည်။

ဦးပါလဍွန့်မှသည် ဖိုးပါလဍွန့်ဖြစ်လာသည်။ သူ့မှာသမီးသုံး ယောက်၊ သားနှစ်ယောက်မွေးထားသည်။ အားလုံးအိမ်ထောင် ကျကုန်ပြီ။

ထိုငါးယောက်ထဲမှ ကိုကျော်စိုးက အရင်ဆုံးကွယ်လွန်သွား သည်။ အကြီးဆုံးကသမီးမိန်းကလေးဖြစ်ကာ မခေါင်၊ မလှတင် မငွေတင်နှင့် မောင်တင်မြတို့ ကျန်ရှိသည်။

အားလုံးကိုယ့်စီးပွားနှင့်ကိုယ် တင့်တောင့်တင့်တယ်နေထိုင်သူများ ဖြစ်ပေမယ့် အသက်ကြီးနေပြီဖြစ်သည့် ဖိုးပါလဍွန့်ထံမှ ရရှိမည့် အမွေအတွက် အားလုံးရင်ထဲမှာ အကျိတ်အခဲရှိနေကြသည်။

အရေးအခင်းကာလအလွန် (၁၉၈၈ခု နိုဝင်ဘာလ)အရောက် အသက်(၈၇)နှစ်ရှိပြီဖြစ်သည့် ဖိုးပါလဍွန့်တစ်ယောက် ဝမ်းမမ ဖြစ်ကာ အိပ်ယာထဲလဲတော့သည်။

ဝမ်းသွားတာမရပ် အသက်ကကြီးပြီဖြစ်၍ အားကကုန်လာ သည်။ တန်ဆောင်မုန်းလအတွင်းမှာ အသက်သေဆုံးသွားတော့ သည်။





ဖခင်ဖိုးပါလဍွန့်သေဆုံးသွားပြီဆိုတော့ တစ်ဦးနှင့်တစ်ဦး မခေါ် ချင်မပြောချင်ပေမယ့် အားလုံးအိမ်ပေါ်သို့ တစ်ပြိုင်တည်းရောက်လာ ကြတော့သည်။

အသုဘကို ငါးရက်ထားပြီး မြေချသဂြိုဟ်ရန်ချိန်းသတ်ကြသည်။ ထိုအသုဘချသည့်နေ့ကလည်း မောင်နှမလေးယောက်စကားများ ဖြစ်ကြသဖြင့် အသုဘချမည့်အစီစဉ်ကိုရပ်ပြီး ဩဇာရှိလူကြီးများက ဝင်ရောက်ဖြန်ဖြေကြသည်။

အော်ကြတစ်ကြ၊ ဆဲကြဆိုကြ၊ ငိုကြနှင့်အသုဘချသည့်နေ့က ရုတ်ရုတ်ရက်ရက်နှင့်ပင် အသုဘမြေကျသည့်အတွက် မည်သူကမှ လည်း ဝင်ရောက်မဖြေရှင်းဝံ့ကြသည်။

သို့ဖြင့် ဖိုးပါလဍွန့်သေသည့်ရက်မှသည် ခုနစ်ရက်ပြည့်ခဲ့ပြီး ရက်လည်သပိတ်သွတ် အလှူတရားပွဲရက်သို့ ရောက်ခဲ့ပြီ ...

အိမ်နှင့်ရိုးလမ်းသာခြားသည့် မဟာနိဗ္ဗာနရာမဘုရားကြီးကျောင်း တိုက်ဆရာတော်နှင့် ကျောင်းသံဃာငါးပါးပင့်ထားသည်။

ဆရာရင်း ဒကာရင်းလည်းဖြစ်၊ ကျောင်းဒေါ်ယကလည်းဖြစ်သည့် အတွက် ဆရာတော်ဦးဉာဏိန္ဒကိုယ်တော် ဦးဆောင်ပြီးကြွလာသည်။

ဆရာတော်သံဃာတော်များအား ဆွမ်းကပ်လှူပြီးသည်နှင့် တရားပွဲစတော့သည်။

ဆရာတော်လည်း သိလာနေသည်။ တရားပွဲစပြီး မကြာခင်မှာပဲ တရားနာပရိသတ်နောက်ဆုံးနားမှ ဦးပါလည္ဘန့်၏မြေး ကိုမင်းအောင်အံ့ဇနီး မမူဆန်းအား သရဲဝင်ပူးနေသည်ဟု တစ်ယောက်တစ်ခွန်းပြောနေကြသည်။

တရားနာပရိသတ်ပြောနေသော စကားများကြောင့် ဆရာတော်က တရားပွဲကိုရပ်ပြီး နောက်တစ်ဖက်သို့ လှမ်းမေးလိုက်သည်။

"နောက်နားမှာ ဘာဖြစ်နေတာလဲ"

"သရဲဝင်ပူးနေတာလို့ ပြောတာကြားလိုက်ပါတယ် ဘုရား"

"ကဲ ... ဒကာကြီး အဲဒီမိန်းကလေး ရှေ့ကိုလာခိုင်းလိုက်"

ဆရာတော်က ခေါ်ခိုင်းသဖြင့် ဝင်ပူးခံနေရသော မမူဆန်းအား ဘုန်းကြီးရှေ့သို့ ခေါ်လာကြသည်။

"အခု သည်ဒကာမလေးမှာ ဝင်ပူးနေတာ ဘယ်သူပါလဲ"

ဆရာတော်က ဝင်ပူးနေသောပုဂ္ဂိုလ် မည်သူဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုရန် မေးလိုက်သည်။

"တပည့်တော် ပါလည္ဘန့်ပါဘုရား"

"တပည့်တော် ခန္ဓာကိုယ်ကိုသင်္ချိုင်းမှာ လာစွန့်ပစ်ထားခဲ့ပြီး တရားနာလာဖို့ တစ်ယောက်မှမိတ်မသွားကြဘူး ဘုရား။ ရက်လည်ဆွမ်းသွပ်အမီ တပည့်တော်လာခဲ့တာ လူကမသန့်စွမ်း တောင်ဖေ့နဲ့

ပိတ်ဆွေတာပေ



ဖြစ်ဖြစ်မှ သားသမီးတွေကမဖိတ်တာနဲ့ စုတ်သော်ရှိ ရှာတော်ရှုနှစ်တွေကို ပြောဆိုတောင်းပန်နေရလို့ ကြာနေရတာပါ ဘုရား"

"ဒကာကြီးက ဦးပါလည္ဘန့်ဆိုတာ သေချာလား"

"သေချာပါတယ်ဘုရား"

"ဒကာကြီး ဦးပါလည္ဘန့်ဆိုတာ ဒီကတရားနာပရိတ်သတ်တွေယုံကြည်အောင် ဘာသက်သေပြနိုင်လဲ"

"တပည့်တော်ကွမ်းစားချင်ပါတယ် ဘုရား"

မမူဆန်းအား ဝင်ပူးနေသည်ဆိုသော ဦးပါလည္ဘန့်က ကွမ်းစားချင်သည်ဆို၍ သားဖြစ်သူတင်မြက ကွမ်းယာလှမ်းပေးလိုက်သည်။

"ဟော့ကောင်တင်မြ ငါကယင်းကိုကွမ်းယာဖို့ စားတာမဟုတ်ဘူး။ ငါ့မှာသွားတွေမရှိတော့ဘူး၊ ကွမ်းကိုဆုံနဲ့ထောင်းပြီးစားတာ မင်းမသိဘူးလား"

ဦးပါလည္ဘန့်က ကွမ်းကိုဆုံနှင့်ထောင်းမှ စားနိုင်သည်ဆိုသဖြင့် ကွမ်းဆုံကိုသားသမီးမြေးများ အားလုံးလိုက်ပြီးရှာကြသည်။

ထားနိုင်မည့်နေရာအနှံ့ရှာကြသည်။ ဘယ်လိုမှရှာမတွေ့၊ ကွမ်းဆုံဖို့ ဘယ်မိနှင်နီးပါးရှာပေမယ့် မတွေ့။ ထိုအခါ တရားပွဲမှာ ရောက်နေသည့် ဆွေမျိုးများလည်း နီးဝင်ကာ လမ်းထဲကအဘူနေသည့် ကိုကျော်ကြီးက ဦးပါလည္ဘန့် ဟက်ပတ္တက်သေချာမေမည့်

ပိတ်ဆွေတာပေ

နည်းကိုစဉ်းစားမိသွားသဖြင့် ထိုင်ရာမှ အနီးသို့ထသွားပြီး ...

"ဦးလေးက ဦးပါလဥ္စွန့်ဆိုတာ အားလုံးလက်ခံနိုင်အောင် ဦးလေးကွမ်းထောင်းစားတဲ့ဆုံကို ဘယ်မှာထားတယ်ဆိုတာ ပြောပြနိုင်မလား"

"တာ ... ငါစားတဲ့ ကွမ်းဆုံငါထားတာ သိတာပေါ့၊ ငါ့ ငါမနိုင်တဲ့မြစ်တွေ အိမ်ကိုလာရင် ယူယူပြီးထောင်းလွန်းလို့ သူတို့မမြင်၊ မသိအောင် ငါအမြဲတမ်းဖွက်ထားတာ"

"ဘုရားကျောင်းဆောင်နောက်မှာ ငါသိမ်းထားတယ်"

ဦးပါလဥ္စွန့်၏ စကားအဆုံး ဘုရားကျောင်းဆောင်အောက်မှာ ဆရာတော်အပါအဝင် ရဟန်းငါးပါးထိုင်ပြီး သိတင်းသုံးနေကြသည်ကို မည်သူမှထမလာငံ့သဖြင့် ဆရာတော်က ဦးဇင်းတစ်ပါးအား မျက်ရိပ်ပြလိုက်ရာ ဦးဇင်းကထပြီး ဘုရားဆောင်နောက်ကို ကြည့်လိုက်သည်။

ကြေးဆုံနှင့်ကြေးထောင်းတံ အစုံလိုက်ကိုတွေ့သဖြင့်ယူပြီး ဆရာတော်အား ဆက်ကပ်လိုက်သည်။

ထိုအခါမှ ဦးပါလဥ္စွန့်ဟု လက်ခံ ကာ ဝိုင်းဖက်ပြီးငိုယိုကြတော့သည်။ ပထမပူးကပ်ပြီး ဆရာတော်ရှေ့ရောက်လာစဉ် သားသမီးများက မြေးဖြစ်သူ ကိုမင်းအောင်နှင့် မမူဆန့်းတို့လင်မယားက





အမွေလိုချင်၍ စတန့်ဝင်လုပ်သည်ဟု ကွယ်ရာမှာကဲ့ရဲ့စကားဆိုနေကြသည်။

ယခုတော့ ဖခင်ကိုယ်တိုင်ဖြစ်ကြောင်း သားသမီးများယုံကြည်သလို တရားနာပရိတ်သတ်ကြီးလည်း ယုံကြည်လက်ခံသွားကြသည်။

"ကဲ ... ကဲ ဝိုင်းနေတဲ့လူတွေ ဖယ်ပေးလိုက်ဦး ဒကာကြီး ဘာပြောချင်သေးလဲ၊ ဘုန်းကြီးမေးစမ်းဦးမယ်"

ဆရာတော် ဦးဥာဏိန္ဒက မိန့်ဆိုလိုက်သဖြင့် ဝိုင်းဖက်ငိုယိုနေသော သမီးများနောက်ဆုတ်ပေးလိုက်ကြသည်။

"ကဲ ... ဒကာကြီး တရားနာမယ်မဟုတ်လား"

"တပည့်တော် တရားနာရေစက်ချချင်လို့ လာခဲ့တာပါဘုရား တပည့်တော် အရှင်ဘုရားကို လျှောက်တင်ချင်ပါတယ်"

"အေး ... လျှောက်တင် ဒကာကြီး"

"တပည့်တော်ရဲ့ သားသမီးတွေက ဖခင်မသောက်မှုလိမ္မာဘူး ဘုရား တပည့်တော်ရဲ့ ပစ္စည်းဘာတစ်ခုမှ သူတို့ကို အမွေမပေးဘူး ဘုရား"

"တပည့်တော် လယ်တွေ၊ ခြံ၊ လှည်းနွား၊ ပစ္စည်းအားလုံး အရှင်ဘုရား သာသနာတော် ကိစ္စအဝဝမှာသုံးဖို့ လှူခဲ့မယ်ဘုရား၊

ဘာတစ်ခုမှ အမွေမပေးခဲ့ဘူး ဘုရား၊ တပည့်တော်ဇနီး ဒေါ်စောရ
အသက်ဆုံးသည့်တိုင် အရှင်ဘုရား ကြည့်ရှုစောင့်ရှောက်ပေးပါဘုရား
တပည့်တော်ဇနီး သေဆုံးပြီးတာနဲ့ ရှိသမျှပစ္စည်းအားလုံး အရှင်
ဘုရား အပိုင်ဖြစ်ပါသည် ဘုရား"

"တပည့်တော်လှူသမျှကို ရေစက်ချသွားချင်ပါတယ် ဘုရား"

"ဒကာကြီးဆန္ဒအတိုင်း ဘုန်းကြီးဆောင်ရွက်ပေးမယ် ဒကာမ
ကြီးအတွက် နောက်ဆုံးပဝတ်နဲ့ ဘုန်းကြီးတာဝန်ယူပေးမယ်"

သို့ဖြင့် တရားပွဲကိုဆက်ပြီးဟောသည်။ ဦးပါလဥ္စန့်အတွက်
ရည်စူးပြီး ဘုန်းကြီးကအစဝ ဖြန့်ဟောခဲ့သည်။

ရေစက်ကို ကိုယ်တိုင်ချပြီး အမျှဝေဟာ သာဓုခေါ်သည်။

တရားပွဲပြီးသည်နှင့် ဦးပါလဥ္စန့်လဲပူးကပ်ထားရာမှ ခွာသွား
သည်။ ဘုန်းကြီး ဦးဉာဏ္ဍိန္နက ဖြန့်မကြွသေးပဲ သားသမီးတော
ယောက်ကို ခေါ်လိုက်သည်။ အားလုံးမျက်နှာမကောင်းကြ

"ဒကာကြီးကတော့ ဘုန်းကြီးကို ဒကာမကြီးကို အပြီး
အားလုံးလှူသွားပြီ၊ ဘုန်းကြီးပစ္စည်းဖြစ်သွားပြီ၊ ဘုန်းကြီးဘာလိုချင်
ဒီမှ ဒကာကြီးနဲ့မဆိုင်တော့ဘူး"

"ဒါကြောင့် ဘုန်းကြီးက ဒကာမတို့ညီအစ်မနဲ့ ဒကာကိုတာ
တို့ကို ပြန်စွန့်ပါတယ်"





"မောင်နှမလေးယောက် အညီအမျှခွဲဝေယူကြ၊ ဒကာကြီး
အတွက် ရည်စူးပြီးလှူတန်းတာလှူ၊ မိခင်ကြီး အသက်ထင်ရှားရှိနေ
တဲ့အတွက်လည်း သူ့အရေးကြီးချင် ယုံနိုင်အောင် ချန်ထားပေးကြ"

"ဘယ်လိုသဘောရလည်း ဒကာမကြီးတို့"

"ဘုန်းဘုန်း စီစဉ်တဲ့အတိုင်းနာခံပါမယ် ဘုရား"

နောက်ဆုံးတော့ အမွေကိစ္စကိုတင်းကျပ်တွဲနေကြသော မောင်နှမ
လေးယောက်လည်း ဆရာတော်ကြောင့် ပြန်လည်သင့်မြတ်သွားကြ
သည်။

တရားနာလာသူများရော ပိုးသတင်းကို ကြားသူများရော၊
သေသွားပြီဖြစ်သည့် ဦးပါလဥ္စန့်၏ ဝိညာဉ်ကိုယ်တိုင် ရေစက်လာ
ကာ ရေစက်ကိုယ်တိုင်ချသွားသည်ဖြစ်၍ မကြုံဖူး လူးလူးခြားခြား
ကြုံတွေ့လိုက်ကြရသည်။

ပြွန်ခဲ့သောနှစ်(၃၀)ကျော်က မြန်မာနိုင်ငံတော်နယ်အပိုင် ချောင်းရင်းရွာ
မှာ တကယ်ဖြစ်ခဲ့သလို ဤအကြောင်းအရာကို ယနေ့ထိ ပြောဆိုနေကြသူများ အားလုံး
နာမည်အရင်းများသာဖြစ်ပါသည်။

ယုံသည့်ကိစ္စမှ ထိခိုက်စေမည်မဟုတ် မယုံသည်လည်းပြီးခဲ့သည်ဟု
ရှင်းလှတ်ကြပါရန် (ဇေကန်မင်း)

"ကဲ ... သူငယ်ချင်း၊ ငါကိုယ်တိုင် ဦးပါလဥ္စန့်ဝိညာဉ်

ဟုတ်မဟုတ် ဝင်မေးခဲ့တာ ငါမေးမှပဲဘုရားကျောင်းဆောင်နောက်မှာရှိတာ အသေအချာသိလိုက်ရတယ်"

ထိုအခါမှ မြင့်ဦးက သရဲမမြင်ဘူးလို့ မရှိဟုပြောချင်သည့်စကားကို ဆက်မပြောတော့။

"အဲဒီအရေးအခင်းဖြစ်ပြီးတဲ့အချိန် ငါကနယ်ရောက်နေလို့ ရွာကကိစ္စမသိလိုက်ဘူး၊ နယ်မှာတာဝန်နဲ့ဆယ်နှစ်ကျော်သွားတယ်"

"အဲဒီ မင်းအမျိုးတွေ အရင်းကြီးမဟုတ်လား၊ စကားမစပ်မိလို့ မင်းမသိတာ"

"ငါလည်း တကယ်ကြုံခဲ့လို့ တကယ့်ကိုယုံကြည်သွားတာပဲ၊ ကဲ ... ဖော့ကောင် ငါပြောသွားတာ အားလုံးမှတ်မိလား"

"မှတ်မိတာပေါ့၊ ဝိညာဉ်အကြောင်းငါမသိပေမယ့် ဦးပါလရွှန့်မိသားစုကို ရင်းရင်းနှီးနှီး သိခဲ့တာပဲ၊ ငါရန်ကုန်ပြန်ရောက်ရင် ဝိညာဉ်ကိုယ်တိုင်ရေစက်ချတဲ့ အကြောင်းရေးကိုရေးမယ်"

ကျွန်တော်တို့ သူငယ်ချင်းလေးယောက် သိတင်းကျွတ်အားလပ်ရက်မှာ ခက်ခက်ခဲခဲအရောက်လာပြီး ဆုံခဲ့ကြသည့်ရှေးဟောင်းနှောင်းဖြစ်စကားဝိုင်းမှာ ကျွန်တော့်အတွက် တန်ဖိုးရှိသည့် ဇာတ်လမ်းတစ်ပုဒ်ရခဲ့ခြင်းက အမြတ်မဟုတ်ပါလား"

xxxxx



## အလောင်းအစား ဝါသနာ

"ဖျောင်း"

"ဗိုး"

"ဖလတ် ... ဖလတ်"

"ဟုတ်ပြီကွ ချထား"

ဖော်ကြီး၊ သာအောင်၊ ငွေမြင့်၊ သာအေးတို့လေးယောက်က တိမ်ပျံဆိုသော တိုက်ကြက်ဘက်မှ လောင်းကြေးပါထားသည်။

တိမ်ပျံ၏ တိုက်ကွက်အောက်မှာ တစ်ဖက်ကြက် "တွေ့မရှောင်" အထိနာနေသည်။

"ဖျောင်း"

အသေလုပ်ကွ တိမ်ပျံရေ၊ မထိတထိလုပ်မနေနဲ့၊ တိမ်ပျံ၏ခွ

ချက်ကြောင့် တွေ့မရှောင် ခေါင်းကိုဖွက်ထားသည်။

"ဖောင်း ... ဖလပ် ... ဖလပ်"

"ဟာ ... ချပြီဟေ့"

တိမ်ပျံ၏ပြင်းထန်သည့် ခွပ်ချက်ကြောင့် တွေ့မရှောင်နေသို့လှန် ထွက်သွားသည်။

ဗိုခွပ်ပြစ်စမ်း ... ခေါင်းဖော်ခွင့်မပေးနဲ့။ တိမ်ပျံ၏ ခွပ်ချက်က မပြင်းထန်သဖြင့် တစ်ဖက်ကြက်ပြန်တိုက်နိုင်မည့် အခွင့်ကောင်းစော နေသည်။

တွေ့မရှောင်က အတောင်ရိုက်ပြီး တစ်ချက်တွန်းလိုက်သည်။ ထိုအချိန်မျိုးကို အခွင့်ကောင်းရှောင်းနေသော တိမ်ပျံက ...

"ဖျောင်း"

"ဂိုး"

"ဟာ ... ကောင်းလိုက်တာ"

သာအောင်က မှတ်ချက်ပေးပြီး ထအော်လိုက်သည်။ တွေ့မ ရှောင် မာန်ချိုးပြီးတွန့်သံပေးနေစဉ် အလစ်အငိုက်ယူပြီး ထခွပ်လိုက် သော တိမ်ပျံ၏ခွပ်ချက်ကြောင့် တွေ့မရှောင်ခေါင်းပေါက် ဦးနှောက်များ ထွက်ကျကုန်တော့သည်။

တိမ်ပျံက ပိုင်ရှင်၏ပြုစုမှုကိုခံနေသည်။ တွေ့မရှောင်က





ခေါင်းကြီးအောက်စိုက်ကျကာ လူအုပ်ကြားသွေးရူးသွေးတမ်း ပြေးဝင်ပြီး အသက်ပျောက်သွားတော့သည်။

လောင်းကြေးများ တိုးပွားသွားသဖြင့် သူတို့လေးယောက် ကိုကျော်မြင့်အရက်ဆိုင်သို့ အပြေးအလွှားထွက်ခဲ့ကြသည်။

ကြက်ပိုင်းမှာ လောင်းသူက လေးယောက်လုံးမဟုတ်၊ သာအောင်နှင့် ဇော်ကြီးတို့သာလောင်းသည်။ ငွေမြင့်နှင့်သာအေးတို့ က ဘေးမှကြည့်ပြီး အားပေးသူများသာဖြစ်သည်။

တောအရက်ရောင်းသော ကိုကျော်မြင့်ဆိုင်ရောက်တော့ အံ့ရက် တစ်ပုလင်းမှာလိုက်သည်။ မြေပဲ၊ ဆားလှော်တစ်ပုဂံနှင့် ကြက်ဥမွှေ ကြော်ပါ ထပ်မှာသည်။

"ကပ်စေးနဲကော်တာရာငွေးမြင့် မင်းငါတို့ကြွေးတာ တိုက်တာ မင်းစားသောက်နေတာ အကြိမ်ပေါင်းမနည်းတော့ဘူး၊ နောက်တစ်ခါ ဆို မင်းငါတို့အားလုံးတိုက်ရမယ်၊ ဟုတ်လား"

မင်းတို့ကိုငါကတိုက်နိုင်း၊ ကျွေးခိုင်းတာမှမဟုတ်တာ၊ မင်းတို့ ဟာနဲ့မင်းတို့တိုက်တာ ငါ့ကိုလာပြီး အကြွပ်လာမကိုင်နဲ့"

"အံမယ်သောက်ခွက်က သူများဟာရားတော့ ပုံစံကတစ်မျိုး၊ သူ့ကိုပြန်ကျွေးခိုင်းတော့ မျက်နှာကတစ်မျိုး တတ်လည်းတတ်နိုင် သယ်"

"ငါက မင်းတို့လောက်ပိုက်ဆံ မရှာတတ်ဘူး၊ ဒါကြောင့် မင်းတို့လိုမသုံးဘူး ဒါပဲလေ"

"ငါတို့ဆီက သုံးခါစားပြီးရင် မင်းတစ်ခါကျွေးရမယ်ဆိုတာ နားမလည်ဘူးလား"

"ငါ့ဆီကပြန်စားချင်လို့ ကျွေးတာဆို မစားဘူး။ မသောက်ဘူး ကွာ၊ ကျွေးလည်းမကျွေးဘူး"

"ဒါဆို အခုအရက်မသောက်ဘူးပေါ့ ဟုတ်လား"

"ဒါကမင်းတို့ အိတ်ကစိုက်ပြီး တိုက်တာမှမဟုတ်တာ၊ ကြက် တိုက်လို့ရတဲ့ ပိုက်ဆံနဲ့ဝယ်တိုက်တာ၊ငါတို့နှစ်ယောက်က မင်းတို့ နိုင်အောင် လက်ခုပ်လက်ဝါးတီးပြီး အားပေးရတာ ဘယ်လောက် မောတယ်မှတ်လဲ ဟုတ်တယ်မို့လား သာအေး"

"မှားပါတယ် တော်တော်စေတနာထားချင်စရာ ကောင်းတယ်"

ထိုအချိန် ကြက်ဥမွှေကြော်နှင့် မြေပဲဆားလှော်ရောက်လာသဖြင့် လေးယောက်သား ဖန်ခွက်များထဲ အရက်ငှဲ့ကာ ထိုင်သောက်နေကြ သည်။

အရက်နှစ်ပုလင်းကုန်မှပင် အရက်ဆိုင်မှထပြစ်သည်။ နေလည်း ဝင်သွားပြီ၊ လဆန်းရှစ်ရက်လကသာနေသည့် အရက်ဆိုင်က ည နာရီမှသိမ်းမည်။





"ငွေးမြင့်နဲ့သာအေး မပြန်သေးဘူးကွာ၊ ညအေးအေးလေးမှာ အရက်တစ်ပုလင်း ထပ်မှာပြီးသောက်ဦးမယ်"

"မင်းကအရက်မူးလာရင် ထိမ်းလို့မရအောင် သောက်ချင်တော့ တာပဲ"

"ငါတိုက်မှာပါ ဇော်ကြီးလိုမင်းကို ဝေါ်ကြီးကျတယ်လို့ မပြော ပါဘူး မင်းသောက်မယ်ဆို တစ်ဆိုင်လုံးရှိတဲ့အရက် ဝယ်တိုက်မယ် ဟုတ်လား၊ ငွေမြင့်"

"ဟုတ်တယ်၊ မင်းပဲငါ့ကိုစေတနာရှိတယ်"

"ဖားထားပေါ့ကောင် ဒီကောင်မူးလို့ စေတနာကောင်းနေတာ နောက်နေ့အမူးပြေရင် အကြွေးလာတောင်းနေလိမ့်မယ်"

သာအောင်ကို မကျေမနပ်ပြောရင်း အရက်ဆိုင်မှာပြန်ထိုင်လိုက် ကြသည်။ အရက်တစ်ပုလင်း မှာသောက်ကြပြန်သည်။

နောက်ဆုံးဆိုင်သိမ်းမှ သုံးယောက်သားရွာထဲသို့ ပြန်ဝင်လာခဲ့ ကြသည်။

"ဟော့ ... ဇော်ကြီး ... ဇော်ကြီး"

"ဘာလဲကွ သာအေး၊ လာအိမ်ပေါ်တက်"

"စောစောစီးစီး ဘယ်ကပေါက်ချလာတာလဲ"

"မင်းတို့ ဘာသတင်းမှမကြားဘူးလား"

"မကြားဘူး … မင်းကဘာကြားလာလို့လဲ"

"ငါ … ငါ … တို့ကောင်ကြီး ငွေမြင့်"

"ငွေမြင့် ညကအိမ်ပြန်လာတာ၊ လမ်းမှာပိုးထိလို့ ညသန်းခေါင်က ဆုံးပြီတဲ့ကွ"

"ဟင် … ဟုတ်ရဲ့လားကွာ တို့နဲ့လမ်းခွဲပြီး သူ့အိမ်သွားတဲ့ လမ်းထဲဝင်သွားတာပဲ"

"အေး … အဲဒီအချိန် အကိုက်ခံလိုက်ရတာပဲ"

"ဘာကောင်မှန်းမသိပဲ မူးမူးနဲ့လုပ်ချင်ရာလုပ်နေတာ တစ်ကိုယ်လုံးပြာနှမ်းလာမှ ကျွန်းမာရေးမှူးကို သွားပင့်တော့ မြွေဆိပ်ကပျံ့နေပြီတဲ့"

"ဘူဆုံးတာ သန်းခေါင်ကျော်မို့ မင်းတို့မသိတာ ငါနဲ့က အိမ်နီးတယ် မဟုတ်လား"

"ငါမျက်နှာသစ်လိုက်ဦးမယ် သာအောင်လည်း သိဦးမှာမဟုတ်ဘူး၊ သူ့ကိုဝင်ခေါ်ပြီး သွားကြမယ်"

"အေးအေး … မြန်မြန်မျက်နှာသစ်လိုက်"

ဇော်ကြီးမျက်နှာသစ်ပြီးသည်နှင့် သာအေးနှင့်အတူသာအောင်၏ အိမ်သို့ထွက်ခဲ့သည်။

သာအောင်လည်း ရွာအစွန်မကျတကျမှာနေသည်မို့ ငွေမြင့်





အကြောင်းမသိသေး၊ သူတို့နှစ်ယောက်ရောက်သွားမှ သိလိုက်ရပြီး တဟီးဟီးနှင့်ငိုကြွေးနေတော့သည်။

"တော့ကောင် … ငိုမနေနဲ့တော့၊ အခုသူ့အိမ်ကိုသွားကြမယ်၊ ဝိုင်းကူလုပ်ပေးစရာ လုပ်ပေးကြမယ်"

"ညက ငါတို့ပိုင်းစလိုက်တာ ဒီကောင်ဒီနေ့သေရတယ်လို့ကွာ အဲဒါကိုတွေးပြီး ဝမ်းနည်းသွားတာ"

"တမင်အပျော်သက်သက် ပိုင်းစတာပါ၊ စိတ်ထဲကပါလို့ပြောတာ မဟုတ်မှန်း ဒီကောင်သိပါတယ် ဘယ်လောက်စစ နာတတ်တဲ့ကောင် မဟုတ်ပါဘူး၊ စိတ်မကောင်းဖြစ်မနေနဲ့"

"မင်းမျက်နှာသစ်ပြီးပြီဆိုရင် ငွေမြင့်တို့အိမ်ကိုသွားကြမယ်၊ အဝတ်အစားလဲဦးမလား"

"မျက်နှာပဲသစ်လိုက်တော့မယ်၊ အဝတ်အစားမလဲတော့ဘူး"

သာအောင်မျက်နှာသစ်ပြီးသည်နှင့် သုံးယောက်သား ဇော်ကြီး အိမ်သို့လာခဲ့ကြသည်။

အိမ်ရောက်တော့ ဇော်ကြီးကို အိမ်ပေါ်မှာပက်လက်လေး တွေ့ရသည်။ အိမ်ခြေရင်းဘက်မှာ အခေါင်းစပ်နေသည်ကို တွေ့ရသည်။

သူတို့သုံးယောက် အိမ်ပေါ်တက်လာတော့ မိခင်ဖြစ်သူက ရုတ်တရက်ထငိုလိုက်သည်။

"သားရေ ... ငွေမြင့် မင်းသူငယ်ချင်းတွေလာခေါ်နေပြီလေ သူတို့သွားလေရာ တကောက်ကောက်လျှောက်လိုက်ကောင်းလို့ အသေဆိုးနဲ့သေရတာပေါ့ ဟီး ... ဟီး"

မိခင်ဖြစ်သူဒေါ်ကြင်၏ အသံပြဲကြီးနှင့်ငိုလိုက်သံကြောင့် သူငယ်ချင်း ကိုမြင်ပြီး မျက်ရည်ကျနေသည့် သာအောင်တို့ မျက်နှာပျက်သွား ရတော့သည်။

လောင်းကစားလဲဝါသနာပါသည်၊ အရက်လည်းကြိုက်သည်၊ ဒါပေမယ့် သူ့လက်ထဲမှာငွေမကပ်သည့်အတွက် သာအောင်၊ သာ အေး၊ ဇော်ကြီးတို့ကဲ့သို့တော့ ပွဲဝိုင်းမပါဝင်နိုင်။ အရက်ကိုလည်း တစ်ကြိမ်မှသူမတိုက်ရ၊ ကျန်သူငယ်ချင်းသုံးယောက်ကသာ ဝယ်ပြီး တိုက်ခဲ့သည်။

ယခုငွေမြင့်သေတာ သူတို့နက်မကောင်းသလို မိခင်ဖြစ်သူက အော်ဟစ်ပြောဆို ငိုယိုနေသဖြင့် ငွေမြင့်အလောင်းအနီးမှ အောက်သို့ ဆင်းလာပြီး ကနားဖျင်းထိုးရာမှာ ဝိုင်းကူလုပ်ပေးနေကြတော့သည်။

ညနေပိုင်းအခေါင်းသွင်းမည်ဟုဆိုသည်၊ ဆယ်နှစ်နာရီခွဲမှာ ဆုံး သွားသည့်အတွက် တစ်ရက်သာရသေးသည်။ အသုဘကိုသုံးရက် ထားပြီး မြေချသဂြိုလ်မည်ဖြစ်သည်။

သည်ညကစပြီး ဖဲဝိုင်းရှိမည်ဆိုလျှင် သူတို့သုံးယောက်ရိုက်မည်





ဟု တိုင်ပင်ထားကြသည်။

ကနားဖျင်းထိုးပြီး မြေကြီးကိုညှိကာ ဖျာကြမ်းများ၊ လူမှုရေး အသင်းမှသွားသယ်ပြီး ခင်းပေးကြသည်။

ကြားရက်မှာ ဧည့်ခံကျွေးမွေးရန် အိုးခွက်ပုဂံများ သယ်ပေး လိုက်ကြသည်။ ညအချိန် မီးထွန်းရန် မီးစက်ကိုလည်း သယ်ပေး ခဲ့သည်။ လိုအပ်သမျှအားလုံးလုပ်ပေးပြီး အိမ်သို့ ပြန်ခဲ့ကြသည်။

ညနေငါးနာရီခန့် သုံးယောက်သား ငွေမြင့်တို့အိမ်သို့ လာခဲ့ကြ သည်။ အသုဘအိမ်မှာ ဖဲဝိုင်းလုပ်ရန် ဖဲဝါသနာရှင်များစုနေကြသည်။ တစ်ဝိုင်းစာလူပြည့်ပြီဆိုသည်။

အနည်းဆုံးနှစ်ဝိုင်းမှစကာ ကြာရင်သုံးဝိုင်းလေးဝိုင်းခန့် ဖြစ်သွား တတ်သည်။ တောနယ်က အသုဘအိမ်မှာပြုလုပ်သည့် ဖဲဝိုင်းများ ကို လှည့်ပတ်ရှာရိုက်နေသည့် လူများရှိသည်။ ထိုလူများက ဘယ် လောက်ဝေးဝေး ဝိုင်းကောင်းသည်ဟု သတင်းရသည်နှင့် ရောက်လာ တတ်ကြသည်။

သူတို့သုံးယောက်ဖဲရိုက်ရန် ပိုက်ဆံအနည်းငယ် ရှာလာခဲ့သဖြင့် ညရောက်သည်နှင့် ဝိုင်းနှစ်ဝိုင်းမှာမျှပြီး ဝင်ရိုက်လိုက်ကြသည်။

သူတို့တစ်ပွဲနှစ်ပွဲခန့် ပြီးတော့ ဇော်ကြီးနှင့်သာအေးက အခြေ အနေမကောင်း။ သာအောင်က သုံးလှည့်မှာနှစ်လှည့် နိုင်ထားသည်။

ဇော်ကြီးခဏဆိုကာ အပြင်ထွက်လာသည်။ ထိုအချိန် အိမ်ပြင်မှာ ငွေမြင့်ကို အခေါင်းသွင်းပြီး အပြင်ထုတ်ထားပြီးပြီ၊ ဇော်ကြီး အလောင်းစင်နားရောက်သွားသည်။

"သူငယ်ချင်းငွေမြင့် ငါတို့သုံးယောက်ကို ဒီညနိုင်အောင် လုပ်ပေးကွာ၊ နိုင်ရင်အရက်တိုက်မယ် ဟုတ်လား"

ငွေမြင့်ကိုပြောပြီး အခေါင်းကိုပုတ်ကာ ဖဲဝိုင်းဆီပြန်လာခဲ့သည်။ ဝိုင်းထဲဝင်ထိုင်ပြီး ပြန်ဆက်ကစားနေသည်။

နိုင်လိုက်ရှုံးလိုက်နှင့် မနက်ဝိုင်းသိမ်းတော့ သုံးယောက်သား နဂိုအိမ်ကပါလာသည့် ပိုက်ဆံထက် တစ်ဆနီးပါးနိုင်ကြသည်ကို တွေ့ရသည်။

"တောက်ခွေးကောင်၊ ငါတို့သုံးယောက်ကို များများစားစားနိုင် အောင် လုပ်ပေးတာမဟုတ်ဘူး၊ မဆို့မပို့ စီလောက်ပဲနိုင်တယ်"

"နိုင်လို့တော်သေးတာပေါ့ ဒါတိုင်းသုံးယောက်လုံး နိုင်မှုလို့လား ကဲ ... အိမ်ပြန်အိပ်ကြမယ်၊ ညခုနှစ်နာရီလောက်မှ ဖဲဝိုင်းကို ပြန်လာခဲ့မယ်"

"ဟေ့ ဇော်ကြီးနဲ့သာအေး ညနေသုံးနာရီလောက် ကိုကျော်မြင့် အရက်ဆိုင်မှာ ဆုံကြမယ်"

"ဟာ ... ဟုတ်တယ်၊ ဆုံကြမယ်၊ ငါငွေမြင့်ကို အရက်တိုက်





ရဦးမယ်၊ ညကျရင် များများနိုင်အောင် လုပ်ပေးဖို့ပြောရမယ်"

"မင်းကွာ မကြောက်မလန့်နဲ့"

"ဘာကြောက်စရာရှိလို့လဲ၊ ဒီကောင်က နို့သူငယ်ချင်းအရင်းကြီး ပဲ၊ သူမသေခင်ကတည်းက တို့ပြောချင်သလိုပြော စချင်သလိုစခဲ့တာ၊ အခုနိုင်အောင်လုပ်ပေးမှ အရက်တိုက်မယ်လို့ ပြောရမယ်"

"ဇော်ကြီးကတော့ မဟုတ်မဟတ်တွေ လျှောက်လုပ်နေပြန်ပါ ပြီ၊ ငါတော့ကြောက်တယ်"

"သာအောင် ကြောက်ရင်အေးအေးနေ၊ ငါညက နို့သုံးယောက် လုံးနိုင်အောင် လုပ်ပေးဖို့ပြောခဲ့တာကွ"

"ညကျရင်လုပ်မနေပါနဲ့ ကဲငါတို့ လမ်းခွဲကြမယ်၊ နေ့ခင်းသုံး နာရီမှာ အရက်ဆိုင်ကို အားလုံးလာခဲ့ကြ"

သုံးယောက်သားလမ်းခွဲခဲ့ကြသည်။

သုံးနာရီခွဲခန့် ကိုကျော်မြင့်အရက်ဆိုင်ကို သာအေးနှင့်သာအောင် ရောက်လာသည်။ ဆယ်မိနစ်ကြာတော့ ဇော်ကြီးရောက်လာသည်။

"မင်းတို့သောက်နေပြီလား"

"မသောက်ရသေးဘူး၊ စကားထိုင်ပြောနေတာ"

အရက်တစ်ပုလင်းနှင့် ဖန်ခွက်လေးလုံးမှာလိုက်သည်။

"တစ်လုံးက ဘာလုပ်မလို့လဲ"

"ငွေမြင့်အတွက်လေကွာ၊ ဒီကောင်ကိုညကပွဲမှာ နိုင်အောင်လုပ်ပေးရင် အရက်တိုက်မယ်လို့ ပြောထားတယ်၊ ဒါကတိအတိုင်း သူ့အတွက် အရက်ထည့်ပေးထားမလို့"

"ဒီကောင်နို့နဲ့လိုထိုင်မှာမဟုတ်ပါဘူး၊ အခုဘယ်ရောက်နေမှန်းတောင် မသိနိုင်ဘူး"

"ဒါက်"

"ဟင်"

သာအေးစကားမဆုံးခင်မှာပဲ ခေါင်းကိုဘီးစေ့တစ်စေ့လာမှန်သည်။ အားလုံးမျက်စေ့ပြူးသွားသည်။

"ဒီကောင်က အရက်သောက်တိုင်းမူးတဲ့အကောင် မဟုတ်ဘူး၊ အရက်လည်းကြိုက်တယ်၊ သူတို့ဗုံးထဲရောက်နေပြီ၊ မင်းဘေးကခုံမှာ ထိုင်နေတာဖြစ်မယ်"

စားပွဲမှာထိုင်ခုံလေးလုံးရှိသည်။ သူတို့သုံးယောက်ထိုင်တော့ တစ်ခုံလွတ်နေသည်။ ဇော်ကြီးက သာဓိအေး၏ဘေးမှာ ငွေမြင့်ရှိသည်ဟု ပြောသည်။

အရက်တစ်ပုလင်းနှင့် ဖန်ခွက်လာချပေးသဖြင့် ဖန်ခွက်လေးခွက်ထဲ အရက်များထည့်လိုက်သည်။

ကန်စွန်းရွက်ကြော်နှင့် ကြွက်ကြော်တစ်ပုဂံစီ လာချပေးသည်





"ဒါတို့ရောက်လာကတည်းက ကြွက်ကြော်ရှိတယ်ဆိုလို့ မှာထားတာ"

"ငွေမြင့် မင်းရောက်နေတယ်ဆိုရင် အရက်ခွက်ထဲက အရက်ကုန်သွားအောင် သောက်ပြကွာ ပြီးတော့ အမြည်းလည်းယူစား"

သူတို့သတိထားနေလို့လားမသိ။ အရက်ခွက်ထဲက အရက်အမြဲအနေမပျက်ရှိနေသည်။

သူတို့တစ်ခွက်ကုန်သည့်အထိ အရက်ခွက်ထဲ အရက်လျော့မသွားသေး။

တစ်ခွက်စီကုန်တော့ နောက်တစ်ခွက်ထည့်သည်။ သုံးယောက်သားအရက်ဝင်သွားပြီဆိုတော့ စကားတွေ မျိုးစုံပြောကြတော့သည်။

"ဟော့ ... ဇော်ကြီး ဟိုကောင့်အရက်ခွက်ကိုကြည့်လိုက်စမ်း"

"ဟာ ... အရက်တွေမရှိတော့ဘူး၊ ဒို့အလစ်မှာ ယူသောက်လိုက်တာပဲ"

"ကောင်းတယ် သူငယ်ချင်း မင်းသောက်ချင်တဲ့ အချိန်သောက်"

ဇော်ကြီးကပြောပြီး နောက်ထပ်အရက်ခွက်ထဲ အရက်ထပ်ငှဲ့ပေးလိုက်သည်။

"အမြည်းစား သူငယ်ချင်း"

ထိုအခါမှပင် ငွေမြင့်လက်ရာကို မြင်တော့သည်။ ကြွက်ကြော်

အမြည်းပန်းကန်က ဖြိုက်ကနဲ့ ကုန်သွားသည်။

"တကောင် တုတ်လှချည်လား၊ ငါတို့အတွက်လည်း ချန်ဦးမှပေါ့"

"ဒီကောင်ကြွက်ကြော် ကြိုက်တယ်၊ နောက်ထပ်တစ်ပွဲသာ မှာပေးလိုက် သာအောင်"

"ကြွက်ကြော်တစ်ပွဲပေးဦးဗျို့"

ခဏနေတော့ ကြွက်ကြော်တစ်ပုဂံရောက်လာသည်။

"ဒါအကုန်ပဲဗျို့၊ အခြားဝိုင်းတွေကမှာလို့ ချပေးလိုက်တာ ကံကောင်းလို့ ဒီတစ်ပွဲစာကျန်တာ"

"ကုန်ပြီဆိုတော့လည်း ရှိတာပဲစားရတော့မှာပေါ့"

"ငွေးမြင့်သောက်လည်းသောက် စားလည်းစား၊ ညကျရင် ဖဲဝိုင်းနိုင်အောင်လုပ်ပေး တုတ်လား"

ဒုတိယအမြည်းပန်းကန်လည်း အရက်တစ်ပုလင်းအကုန်မှာ တစ်ပြိုင်တည်း ကုန်သွားသည်။

မြေပဲလှော်မှာပြီး အမြည်းလုပ်သည်။ ငွေးမြင့်က လေးခွက်ခန့် ကုန်အောင်သောက်ပြီး ဆက်မသောက်တော့သည်ကို တွေ့ရသည်။

သူတို့သုံးယောက် နှစ်ပုလင်းနှင့်တစ်ဝိုင်းကုန်မှ အရက်ဆိုင်မှ ထကြသည်။ အချိန်က ခြောက်နာရီကျော်ပြီ၊ ပိုက်ဆံရှင်းပြီး





အသုဘအိမ်သို့ ထွက်လာခဲ့ကြသည်။

အသုဘအိမ်ရောက်တော့ အောက်လင်းဓာတ်မီးများထွန်းပြီး ဖဲဝိုင်းနှစ်ဝိုင်းဖြစ်နေသည်။

ကျဘိုတာနှင့်မောင်းသည့် မီးစက်ကပြီးခဲ့သည့် ညမိုးလင်းဝိုင်းမှာ ဘာကြောင့်မှန်းမသိ ထိုးရပ်သွားသည်။

ဝိုင်းကိုရပ်ထားပြီး မနီးမဝေးမှာရှိသည့် လူမှုကူညီရေးအသင်းသို့ သွား အောက်လင်းဓာတ်မီး သုံးလုံးဆွဲလာရသည်။ ယခုမီးစက်ပြန် မကောင်းသေးဘူး ထင်သည်။

ဖဲဝိုင်းက ညဦးနက်လေလေ ဝိုင်းကောင်းလေပင်။ ဒီညပြီး နောက်နေ့အသုဘသုံးရက်ပြည့်ပြီမို့ မြေချသင်္ဂြိုလ်တော့မည်။

ဖော်ကြီးတို့သုံးယောက် ပြီးခဲ့သည့်ညကကဲ့သို့ပင် နိုင်လိုက်ရှုံး လိုက်နှင့် ဖြစ်နေသည်။ မိမိရရအချိုကြီးမရသေး၊ သူတို့ကလည်း ပိုက်ဆံအခြေအနေကြည့်ပြီး လိုက်သည်။

မလိုက်နိုင်လျှင် ရပ်ထားလိုက်သည်။ နောက်ပွဲအတွက် ချင့်ချိန် ရသေးသည်။

ထိုအချိန်မှာပဲ သူတို့သားဝိုင်းမှ ဖဲမိုးသည်ဆိုပြီး ရန်ပွဲဖြစ်တော့ သည်။

သို့ကြောင့် ကိုယ့်ငွေကိုယ်ပြန်သိမ်းပြီး ပွဲကိုရပ်ကာ ဝိုင်းမှထ

လိုက်ကြသည်။

ရန်ပွဲကသေးမလာပဲ ရိုက်ပွဲအသွင်ဖြစ်သွားသည်။ လူကြီးတွေ ရောက်လာပြီး ဖဲဝိုင်းမလုပ်ရန် တားမြစ်လိုက်သည်။

လူသုံးလေးယောက် ခေါင်းကွဲသွားသည်။ တစ်ယောက်က လက်ကျိုးသွားသည်။

ထိုသူများကို လူကြီးများခေါ်သွားကြသည်။ နောက်ဆုံးအသုဘ အိမ်မှာ သူတို့သုံးယောက်အပြင် မကင်းရာမကင်းကြောင်း လေးငါး ယောက် ကျန်ခဲ့သည်။

ထိုအထဲမှာ ဖဲဒိုင်ကိုင်သူနှင့် ထိုးသားနှစ်ယောက်ပါရှိနေသည်။ ထိုသုံးယောက်က အခြားရွာမှလာရိုက်သူများဖြစ်၍ အချိန်က သုံးနာရီ သာသာရှိသေးသဖြင့် မပြန်ပဲထိုင်နေကြသည်။

ထိုအခါ တစ်ဖက်ဝိုင်းမှ လိမ်ရိုက်သည့်အကြောင်း ပြောဆိုနေ သည်။

"အား ... အား ... သရဲ ... သရဲငွေးမြင့် သရဲ"

ခြံထောင့်မှ အသက်နှစ်ဆယ်လူရွယ်တစ်ယောက် အော်ဟစ်ပြီး ကနားဖျင်းအောက်ထဲ ပြေးဝင်လာသည်။

"ကျွန် ... ကျွန်တော်အပေါ့သွားတုန်း ခြေသံကြားလို့ လှည့်ကြည့်တာ အနားမှာကိုငွေးမြင့် ရပ်နေတာတွေ့လိုက်တယ်"





"ဟုတ်လို့လားကွာ"

"ဟုတ်ပါတယ်ဆို ကိုငွေးမြင့်မှ ကိုငွေးမြင့်အနားမှာ ရပ်နေတာ အသေအချာမြင်လိုက်ရတယ်"

"သေသူကသေပြီ ကြောက်စရာမလိုပါဘူးကွာ"

"ကိုဇော်ကြီးက သူငယ်ချင်းဆိုတော့ ဘယ်ကြောက်မှာလဲ"

"ဒီကောင်က ငယ်နိုင်ပါ၊ ဘယ်လောက်ခြောက်ခြောက် ငါ မကြောက်ဘူး၊ ညကတောင် သူ့အခေါင်းသွားပုတ်ပြီး ဖဲဝိုင်းမှာ နိုင်အောင်လုပ်ပေးနိုင်းခဲ့သေးတယ်"

"နိုင်လား"

"မသိသေးဘူး၊ နည်းနည်းနိုင်ပဲနိုင်သေးတယ်လို့ ထင်တာပဲ၊ သူက ဝိုင်းသိမ်းကာနီးမှ အချိုကြီးရအောင်လုပ်ပေးမှာ"

"ဒီထက်ခင်ဗျားနာမည် ဘယ်သူလို့ခေါ်လဲ"

"သူတို့ဝိုင်းမှာ နိုင်လုပ်ခဲ့သူကမေးသည်"

"ဇော်ကြီးပါ"

"ကိုဇော်ကြီးက သရဲမကြောက်တတ်ဘူး ဟုတ်လား"

"တကယ်ပြောရရင် သရဲမကြောက်တာအမှန်ပါ၊ အခုသေသွား တဲ့ ငွေးမြင့်ဆိုပိုပြီး မကြောက်သေးတယ်"

"တကယ်မကြောက်တာလား"

"မကြောက်ပါဘူးဆို"

"ဒါဆို အလေလောင်းအစား တစ်ခုလုပ်မလား"

"ပိုက်ဆံကြေးဆိုလုပ်မယ်"

"ပိုက်ဆံကြေးပဲ လုပ်မှာပါ၊ ကျုပ်တစ်သောင်းလောင်းမယ်၊ ကျုပ်နိုင်းတဲ့အတိုင်းလုပ်နိုင်ရင် နေ့ဆယ်နှစ်နာရီတိတိမှာ ပိုက်ဆံလာယူပါ"

"ခင်ဗျားရှုံးရင် အစုစင်ဗျားအိပ်ထဲက ပိုက်ဆံ ကျုပ်ကိုပေးရမယ် ဘယ်လိုလဲ"

"ဟာ စိတ်လိုက်ဖြစ်တာပေါ့"

ဇော်ကြီးက သူ့အိတ်ထဲမှာရှိသမျှပိုက်ဆံ ဆွဲထုတ်လိုက်သည်။ ပိုက်ဆံသုံးထောင့်ငါးရာ ရှိနေသည်။

ထိုအချိန် ဝန်ထမ်းတစ်ယောက်လစာ တစ်လသုံးရာကျော်ရသော အချိန်သူနိုင်ထားသော ပိုက်ဆံက အတော်များနေသည်။

သို့ထက်ပိုများသည်က သူနိုင်းသည့်အတိုင်းလုပ်နိုင်လျှင်ရမည့် တစ်သောင်းကပိုပြီး ဆွဲဆောင်မှုရှိနေသည်။

"ဘာလုပ်ရမှာလဲ"

"အစုအခေါင်းထဲမှာ သေသူအတွက်ထည့်ပေးထားတဲ့ သေသူ့ရဲ့ အင်္ကျီကိုသွားပြီး ဝတ်ထားရဲလား၊ နေ့ဆယ့်နှစ်နာရီ အသုဘချတဲ့





အချိန်ထိလေ"

"ဟာ ... ဘာခက်တာမှတ်လို့ အလွယ်လေး၊ အခုသွားဝတ်ရမှာလား"

"အခုဝတ်ထားရင် မိဘတွေမြင်လို့ စိတ်မကောင်းဖြစ်ဦးမယ်၊ အိမ်ပြန်မယ်ဆိုမှ ယူဝတ်သွားပေါ့၊ နေ့ခင်းအထိ မချွတ်ရဘူး"

"ခင်ဗျားလိုက်ကြည့်နေမလား"

"မကြည့်ပါဘူး၊ ခင်ဗျားချွတ်မထားဆိုတာ ယုံပါတယ်၊ ခင်ဗျားသူငယ်ချင်းနှစ်ယောက်ကတော့ ခင်ဗျားနဲ့အတူတူရှိနေမှာပေါ့"

"အသုဘချတာနဲ့ ယူဝတ်ထားတဲ့ အင်္ကျီအပေါ်က ခင်ဗျားကိုယ်ပိုင်အင်္ကျီကိုထပ်ဝတ်ပြီး ဒီကိုပြန်လာခဲ့၊ အသုဘနဲ့အတူ သင်္ချိုင်းကိုလိုက်သွားကြမယ်"

"အဲဒီအချိန်ထိ ခင်ဗျားကိုယ်ပေါ်မှာ အင်္ကျီရှိသေးရင် ပိုက်ဆံတစ်သောင်းပေးလိုက်မယ်"

"ကောင်းပြီ၊ သဘောတူတယ်"

"ရော့ ကျုပ်ရဲ့ပိုက်ဆံတစ်သောင်း၊ ခင်ဗျားသုံးထောင့်ငါးရာထုတ်လိုက် ခင်ဗျားယုံကြည်ရတဲ့လူဆီမှာ နှစ်မျိုးလုံးအပ်ထား"

သို့ဖြင့် ပိုက်ဆံကို အနီးမှာရှိသည့် ကိုသာအေးထံမှာ အပ်ထားသည်။

ငါးနာရီခွဲတော့ ဇော်ကြီးအခေါင်းအနီးသွားကာ အဖုံးကိုလှပ်ပြီး အခေါင်းတွင်ထည့်ပေးထားသော အကျီကိုယူဝတ်လိုက်သည်။ အပေါ်မှသူ့အကျီထပ်ဝတ်လိုက်သည်။

ဝတ်ပြီးသည်နှင့် လက်မထောင်ပြကာ သုံးယောက်သားရွာထဲသို့ ဝင်လာခဲ့ကြသည်။

"ဟော့ကောင် ဇော်ကြီးဖြစ်ပုံမလား။ မလုပ်သင့်တာတွေ လျှောက်လုပ်နေတယ်"

"ဘာကြောက်စရာရှိလို့လဲ၊ နို့သူ့ဟယ်ချင်းပဲ၊ သူ့ပစ္စည်းငါယူဝတ်၊ ငါ့ပစ္စည်းသူယူဝတ်ခဲ့ကြတာပဲ၊ အထူးအဆန်းမဟုတ်ပါဘူး"

"အခုကထူးတယ်၊ သူကသေနေပြီလေ"

ထိုစဉ် သူတို့အနီးမှ ပုပ်အဲ့အဲ့အနံ့ကြီး ရုတ်တရက်ရလိုက်သည်။

"ဟာ ... နံလိုက်တာကွာ၊ ခွေးသေကောင်ပုပ်နဲ့ ပိုပြီးဆိုးတဲ့ အနံ့ကြီးကွ"

"ဟိုကောင် ငွေမြင့်များ သူ့အကျီပြန်လိုက်တောင်းတာလား မသိဘူး"

"မဟုတ်တာကွာ ဘယ် ... ဘယ် ... ဟင်"

"ဘာတွေ့လို့လဲ ဇော်ကြီး"

"သ ... သရဲငွေမြင့် ငါ့ဘေးမှာရောက်နေတယ်"





"ငါတို့တော့ မမြင်ဘူး"

"ဟော ... ပျောက်သွားပြန်ပြီ"

"မင်း ယူဝတ်ထားတဲ့အကျီကို လာတောင်းတာဖြစ်မယ်၊ သွား ပြန်ပေးလိုက်ကွာ"

"ပေးလို့မဖြစ်ဘူး၊ ငွေတစ်သောင်းရရင် အိမ်နဲ့ခြံဝယ်လို့ရတယ်၊ နံမယူချင်လည်း ရသေးတယ်"

"ဟာ ... ဟိုရှေ့မှာ ငွေမြင့် ရပ်နေပြန်ပြီ၊ ဒီကောင်နို့ကို တ်ဆက်မလို့လား မသိဘူး"

"ဟော့ကောင် မင်းအိမ်မင်းပြန် ငါနေ့ခင်းကျမှမင်းအကျီကို ချိုင်းမှာ လာပြန်ပေးမယ်"

"ဘာ ... မပြန်ဘူးဟုတ်လား"

"ဇော်ကြီး ဘယ်ကောင်မှမရှိပဲ ဘာတွေပြောနေတာလဲ"

"ရှိတယ် ငွေမြင့် ငါနဲ့မလှမ်းမကမ်းမှာ ရပ်နေတယ် သူ့ကိုယ် အပုပ်နံ့မရဘူးလား"

"မရဘူး မင်းရလား"

"ရတယ် နံဟောင်နေတာပဲ"

"ငါ့အကျီပြန်ပေး"

"မပေးဘူးကွာ ,နေ့ခင်းကျမှပေးမယ်"

"ဟော့ကောင် ငွေးမြင့် … မလုပ်နဲ့ … မယူနဲ့"

"ဟာ … ဟာ … မင်းငါ့အနားမကပ်နဲ့"

"ဖော်ကြီးပြန်ပေးလိုက်ပါကွာ၊ ပိုက်ဆံတစ်သောင်းကို မက်မနေနဲ့"

"သူပိုက်ဆံမရတာ အရေးမကြီးဘူး၊ ငါကြောက်လန့်ပြီး ပြန်ပေးလိုက်ရင် ငါရှုံးပြီ ငါ့ပိုက်ဆံသူရသွားပြီ"

"လူတစ်ခုခုဖြစ်သွားမှာထက် ပိုက်ဆံကပိုအရေးမကြီးပါဘူး ပေးလိုက်ပါ"

ပေးလိုက်ပါဟုပြောနေရသော်လည်း မည်သူ့ကိုမှမမြင်ကြရ။

"ဟာ … ငွေးမြင့် မင်းနဲ့ငါသူငယ်ချင်းပါ၊ မင်းအကျီငါအပိုင်မယူပါဘူး၊ ခဏလေးပါ၊ သချိုင်းထဲအထိ ပြန်လာပို့ပေးမှာပါ"

"အား … အား … အား … အမလေး"

သရဲဝိညာဉ်က မပေးဘူးဟု အတင်းငြင်းဆိုနေသဖြင့် ဖော်ကြီးထံမှ အတင်းဆွဲချွတ်တော့သည်။

"ဟာ … ဟာ … ငွေးမြင့် ငါကြောက်ကြောက်ပါပြီ မင်းအကျီမင်းပြန်ယူပါတော့"

ပြောရင်း အော်ဟစ်ရင်းကနေ ပစ်လဲကျသွားသဖြင့် ဖော်ကြီး အကျီအောက်မှာရှိသော ငွေးမြင့်၏အကျီကို ကြည့်လိုက်သည်။





"ဟာ … အောက်မှာဝတ်ထားတဲ့ အကျီမရှိတော့ဘူး"

အိမ်နှင့်သိပ်မဝေးသဖြင့် သာအောင်နှင့်သာအေးတို့က ဖော်ကြီးကို ပခုံးနှစ်ဖက်မှလျှိုကာ အိမ်သို့သယ်သွားကြသည်။ အိမ်ရောက်သော်လည်း ခေါ်မရ မေးမရ၊ ကြောင်စီစီဖြစ်နေသည်။

ထိုနေ့ဆယ်တစ်နာရီခန့် သာအောင်နှင့် သာအေးတို့ နာရေးအိမ်သို့ရောက်သွားသည်။ အလောင်းအစားလုပ်သူအား အကျီးအကြောင်း ပြောပြလိုက်သည်။

ထိုလူကလည်း သူ့အတွေ့အကြုံကိုပြောပြသည်။ ထိုကဲ့သို့ အကြောင်းအရာတူမျိုး အသုဘတစ်ခုမှာ အလောင်းအစားလုပ်ဖူးကြောင်း၊ သူ့အကျီယူဝတ်သွားသူအား မြောက်လှန့်ပြီးပြန်ယူခဲ့သည့်အတွက် ထိုလူသေဆုံးသွားသည့် အကြောင်းပြောပြသည်။ ထိုအဖြစ်ကို သိနေပါလျက်နှင့် …

မလောင်းသင့်တာကို လောင်းလိုက်မိလို့ စိတ်မကောင်းကြောင်း သူ့ငွေသုံးထောင့်ငါးရာကိုလည်း မယူချင်တော့ကြောင်း ပြောသဖြင့် ဖော်ကြီးကိုယ်စား ကျေးဇူးတင်ကြောင်းပြောလိုက်သည်။

ထူးခြားသည်က အလောင်းမြေမချခင် အခေါင်းအဖုံးဖွင့်ပြီး ဆွေမျိုးသားချင်းများကို နောက်ဆုံးအခေါင်းထဲမှ ဖော်ကြီးယူဝတ်လိုက်သောအကျီက ခေါက်လျက်လေးအတိုင်း

မြန်ရောက်နေသည်ကို သာအောင်ရော သာအေးပါတွေ့လိုက်ကြ သည်။ ငွေးမြင့်၏ နာရေးကိစ္စရက်လည်သပိတ်သွပ်ပြီး နောက်ပိုင်း ဇော်ကြီးပုံမှန်ပြန်ဖြစ်သွားတော့သည်။

×××××

ကျေးဇူးတင်စွာဖြင့်
ဇကာန်မင်း